# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၁၀ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၆၁)


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၅)**

# ကာကွယ်ရေးကို ပိုမိုကျယ်ပြန့်သည့် လုံခြုံရေးအနေအထားအရ စီမံခန့်ခွဲခြင်း သင်တန်းမှ သင်တန်းနည်းပြနှင့် သင်တန်းသားများ၏ ညစာစားပွဲကျင်းပ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာကွယ်ရေးကိုပိုမိုကျယ်ပြန့်သည့် လုံခြုံရေးအနေအထားအရ စီမံခန့်ခွဲခြင်းသင်တန်းမှ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၏ ညစာစားပွဲအခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

**နေပြည်တော်  မတ်  ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညနေပိုင်းတွင် ကာကွယ်ရေးကိုပိုမိုကျယ်ပြန့်သည့် လုံခြုံရေးအနေအထားအရ စီမံခန့်ခွဲခြင်းသင်တန်း (Management of Defence in the Wider Security Context)မှ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၏ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားကျင်းပသည့် Kempinski ဟိုတယ်သို့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး ဗြိတိန်နိုင်ငံ ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းနည်းပြများနှင့် မြန်မာနိုင်ငံမှ သင်တန်းသားများအား ရင်းရင်းနှီးနှီး တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❀

# စာအုပ်ဈေးတန်း၊ စာတမ်းဖတ်ပွဲများနှင့် စာပေလောကအတွက် တောက်ပသည့်အနာဂတ်များ

စာမျက်နှာ- ၈၊ ၉






မြန်မာ့အလင်း

# စာပေလှုပ်ရှားမှုများ၏ အချက်အချာ

တစ်ခေတ်တစ်ခါက ရန်ကုန်မြို့၏ စာအုပ်ဈေးတန်းခင်းကျင်းရာလမ်းမှာ ပန်းဆိုးတန်းဖြစ်သည်။ လမ်း၏ တစ်ဖက်တစ်ချက် သစ်ပင်ရိပ်ကောင်းကောင်းနှင့် ပလက်ဖောင်းကျယ်ကျယ်၌ သုတရသစာအုပ်မျိုးစုံ၊ တိုက်ကျ လကျော် မဂ္ဂဇင်းမျိုးစုံ၊ ဂန္ထဝင်စာအုပ်၊ ရှားပါးစာအုပ်မှုရင်းမိတ္တူမျိုးစုံ၊ အိပ်မက်တိတ္ထံနှင့် အသားလှုပ်နိမိတ်ကျမ်းဟုဆိုသောစာအုပ်မျိုးမှသည် ဇိနတ္ထပကာသနီကျမ်းကဲ့သို့သော စာအုပ်မျိုးအထိ အမျိုးမျိုးအဖုံဖုံ ပုံထား၊ ထပ်ထား၊ ထောင်ထားသော စာအုပ်များစွာတို့ကို ပလက်ဖောင်းပေါ်၌ ငုတ်တုတ်ထိုင်ကာ စာမြည်းရင်း၊ လိုချင်သောစာအုပ်ကို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ရှာဖွေရင်း စာအုပ်စာပေရောင်းသူဝယ်သူများနှင့် ပန်းဆိုးတန်းလမ်း စာအုပ်လောကသည် အတိတ်ကာလက စည်စည်ကားကားရှိခဲ့ဖူးသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ ပလက်ဖောင်းများမှသည် ပန်းဆိုးတန်းလမ်းတစ်လျှောက်အထိ ခင်းကျင်းရောင်းချကြသော စာအုပ်ဟောင်းအရောင်းဆိုင်များမှာ ၃၇ လမ်း အောက်ပိုင်းနှင့် ကုန်သည်လမ်း စာပေဗိမာန်တစ်ဝိုက်၌ အဆုံးသတ်သွားရာ ပန်းဆိုးတန်းစာအုပ်တန်းကို တစ်ခါမွှေလျှင် တစ်နေ့ခင်းခန့်တော့ အချိန်ပေးရတတ်သည်။

ပြောင်းလဲလာသည့် ခေတ်တစ်ခုတွင်မူ ပန်းဆိုးတန်းသည် ပလက်ဖောင်းများ ကျဉ်းမြောင်းသွားသည့် လမ်းမကျယ်ကြီးဖြစ်သွားပြီး ပလက်ဖောင်းစာအုပ်ဆိုင်များ ပျောက်ကွယ်လုမတတ် နည်းပါးသွားခဲ့ကာ စတိုးဆိုင်များကဲ့သို့ ခမ်းခမ်းနားနား ခင်းကျင်းရောင်းချသည့် စာအုပ်ဆိုင်ကြီးများ ပန်းဆိုးတန်းလမ်း၌ ပေါ်ထွက်လာပြန်သည်။ နောက်ပိုင်းတွင် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ဖြန့်ချိရေးလုပ်ငန်း၊ စာအုပ်အရောင်းဆိုင်လုပ်ငန်းတို့မှ ညည်းချင်းအသံများနှင့်အတူ စာအုပ်ဆိုင်ကြီးအချို့လည်း ပန်းဆိုးတန်းမြင်ကွင်းမှ တဖြည်းဖြည်း ပျောက်ကွယ်သွားကြသည်။ မျိုးဆက်သစ်လူငယ်တို့ စာအုပ်စာပေကို စိတ်ဝင်စားခြင်း မရှိတော့။ ကွန်ပျူတာ၊ တက်ဘလက်၊ စမတ်ဖုန်းကဲ့သို့သော ခေတ်ပေါ် နည်းပညာပစ္စည်းများနှင့်သာ နှစ်ပါးသွားကုန်ကြပြီ။ ပုံနှိပ်စာအုပ်များကို စွန့်ပစ်ကာ အင်တာနက်နှင့် လူမှုကွန်ရက်တို့ဖြင့် အချိန်ကုန်နေကြပြီ။ စာတတ်သော်လည်း စာမဖတ်ကြတော့သဖြင့် စာမဖတ်သူ ပပျောက်ရေးဆောင်ရွက်ရန်လိုအပ်လာပြီ စသည် စသည်ဖြင့် ဝေဖန်သုံးသပ်မှုများ စီစီညံညံ ပေါ်ထွက်လာသည်။

ယမန်နှစ်မိုးရာသီ ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲက မြန်မာ့စာပေလောက၏ ရှုခင်းမြင်ကွင်းကို အသစ်တစ်ဖန် ပြောင်းလဲစေခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သော စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲက စာပေလောကသားတို့၏ အတွေးအမြင်တို့ကို အလင်းပွင့်စေခဲ့ပြီး မျှော်လင့်ချက်တို့ကိုလည်း အသစ်တစ်ဖန် ရှင်သန်စေခဲ့သည်။ တစ်ခေတ်တစ်ခါက အိပ်မက်ပင်မက်ရန် မဖြစ်နိုင်သည့် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သော စာတမ်း ၁၈ စောင်၊ ပရိသတ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားချက်များ ပါဝင်သည့် “နိုင်ငံရေး စာပေစာတမ်းများ”စာအုပ်ပထမတွဲနှင့် ဒုတိယတွဲတို့လည်း ခံ့ခံ့ညားညား ပေါ်ထွက်လာသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင်မူ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ကမကထပြုကာ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲကို ကျင်းပနိုင်ခဲ့ပြန်ရာ စာအုပ်ဆိုင်ခန်းပေါင်း ၂၀၀ ကျော်ဖြင့် စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင်ရှိခဲ့သကဲ့သို့ စာတမ်းဖတ်ပွဲမှ စာတမ်း ၁၄ စောင်နှင့် အမေးအဖြေတို့ကို စုဆောင်းပြုစုထားသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းပထမတွဲနှင့် ဒုတိယတွဲတို့ မကြာမီထွက်လာဦးမှာဖြစ်သည်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် စာပေလှုပ်ရှားမှုများ၏ အချက်အချာဖြစ်လာသည်နှင့်အမျှ ရန်ကုန်မြို့၏ စာအုပ်ဈေးတန်းသည်လည်း သိမ်ဖြူလမ်း၏ ခရေပင်ရိပ်များဆီသို့ ရွှေ့ပြောင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။ စနေ၊ တနင်္ဂနွေ စာအုပ်ဈေးတန်း **(Yangon Books Street)** ကို ဆိုင်ခန်းပေါင်း ၁၆၉ ဆိုင်ဖြင့် အပတ်စဉ်ရောင်းချလျက်ရှိပြီး လာမည့် ဧပြီလအထိ ရောင်းချသွားမည်ဟု သိရသည်။ ဌာန၏ ပုံမှန်စာအုပ်အရောင်းဆိုင်ဖြစ်သည့် စာပေဗိမာန်၌ စာပေဗိမာန်စာအုပ်အရောင်းဆိုင်(ရန်ကုန်)ကိုလည်း ခေတ်မီခံ့ခံ့ညားညား တိုးချဲ့ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာပေထုတ်ဝေဖြန့်ချိမှုများ တိုးတက်လာစေရေး၊ ပုံနှိပ်စာပေကို စာဖတ်ပရိသတ်များ ပိုမိုစိတ်ဝင်စားလာစေရေးဟူသော ရည်ရွယ်ချက်များဖြင့် စာပေလှုပ်ရှားမှုများကို ဦးဆောင်ပြုလုပ်ကာ စာပေလောကကို နိုးထစေခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက မြန်မာ့စွယ်စုံကျမ်းများကိုခေတ်နှင့်အညီ ပြင်ဆင်မွမ်းမံပြန်လည်ထုတ်ဝေရေး၊ လူငယ်အကျိုးပြုရှားပါးစာအုပ်များကို ပြန်လည်ထုတ်ဝေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိရာ နှစ်ထောင်းအားရစွာ ကြိုဆိုအပ်ပါကြောင်း။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၉**

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်း

**နေပြည်တော် မတ် ၉**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းကော်မတီအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များအား အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူးက ရှင်းလင်းတင်ပြပြီး လုပ်ငန်းအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် မတ် ၉**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့၌ မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၅/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၅/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၀၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၀၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းနည်းပြများနှင့် သင်တန်းသားများအား နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုသင်တန်းတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးဘက်မှ သင်တန်းသားများပါဝင် တက်ရောက်နေပါကြောင်း၊ မိမိနိုင်ငံတိုးတက်ရန် ယခုကဲ့သို့ ကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိအောင် ဆောင်ရွက်ခြင်းသည် အရေးကြီးပါကြောင်း၊ သင်တန်းဆရာများ၏ သင်ပြသော သင်ခန်းစာများအပြင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး၊ မတူညီသည့်စနစ်များအကြားတွင် မည်သို့ပြေပြစ်အောင် ဆက်ဆံရမည်ဆိုသည့် အကျိုးများကိုလည်း ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ယခုကဲ့သို့ သင်တန်းများတက်ခြင်းအားဖြင့် မိမိတို့နိုင်ငံအတွင်းသာမက ကမ္ဘာ့အလယ်တွင် မိမိတို့၏ သင်တန်းသားများသည် တင့်တင့်တယ်တယ် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့်အတူ ညစာသုံးဆောင်ပြီး သင်တန်း၏ အကျိုးထိရောက်မှု၊ လိုအပ်မှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါသင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၀ ရက်အထိဖြစ်ပြီး ဗြိတိန်နိုင်ငံ ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြများ လာရောက်ပို့ချပေးလျက်ရှိသည်။ သင်တန်းသို့ တပ်မတော်မှ အရာရှိ ၂၂ ဦး၊ ရဲအရာရှိ နှစ်ဦးနှင့် နိုင်ငံ့ဝန်ထမ်းအရာရှိ ခြောက်ဦး စုစုပေါင်း ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာကွယ်ရေးကိုပိုမိုကျယ်ပြန့်သည့် လုံခြုံရေးအနေအထားအရ စီမံခန့်ခွဲခြင်းသင်တန်း မှ သင်တန်း နည်းပြများနှင့် သင်တန်းသားများ၏ ညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

## သံအမတ်ကြီး ဦးစံလွင်အား လစ်သူယေးနီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သြစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစံလွင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် လစ်သူယေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးကိုကိုလတ် ၎င်း၏ ခန့်အပ်လွှာကို ဘာရိန်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ပေးအပ်

**နေပြည်တော် မတ် ၁၀**

ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုလတ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မတ် ၇ ရက်တွင် မာနားမားမြို့၌ ဘာရိန်းနိုင်ငံ ဘုရင်မင်းမြတ် ဟာမစ် ဘင် အစ်စာအယ်လ် ခါလီဖာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းမဲဆန္ဒရှင်များထံမှ ကြိုတင်ဆန္ဒမဲလက်မှတ်များ လက်ခံရရှိ

**ထန်တလန် မတ် ၉**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ထန်တလန်မြို့နယ်၌ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းမဲဆန္ဒရှင်များဖြစ်သော မုံရွာပညာရေးကောလိပ်မှ မဲဆန္ဒရှင်ငါးဦး၏ ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ် ငါးခုကို မတ် ၉ ရက်တွင် ထန်တလန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ခံရရှိရာ ညနေ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ သုံးပါတီ၏ ကိုယ်စားလှယ်များရှေ့မှောက်၌ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ ကြိုတင်ဆန္ဒမဲပုံးတွင် ထည့်သွင်းပြီး အဆိုပါကြိုတင်မဲပုံးကို ထန်တလန်မြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်၌ ထိန်းသိမ်းထားကြောင်း သိရသည်။

ထန်တလန်မြို့နယ်၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲသည် လစ်လပ်လျက်ရှိသော အမျိုးသားလွှတ်တော်တစ်နေရာအတွက်ဖြစ်ပြီး မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းမဲဆန္ဒရှင် ၁၇ ဦးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ထုတ်ပေးကာ ယနေ့အထိ ကြိုတင်ဆန္ဒမဲလက်မှတ် ငါးစောင် ပြန်လည်လက်ခံရရှိသဖြင့် ၁၂ စောင် လက်ခံရရှိရန် ကျန်နေသေးကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**( မြို့နယ် ပြန် / ဆက် )**

## ကော်မတီအနေဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးနိုင်ရန် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းဆိုသည့် ခေါင်းစဉ်နှစ်ခုကို ချမှတ်ထား

**ဦးမျိုးဝင်း**



ဦးမြင့်စိုး



ဦးမျိုးဝင်း

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ လုပ်ငန်းကော်မတီများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

အဆိုပါ လုပ်ငန်းကော်မတီများ၌ ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ စကားသံများကို ယခုလို ကြားသိရသည် -

**ဦးမျိုးဝင်း (လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင်)**

"ဒါက ကျွန်တော်တို့ လုပ်ငန်းကော်မတီရဲ့ ပထမအကြိမ် အစည်းအဝေးဖြစ်ပါတယ်။ အခုကျင်းပနေတဲ့ လုပ်ငန်းကော်မတီ ငါးခုအနက် လုံခြုံရေးကဏ္ဍဆိုင်ရာကော်မတီရဲ့ ဆွေးနွေးမှုသီးခြားအခြေအနေတစ်ခု ဖြစ်ပါတယ်"ဟု လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီဝင် ဦးမျိုးဝင်းက ပြောသည်။

**ထူးခြားမှုအနေအထား**

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် မြေယာကဏ္ဍတို့သည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများက တင်သွင်းလာသည့် ဆွေးနွေးမှုများကို စုစည်းပြီး ယခု ကျင်းပနေသည့် လုပ်ငန်းကော်မတီအဆင့်တွင် ဆက်လက်ဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးကဏ္ဍအနေဖြင့် ထူးခြားမှုအနေအထားအရ အမျိုးသားအဆင့် ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ခြင်းမရှိကြောင်း၊ ဆွေးနွေးသည့်ကဏ္ဍမရှိသည့်အတွက် ယခုကျင်းပသည့် လုပ်ငန်းကော်မတီ အဆင့်တွင် စတင်ဆွေးနွေးရခြင်းဖြစ်ကြောင်း ဦးမျိုးဝင်းက ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ ပြည်ထောင်စုအဆင့်က ဒီကိစ္စတွေ ဆောင်ရွက်ဖို့အတွက် စတင်ဆွေးနွေးနေတဲ့ အနေအထားမှာပဲ ရှိပါသေးတယ်"ဟု ဦးမျိုးဝင်းက ပြောသည်။

**ဆွေးနွေးဖလှယ်**

ကော်မတီအနေဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးနိုင်ရန် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းဆိုသည့် ခေါင်းစဉ်နှစ်ခုကို ချမှတ်ထားကြောင်း၊ အဆိုပါခေါင်းစဉ်များအနက် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ခေါင်းစဉ် နှင့်စပ်လျဉ်း၍ အစုအဖွဲ့ဝင်များ၏ သဘောထားများကို ဆွေးနွေးဖလှယ်နေသည့် အဆင့်တွင်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ခေါင်းစဉ်အောက်တွင် အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ သုံးခုက စာတမ်းများ တင်သွင်းထားကြောင်း၊ အဆိုပါ စာတမ်းများနှင့် စပ်လျဉ်း၍ ယခုကျင်းပနေသည့် ကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ချက် ချမှတ်သွားမည်မဟုတ်ကြောင်း၊ ယင်းစာတမ်းများ၏ တူညီသည်များနှင့် မတူညီသည်များကို စုစည်းနိုင်ရန် ဆွေးနွေးပြင်ဆင်နေခြင်းဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

**ဦးမြင့်စိုး (မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင်)**

"မြေယာနဲ့ ပတ်သက်တဲ့အပိုင်းမှာ မြေယာဆိုင်ရာ မူဝါဒ၊ သဘာဝပတ်ဝန်းကျင်၊ သယံဇာတဆိုင်ရာနဲ့ပတ်သက်တဲ့ မူဝါဒဆိုပြီး နှစ်ခုရှိပါတယ်။ အဲ့ဒီအထဲကနေပြီး ဖက်ဒရယ်နဲ့ဆိုင်တဲ့ မူဝါဒကိုထုတ်ပြီး စာတမ်းတစ်ခု ပြုစုပေးမှာပါ"ဟု မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီဝင် ဦးမြင့်စိုးက ပြောသည်။

ကော်မတီအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ စာတမ်းများကို စိစစ်ပြီးဖြစ်ကြောင်း၊ ပအိုဝ်းနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တင်သွင်းသည့် စာတမ်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ ကော်မတီအနေဖြင့် လူမျိုးအလိုက်၊ ဒေသအလိုက် တင်သွင်းလာသည့် စီးပွားရေးကဏ္ဍဆိုင်ရာ စာတမ်းများကို အဓိကထား၍ စိစစ်နေကြောင်း၊ ထို့ပြင် မြေယာမူဝါဒဆိုင်ရာ ပညာရှင်များ လိုအပ်ပါကလည်း ခေါ်ယူဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထည့်သွင်းသွားမည်**


ကော်မတီသို့ တင်သွင်းလာသည့် စာတမ်းများအား စိစစ်ရာတွင် အဆင့် သုံးဆင့်ခွဲ၍ ဆောင်ရွက်နေကြောင်း၊ အဆင့်(၁) မူဝါဒရေးရာကိစ္စရပ်များ၊ အဆင့်(၂) စီမံခန့်ခွဲမှုနှင့် ဥပဒေပိုင်းကိစ္စရပ်များ၊ အဆင့်(၃) အငြင်းပွားမှုကိစ္စရပ်များ ဟူ၍ ခွဲခြားထားကြောင်း၊ အငြင်းပွားမှုကိစ္စရပ်များဆိုသည်မှာ NCA တွင် ပါဝင်သည့် အချက်များ၊ မူဘောင်ရေးဆွဲမှုတွင် ပါဝင်သည့်အချက်များနှင့် ကိုက်ညီမှုမရှိသည့်အချက်များကို စိစစ်ရကြောင်း၊ ကိုက်ညီမှုမရှိသည့်အချက်များကို အဆုံးအဖြတ်ပေးနိုင်ရန်အတွက် UPDJC သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း၊ ထို့အတူ တင်သွင်းသည့် စာတမ်းများထဲမှ ကိုက်ညီသည့် အချက်များကို မြေယာမူဝါဒ၌ ထည့်သွင်းသွားမည်ဖြစ်ကြောင်း ဦးမြင့်စိုးက ပြောသည်။

"ဒီနေ့ကျင်းပနေတဲ့ လုပ်ငန်းကော်မတီအစည်းအဝေးတွေက ရရှိလာတဲ့ ဆွေးနွေးချက်တွေကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့က ပြန်ပြီးစိစစ်ဆေးမယ်။ စိစစ်ဆေးပြီးရင် UPDJC ကတစ်ဆင့် (၂၁) ရာစု ပင်လုံညီလာခံကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

**တွေ့ဆုံမေးမြန်း - သူရဇော်၊ သက်သက်ပိုင်(သတင်းစဉ်)**

**ဓာတ်ပုံ - ထိန်နန်နေ၁(သတင်းစဉ်)**

# မြန်မာ-ကမ္ဘောဒီးယား တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Gen. Tea Banh တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**နေပြည်တော် မတ် ၉** ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Gen. Tea Banh တို့သည် မတ် ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. POL SAROEUN က ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ် Brand Ball Room ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Peace Palace နှင့် Toul Sleng Genocide ပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဖနောင်ပင်မြို့ရှိ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံးသို့ သွားရောက်ကြည့်ရှုပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီးနှင့် ဇနီး၊ သံရုံးမိသားစုများ၊ စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ တပ်မတော်အထည်ချုပ်စက်ရုံမှ အဝတ်အထည်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင်များက လက်ခံရယူကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဖနောင်ပင်မြို့ Pochentong တပ်မတော်လေဆိပ်မှ Siem Reap မြို့သို့ ဆက်လက်ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် Siem Reap လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ ကမ္ဘောဒီးယား ဘုရင့်တပ်မတော် အမှတ်(၄) စစ်ဒေသမှ ဒုတိယတိုင်းမှူး Major General Sok Saroeum နှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီအစည်းအဝေးများ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၉** ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ နေရာအသီးသီး၌ ကျင်းပသည်။**(ယာပုံ)**



အဆိုပါ အစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများ မစတင်မီ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ကျင်းပသည်။

ထို့နောက် လုပ်ငန်းကော်မတီ အလိုက် အစည်းအဝေးများကို သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပရာ **နိုင်ငံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဦးခင်ဇော်ဦး၊ ဒေါက်တာ လျန်မှုန်းဆာခေါင်းနှင့် စိုင်းကျော်ညွန့်တို့က ဦးဆောင်၍ ကော်မတီသို့တင်ပြထားသည့် စာတမ်းများအပေါ် သုံးသပ်ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ် တင်အောင်၊ ဗိုလ်မှူးချုပ် လှသန်းမောင်၊ ဦးဌေးဝင်းအောင်၊ ဦးကျော်ကျော်ဟန်၊ ဒေါက်တာစိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူ၊ ဦးဇမ်ဇမုန်၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွန့်တို့က ပြန်လည်ဆွေးနွေးကြသည်။

**နိုင်ငံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီသည် လူမျိုးအလိုက် တင်သွင်းသည့် ပအိုဝ်း၊ ကရင်နှင့် ချင်းပြည်နယ်တို့မှ စာတမ်းသုံးခု၊ ဒေသအလိုက်တင်သွင်းသည့် ပဲခူးနှင့်တနင်္သာရီ တိုင်းဒေသကြီးတို့မှ စာတမ်းနှစ်ခု စုစုပေါင်းစာတမ်းငါးခုအားစုစည်း၍ တူညီသည့်အချက်များနှင့် ကွဲလွဲမှုများကို နှိုင်းယှဉ်သုံးသပ် ဆောင်ရွက်လျက်ရှိပြီး ၅၀ ရာခိုင် နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အလားတူ **လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဦးဇော်ဌေး၊ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်း တို့ကဦးဆောင်၍ ကော်မတီသို့ လူမျိုးအလိုက် တင်ပြလာသည့် စာတမ်းများ အပေါ်သုံးသပ်ဆွေးနွေး ပြောကြားကြပြီး ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ စောဆဲဗွယ်၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ပြန်လည်ဆွေးနွေးကြသည်။

**လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီအနေဖြင့် ပအိုဝ်းနှင့် ကရင်ပြည်နယ်တို့မှ တင်သွင်းလာသည့် စာတမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့အပြင် **စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်းနှင့် မင်းကျော်ဇေယျာဦးတို့က ဦးဆောင်၍ စီးပွားရေးကဏ္ဍဆိုင်ရာ တင်ပြလာသည့် စာတမ်းများအပေါ် သုံးသပ်ဆွေးနွေး ပြောကြားကြပြီး ဗိုလ်မှူးချုပ် သိုက်စိုး၊ မိကွန်ချမ်း၊ ဦးဗရတ်ဆင်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်း၊ ဦးမားကိုစ်နှင့် ဦးသာထွန်းလှတို့က ပြန်လည်ဆွေးနွေးကြသည်။

**စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီအနေဖြင့် ပအိုဝ်း၊ ကရင်နှင့် ချင်းပြည်နယ်တို့မှ လူမျိုးအလိုက် တင်သွင်းလာသည့် စာတမ်းများ၊ ပဲခူး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဒေသအလိုက် တင်သွင်းလာသည့် စာတမ်းများကို ဆွေးနွေးကြသည်။

အလားတူ **လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်းနှင့် ဦးတာလုဖေတို့က ဦးဆောင်၍ အခြေခံဆွေးနွေးရမည့် မူများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဒေါက်တာချောချောစိန်၊ စဝ်ဘောင်ခေး၊ ပဒိုစောအောင်ဝင်းရွှေ၊ ပူးထက်နီ၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးစောထွန်းအောင်မြင့်နှင့် ဒေါ်နန်းခင်စိန်မြင့်တို့က ပြန်လည်ဆွေးနွေးကြသည်။

**လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီသည် နိုင်ငံတော်ကာကွယ်ရေးကိစ္စရပ်များ၊ လုံခြုံရေး ဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ခေါင်းစဉ်နှစ်ခုဖြင့် အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ တင်သွင်းသည့် စာတမ်းသုံးစောင်ကို ဆွေးနွေးကြသည်။

ထို့အတူ **မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့က ဦးဆောင်၍ ကော်မတီသို့တင်ပြလာသည့်စာတမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ် အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဦးဆန်နီ၊ စောဒဲနယ်လ်၊ စိုင်းစိုင်းငင်း၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ကော်မတီ၏ လုပ်ငန်းအစီအစဉ်များအပေါ် ပြန်လည်ဆွေးနွေးကြသည်။

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ သည် မြေယာဆိုင်ရာ မူဝါဒ၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဆိုင်ရာမူဝါဒများဖြင့် ပအိုဝ်း၊ ကရင်ပြည်နယ်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တင်သွင်းသည့် စာတမ်းလေးခုကို ဆွေးနွေးကြသည်။

လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများကို မတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သူရဇော်(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး၌ နွေရာသီ ရေပြတ်လပ်မှုမရှိစေရေး ငွေကျပ်သန်း ၂၀ သုံးစွဲမည်

**မန္တလေး မတ် ၉** မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာများ၌ ယခုနှစ် မတ်လအတွက် နွေရာသီကာလအတွင်း ရေပြတ်လပ်မှုမရှိစေရန် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သန်း ၂၀ သုံးစွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေပြတ်လပ်သည့် ကျေးရွာများအတွက် သုံးစွဲရန် သာမန်အသုံးစရိတ်ဘတ်ဂျက်မှ မတ်လအတွက် ငွေကျပ်သန်း ၂၀ ခွင့်ပြုပေးခဲ့ပြီး လာမည့်ဘတ်ဂျက်တွင်လည်း ထပ်မံတောင်းခံသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းဟန်က ပြောသည်။

"အခုမတ်လအတွက် အသုံးပြုမယ့်ငွေက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ဘတ်ဂျက်က ချထားပေးတာဖြစ်ပါတယ်။ ဒီဘတ်ဂျက်ငွေနဲ့ မနှစ်ကအတိုင်း ခရိုင်ကြီးကြပ်မှုအောက်ကနေ မြို့နယ်တွေက လုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခုနှစ် နွေရာသီတွင် မန္တလေးတိုင်းဒေသကြီး ၁၆ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၆၅ ရွာ၌ ဧပြီလအတွင်း ရေပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်ပြီး ယခုမတ်လအတွင်း မြို့နယ် ၁၅ မြို့နယ်ရှိ ကျေးရွာ ၁၄၉ ရွာတွင် ရေရှားပါးလာကာ ဧပြီလတွင် ရေပြတ်လပ်မှုနှင့် အဓိကကြုံတွေ့နိုင်မည်ဟုခန့်မှန်းထားပြီး နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊ တံတားဦး၊ စဉ့်ကိုင်၊ မြစ်သား၊ ကျောက်ဆည်၊ တောင်သာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ညောင်ဦး၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ငါန်းဇွန်၊ မိတ္ထီလာမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက ကောက်ခံခဲ့တဲ့စစ်တမ်းအရ သိရတာပါ။ ဒါကလည်း ကြိုတင်ခန့်မှန်းမှုတွေပါ။ စိုးရိမ်စိတ်တွေနဲ့ စာရင်းထည့်ထားတာတွေလည်းရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြို့နယ်၊ ကျေးလက်ဌာနများအနေဖြင့် ကျေးရွာလက်ရှိ ရေသုံးစွဲမှုအခြေအနေများကို ကြိုတင်လေ့လာဆောင်ရွက်သင့်ပြီး ရေပြတ်လပ်ပါက ရေသယ်ယာဉ်များဖြင့် အချိန်မီအသုံးပြုနိုင်ရန် စီစဉ်ထားသင့်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားထားကြောင်း သိရသည်။

ယခင်နှစ်ကလည်း ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ ရေရှားပါးသည့် မြို့နယ် ၁၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၂၁ ရွာသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် NGO အဖွဲ့အစည်းများက ရေဂါလန် ၄၆၁၁၂၈ ဂါလန်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အညာကျော်လေးကျော် ရွှေယင်မျှော်စေတီတော် ရတနာစိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့်ရွှေထီးတော်ဘုံအဆင့်များ တင်လှူပူဇော်

**နေပြည်တော်  မတ်  ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွာကြီးစံပြကျေးရွာရှိ သမိုင်းဝင် အညာကျော်လေးကျော် ရွှေယင်မျှော်စေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ သာစည်မြို့ ရေအားလျှပ်စစ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိန္ဒါစာရ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ သာစည်မြို့ ရေအားလျှပ်စစ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိန္ဒါစာရထံမှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

မင်္ဂလာအချိန်၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များက မင်္ဂလာရထားပျံဖြင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်တို့အား စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး စေတီတော်အထွတ်တွင် တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ သွန်းလောင်းပူဇော်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက ရွှေယင်မျှော်စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများသည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရွှေယင်မျှော်စေတီတော်အထွတ်တွင် ရတနာစိန်ဖူးတော် တင်လှူပူဇော်စဉ်

## နှစ်သစ်ကူးကာလတွင် ရုံးပိတ်ရက်(၅)ရက်ဖြစ်သော်လည်း အနားယူချိန်(၁၀)ရက်တိတိ ရရှိခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက် အမှတ်၊ ၂/ ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်)**
**နိုင်ငံ့ဝန်ထမ်းများ မဟာသင်္ကြန်နှစ်သစ်ကူး အနားယူကာလ (၁၀)ရက်တိတိ ရရှိခံစားရေး**

၁။ သင်္ကြန်ပွဲတော်ကာလ နှစ်သစ်ကူးရုံးပိတ်ရက် (၁၀)ရက်တိတိ သတ်မှတ်ထားရှိခဲ့ရာ ရက်ရှည်ကာလ ရုံးပိတ်ရက်ဖြစ်ခြင်း၊ ဘဏ်ပိတ်ရက် ကာလရှည်ဖြစ်ခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းများ အခက်အခဲဖြစ်ပေါ်လာခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာခြင်းစသည်တို့ကို တွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်အတွင်း ရုံးပိတ်ရက်နှင့် အလုပ်ပိတ်ရက်များကို ပြင်ဆင်ရန် သင့်၊ မသင့် သုံးသပ်နိုင်ရန်အတွက် ဝန်ကြီးဌာနများသို့ သဘောထားများ တောင်းခံထားပါသည်။ ယင်းသို့ သဘောထားများတောင်းခံရာတွင် သင်္ကြန်ကာလရုံးပိတ်ရက်များကို လျှော့ချခြင်းကြောင့် လျော့နည်းသွားသော ရုံးပိတ်ရက်များအား သီတင်းကျွတ်ရုံးပိတ်ရက်များ၊ တန်ဆောင်တိုင် ရုံးပိတ်ရက်များနှင့် နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက်များတွင် အစားထိုးဖြည့်တင်း၍ ပိတ်ရက်အရေအတွက် လျော့နည်းခြင်းမရှိစေရန်လည်း စီစဉ်ထားရှိပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်သစ်ကူးကာလတွင် မြန်မာ့ရိုးရာ ရေပက်ဖျန်း ကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားမိဘများအား ကန်တော့ခြင်း၊ တစ်နှစ်တာကာလအတွင်း အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ရုံးပိတ်ရက် (၁၀)ရက်တိတိ ရရှိခံစားသည့်နည်းတူ နှစ်သစ်ကူးကာလတွင် ရုံးပိတ်ရက်(၅)ရက်ဖြစ်သော်လည်း အနားယူချိန်(၁၀)ရက်တိတိ ရရှိခံစားနိုင်စေရန် အလေးအနက်ထား စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအစီအစဉ်သည် ယခုနှစ်အတွက်သာ အထူးအစီအစဉ်အဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

၃။ သို့ပါ၍ နှစ်သစ်ကူးရုံးပိတ်ရက် ရက်ရှည်ကာလလျှော့ချသော်လည်း ရုံးပိတ်ရက်အရေအတွက် မလျော့နည်းစေရေး အတွက်လည်းကောင်း၊ ရက်ရှည်ကာလရုံးပိတ်ရက်များကြောင့် အစိုးရနှင့် ဘဏ်လုပ်ငန်းများ မကြန့်ကြာစေရန်အတွက် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ မူလစီစဉ်ထားသည့်အတိုင်း နှစ်သစ်ကူးအနားယူကာလ (၁၀)ရက် တိတိ ရရှိခံစားနိုင်ကြစေရန်အတွက်လည်းကောင်း သက်ဆိုင်သူအားလုံး အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## သိမ်ဖြူ ‘ရန်ကုန်စာအုပ်လမ်း’ တွင် ‘ပန်းဒေါင်းဝတ္ထု ဇာတ်ကောင်များနှင့် စကားပြောခြင်း’ အစီအစဉ်ကျင်းပမည်

**ရန်ကုန်  မတ်  ၉**

အပတ်စဉ် စနေနေ့တိုင်း သိမ်ဖြူ Yangon Books Street **‘ရန်ကုန်စာအုပ်လမ်း’** တွင် **‘ဝတ္ထုထဲက ဇာတ်ကောင်များနှင့် စကားပြောခြင်း’** အစီအစဉ်ကို ကျင်းပလျက်ရှိသည်။

မတ် ၁၁ ရက် (စနေနေ့) တွင် လက်ာရည်ကျော်၏ **‘ပန်းဒေါင်း’** စာအုပ်ထဲက ဇာတ်ကောင်များနှင့် တွေ့ဆုံရမည်ဖြစ်ကြောင်း၊ ပါဝင်သည့် ဇာတ်ကောင်များမှ သရုပ်ဆောင်ဦးမြသွေးနေရာတွင် သရုပ်ဆောင်ထားသည့် လူမင်း၊ အဓိကဇာတ်ကောင်ဖြစ်သည့် ခင်နွယ်စိုးနေရာတွင် သရုပ်ဆောင်ထားသည့် ပိုင်ဖြိုးသုတို့က စာဖတ်ပရိသတ်များနှင့် တွေ့ဆုံဆွေးနွေးကြမည် ဖြစ်ကြောင်း၊ **‘ပန်းဒေါင်း’** ကို ပုံဖော်ရေးသားခဲ့သူ လက်ာရည်ကျော်ကိုယ်တိုင်ကလည်း စာအုပ်ဝယ်ယူအားပေးကြသူများကို အမှတ်တရလက်မှတ်ရေးထိုးပေးမည့် အစီအစဉ်လည်း ပါဝင်မည်ဖြစ်သလို၊ ဝတ္ထုထဲမှ စိတ်ဓာတ်ချင်း လုပ်ရပ်ချင်း



ပန်းဒေါင်း ဇာတ်ကောင်များ

ဆင်သည့် ဇာတ်ကောင်ဖြစ်သူ၊ အပြင်လက်တွေ့ဘဝမှာ တစ်ကိုယ်တော် ပရဟိတသမားများ ကွန်ရက်နှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသူ ခင်နှင်းကြည်သာလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု

**နေပြည်တော်  မတ်  ၉**

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပညာရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့လည်းကောင်း၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့လည်းကောင်းရောက်ရှိပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ (အင်္ဂလိပ်စာဘာသာ) ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာကို နေပြည်တော်ကောင်စီနယ်မြေတွင် ဥတ္တရသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၁၃၂၇ ဦး၊ ဖြေဆိုသူဦးရေ ၁၂၅၄ ဦး၊ ပျက်ကွက်သူဦးရေ ၇၃ ဦးရှိရာဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၁၆၁၃ ဦး၊ ဖြေဆိုသူဦးရေ ၁၄၈၉ ဦး၊ ပျက်ကွက်သူဦးရေ ၁၂၄ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၃၁ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၂၂၅၆ ဦး၊ ဖြေဆိုသူဦးရေ ၂၁၀၈ ဦး၊ ပျက်ကွက်ဦးရေ ၁၄၈ ဦး ရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၄၄ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ စာရင်းရှိဦးရေ ၄၄၂၆ ဦး၊ ဖြေဆိုသူဦးရေ ၄၁၄၉ ဦး၊ ပျက်ကွက်သူဦးရေ ၂၇၇ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၇၄ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၃၈၂ ဦး၊ ဖြေဆိုသူဦးရေ ၃၇၁ ဦး၊ ပျက်ကွက်သူဦးရေ ၁၁ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၇ ဒသမ ၁၂ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၂၃၉၁ ဦး၊ ဖြေဆိုသူဦးရေ ၂၂၂၂ ဦး၊ ပျက်ကွက်သူဦးရေ ၁၆၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ၉၃ ရာခိုင်နှုန်း၊ ပျဉ်းမနားမြို့နယ်၌ စာရင်းရှိဦးရေ ၃၈၆၀၊ ဖြေဆိုသူဦးရေ ၃၄၉၂ ဦး၊ ပျက်ကွက်သူဦးရေ ၃၆၈ ဦးရှိရာဖြေဆိုမှုရာခိုင်နှုန်း ၉၀ ဒသမ၄၇ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ စာရင်းရှိဦးရေ ၄၅၁၁ ဦး၊ ဖြေဆိုသူဦးရေ ၄၂၂၂ ဦး၊ ပျက်ကွက်သူဦးရေ ၂၈၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေတစ်ခုလုံး၌ စာစစ်ဌာနပေါင်း ၃၉ ခုတွင် စာရင်းရှိဦးရေ ၂၀၇၆၆ ဦး၊ ဖြေဆိုသူဦးရေ ၁၉၃၀၇ ဦး၊ ပျက်ကွက်သူဦးရေ ၁၄၅၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန်  မတ်  ၉**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် ဇွဲကပင်အသင်း၊ တတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းသည် မကွေးအသင်းတို့နှင့် တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၉)အဖြစ် မတ် ၁၀ ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊မတ် ၁၁ ရက်တွင် အောင်ဆန်းကွင်း၌ GFA အသင်းနှင့် ရခိုင်အသင်း၊ မတ် ၁၂ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရန်ကုန်အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် နေပြည်တော်အသင်း၊ မတ် ၁၄ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရတနာပုံအသင်းနှင့် ဟံသာဝတီပွဲကို မူလက မတ် ၁၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း မြန်မာ့လက်ရွေးစင်အသင်း လူစုံပိုမိုလေ့ကျင့်ချိန် ရရှိရန်အတွက် ရွှေ့တိုးကျင်းပခြင်းဖြစ်သည်။ ပွဲစဉ်(၈)အပြီးတွင် ရန်ကုန်အသင်းက ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရတနာပုံအသင်းက ၁၈ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၆ မှတ်၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ဧရာဝတီအသင်းက ၁၁ မှတ်၊ မကွေးအသင်းက ကိုးမှတ်၊ ရခိုင်အသင်းက ရှစ်မှတ်၊ ချင်းယူနိုက်တက်၊ ဟံသာဝတီနှင့် နေပြည်တော်အသင်းတို့က ခုနစ်မှတ်စီ၊ Southern နှင့် GFA အသင်းတို့က ငါးမှတ်စီရရှိထားသည်။

ပွဲစဉ်(၈)တွင် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် တွေ့ဆုံကာ ရှုံးပွဲကြုံတွေ့ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲကျပ် ထပ်မံကစားရမည်ဖြစ်ပြီး မကွေးအသင်းမှာလည်း ပွဲဆက်များနေသောကြောင့် ရုန်းကန်ရဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော်  မတ်  ၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပင်လောင်းမြို့၌ ၁ ဒသမ ၁၀ လက်မ၊ တီးတိန်မြို့၌ ၀ ဒသမ ၆၃ လက်မ၊ မြစ်ကြီးနားမြို့၌ ၀ ဒသမ ၂၈ လက်မ၊ ပင်လည်ဘူးမြို့၌ ၀ ဒသမ ၂၄ လက်မနှင့် လွိုင်လင်မြို့၌ ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဖက်ဒရယ်ပြည်ထောင်စု၊ ရေသယံဇာတခွဲဝေရေးနှင့် ရေအားလျှပ်စစ်အရင်းအမြစ်များ

## ဦးကြည်သာ(ဂ္ဂ)

စက်တင်ဘာလဆန်းက နေပြည်တော်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံတွင် ကိုယ်စားလှယ်အများအပြား ပါဝင်ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များတွင် အကြောင်းအရာအမျိုးမျိုးရှိသည့်အနက် သဘာဝသယံဇာတ ခွဲဝေမှုစနစ်အကြောင်း ဆွေးနွေးချက်များအား စာရေးသူအနေဖြင့် အလေးထားလေ့လာခဲ့ပါသည်။ ညီလာခံဒုတိယနေ့ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ၏ တင်ပြချက်၌ ရေသယံဇာတအပြင် မြေသယံဇာတ၊ တွင်းထွက်သယံဇာတများကို မျှတစွာခွဲဝေသုံးစွဲရန်နှင့် ယင်းတို့မှရရှိသည့် အကျိုးအမြတ်များကို ခွဲဝေသုံးစွဲရန်ဆိုသည့် စီမံခန့်ခွဲမှုအပိုင်းကိုလည်း ထည့်သွင်းစဉ်းစားရန်လိုပါကြောင်း တင်ပြသွားခဲ့ပါသည်။

ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/ KNLA-PC) မှ စောကျော်ညွန့်က မြေယာနှင့်သဘာဝသယံဇာတဆိုင်ရာ အားလုံးသည် အစိုးရကသာ တိုက်ရိုက်စီမံခန့်ခွဲပိုင်ခွင့်ရှိအောင် အခွင့်အာဏာပေးအပ်ထားသောကြောင့် ဤအချက်သည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုအတွက် စိန်ခေါ်မှုတစ်ခု ဖြစ်နေပါကြောင်း၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များဖြစ်သော ပြည်နယ်များ၏ ပါဝင်ဆုံးဖြတ်ခွင့်များအား လျစ်လျူရှုထားသည်ကို တွေ့ရှိရပါကြောင်း တင်ပြခဲ့သလို ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဦးကိုကိုလှိုင်က သဘာဝသယံဇာတအရင်းအမြစ် ခွဲဝေရေးကိစ္စတွင် ပင်ရင်းဒေသတွင်လည်း အထိုက်အလျောက် ကျေနပ်မှုရရှိအောင် ပြည်ထောင်စုဗဟိုအစိုးရအတွက်လည်း ထိုက်သင့်သည့် ဝင်ငွေရရှိစေရန် အရင်းအမြစ်ရှားပါးပြီး ဝင်ငွေနည်းသည့် ဒေသများအတွက်လည်း လိုအပ်သလို ထောက်ကူပေးနိုင်ရန်မျှတသည့် ခွဲဝေမှုမျိုးကို မိမိနိုင်ငံ နယ်မြေအခြေအနေသဘာဝအနေအထားတို့နှင့် လိုက်လျောညီထွေစွာ ရှာဖွေဖော်ထုတ် ကျင့်သုံးသင့်ပါကြောင်း တင်ပြသွားခဲ့ပါသည်။

တင်ပြသွားခဲ့သည့် သဘာဝသယံဇာတများအနက် ရေသယံဇာတနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း စသည့် မြစ်ကြီးများအပြင် မေယုမြစ်၊ ကုလားတန်မြစ်၊ သောင်ရင်းမြစ်စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌တည်ရှိသော မြစ်ကြီးမြစ်ငယ်အများအပြားတွင် ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ သောက်သုံးရေးအပါအဝင် စွမ်းအင်အဖြစ် ရေအားလျှပ်စစ်တည်ဆောက်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များလည်း များစွာရှိနေပါသည်။

လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်မဂ္ဂါဝပ် တစ်သိန်းထုတ်လုပ်နိုင်သည့် အရင်းအမြစ်ရှိကြောင်း ယင်းတို့အနက် ဧရာဝတီမြစ်ကြီးမှ ၄၇ ရာခိုင်နှုန်း၊ သံလွင်မြစ်မှ ၃၈ ရာခိုင်နှုန်း၊ စစ်တောင်းမြစ်မှ ၃ ရာခိုင်နှုန်းနှင့် အခြားဒေသများမှ ၅ ရာခိုင်နှုန်းထုတ်ယူနိုင်ကြောင်း သိရသည်။

လျှပ်စစ်ဌာန၏ တင်ပြချက်အရ လက်ရှိရေအားလျှပ်စစ်စက်ရုံ ၂၆ ခုမှ ၃၁၈၁ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိသောကြောင့် ထုတ်လုပ်နိုင်မှု၏ ၃ ရာခိုင်နှုန်းကျော်သာ ထုတ်ယူနိုင်ပါသေးသည်။ ယခုလက်ရှိ ဆောင်ရွက်နေသော ရေအားလျှပ်စစ် ခြောက်ခုရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန်လျာထားသည့် နိုင်ငံခြားနှင့် ဖက်စပ်ဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုထားသော J.V.A စီမံကိန်းသုံးခု (Memorandum of Agreement MoA) ထိုးပြီး စီမံကိန်း ၂၂ ခု MoA ညှိနှိုင်းဆဲ စီမံကိန်းတစ်ခု (Memorandum of Understanding MoU) ထိုးပြီး စူးစမ်းလေ့လာဆဲ ၂၄ ခု စုစုပေါင်းစက်ရုံ၊ စီမံကိန်း ၈၂ ခုမှ စုစုပေါင်း လျှပ်စစ် ၄၇၆၅၉ ဒသမ ၅ မဂ္ဂါဝပ် ရှိပါသည်။ အဆိုပါစီမံကိန်းများ၏ တည်နေရာကို ပူးတွဲပါဇယားတွင် ပြသထားပါသည်။

ဖော်ပြပါဇယားအရ ကချင်ပြည်နယ်တွင် စုစုပေါင်း ၂၀၇၆၂ မဂ္ဂါဝပ်ရှိသဖြင့် ပထမအများဆုံး၊ ရှမ်းပြည်နယ်တွင် စုစုပေါင်း ၁၃၆၅၁ မဂ္ဂါဝပ်ရှိသဖြင့် ဒုတိယအများဆုံး၊ ကယားပြည်နယ်တွင် ၄၇၀၈ မဂ္ဂါဝပ်ရှိသဖြင့် တတိယအများဆုံးဖြစ်ခဲ့ပါသည်။ အဆိုပါဇယားများကိုကြည့်ရှုပါက ပြည်နယ်များတွင် ရေအားလျှပ်စစ်အရင်းအမြစ်သယံဇာတအများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ လျှပ်စစ်ဓာတ်အားအများဆုံးသုံးစွဲသည်မှာ ရန်ကုန်မြို့ဖြစ်ပြီး ဒုတိယအများဆုံးမှာ မန္တလေးမြို့ဖြစ်ပါသည်။

ယနေ့နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေနှင့် နည်းဥပဒေများတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင်လည်းကောင်း၊ ရေအားလျှပ်စစ်ထွက်ရှိရာဒေသများအတွက် မည်ကဲ့သို့သော ခွဲဝေပေးမည်ဆိုသည့်အချက်ကို မတွေ့ရသေးပါ။ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ဇယား-၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း ပုဒ်မ -၄ စွမ်းအင်၊လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပုဒ်မခွဲ (က) ၌ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်



ကချင်ပြည်နယ်ရှိ တပ်ဆင်အင်အား ၉၉ မဂ္ဂါဝပ်ရှိသောချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ

ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏လုပ်ပိုင်ခွင့်ပေးထားသည်ကို တွေ့ရပါသည်။

သို့ရာတွင် ယနေ့အထိ ပီပြင်သော လုပ်ထုံးလုပ်နည်းများ ၊ အမိန့်များထုတ်ပြန်ထားခြင်း မတွေ့ရှိရသေးပါ။ မြန်မာနိုင်ငံအသေးစားရေအားလျှပ်စစ်ကို ၁၀ မဂ္ဂါဝပ်အထိလည်းကောင်း၊ အလတ်စားကို မဂ္ဂါဝပ် ၃၀ အထိ ဟူ၍လည်းကောင်း သတ်မှတ်ထားသည်ဟု ဆိုသော်လည်း ရှမ်းပြည်နယ်ရှိ ဇော်ဂျီ (၁) ရေအားလျှပ်စစ်စက်ရုံ ၁၈ မဂ္ဂါဝပ်နှင့် ဇော်ဂျီ(၂) ရေအားလျှပ်စစ်စက်ရုံ ၁၂ မဂ္ဂါဝပ်တို့ကို လျှပ်စစ်ဝန်ကြီးဌာနမှ ပုဂ္ဂလိကကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုလုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ အကျယ်အဝန်း၏ ၄ ဒသမ ၈ ဆရှိပြီး ပြည်နယ် ၂၉ ခု ပြည်ထောင်စုနယ်မြေ ခုနစ်ခုဖြင့် တည်ဆောက်ထားသည့် တိုင်းပြည်ကြီး၌ ပြည်နယ်တိုင်းတွင် ပြည်နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (State Electricity Board SEB) များ ရှိပါသည်။ ကိုယ့်ပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားခနူန်းထားလို ပြဿနာများကို ပြည်နယ်အစိုးရများက ဆုံးဖြတ်ခွင့်ရှိပါသည်။

၁၉၉၆ ခုနှစ်တွင် ပြည်နယ်ဝန်ကြီးချုပ်များ တွေ့ဆုံပွဲ (Chief Ministers Conference 1966 ) တွင် လျှပ်စစ်ပြဿနာများကို ဖြေရှင်းရန် လွတ်လပ်သော လျှပ်စစ်လုပ်ငန်းကော်မရှင် (Independent Electricity Regulatory Commission ) ဖွဲ့စည်းရန် လိုအပ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသဖြင့် ၁၉၉၈ ခုနှစ်တွင် (Central Electricity Regulatory Commission CERC) ဖွဲ့စည်းခွင့်ကို လွှတ်တော်မှဥပဒေချမှတ်ခဲ့ပြီးနောက် နှစ်နှစ်ခန့်အကြာတွင် ပြည်နယ်များတွင်လည်း အဆိုပါကော်မရှင်များ ဖွဲ့စည်းစေပြီး ပြည်နယ်နှင့် ဗဟိုအစိုးရအကြား လျှပ်စစ်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်စေရန် လမ်းစရှာဖွေပေးခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဤကဲ့သို့သော လွတ်လပ်သော ဗဟိုအဆင့်၊ ပြည်နယ်အဆင့် ကော်မရှင်များဖွဲ့စည်းပြီး လျှပ်စစ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းသင့်သလို ရေအားလျှပ်စစ်၊ ရေသယံဇာတနှင့် ပတ်သက်သည့် အလားတူ ရေသယံဇာတ၊ တွင်းထွက်သယံဇာတများဆိုင်ရာကိစ္စရပ်များ ခွဲဝေရေးကိစ္စများကို ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံအစည်းအဝေးများတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည်ဟု သုံးသပ်မိပါကြောင်း။ ။

### တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်နိုင်သည့် ရေအားလျှပ်စစ်သယံဇာတများ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ရှိနေပုံအခြေအနေပြဇယား

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | တည်ဆောက်ပြီး ရေအားလျှပ်စစ် စက်ရုံများ (မဂ္ဂါဝပ်) | တည်ဆောက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများ (မဂ္ဂါဝပ်) | JVA,MoA ထိုးပြီးနှင့် MoA ညှိနှိုင်းဆဲရေအား လျှပ်စစ်စီမံကိန်းများ (မဂ္ဂါဝပ်) | MoU ထိုးပြီး စူးစမ်းလေ့လာလျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများ (မဂ္ဂါဝပ်) | စုစုပေါင်း ရေအားလျှပ်စစ် သယံဇာတ (မဂ္ဂါဝပ်) | ပါဝင်မှု ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၃၃၉ | - | ၂၀,၂၂၃ | ၂၀၀ | ၂၀,၇၆၂ | ၄၃.၅၆ | ပထမအများဆုံး |
| ၂ | ကယား | ၂၄၈ | - | ၄,၁၈၀ | ၂၈၀ | ၄,၇၀၈ | ၉.၈၇ | တတိယအများဆုံး |
| ၃ | ကရင် | - | - | ၁,၃၆၀ | ၁၆၀ | ၁,၅၂၀ | ၃.၁၉ | |
| ၄ | ရခိုင် | - | ၁၁၁ | ၇၆၆.၅ | - | ၈၇၇.၅ | ၁.၈၄ | |
| ၅ | ရှမ်း | ၇၁၄ | ၁,၄၁၀ | ၁,၉၂၀ | ၉,၆၀၇ | ၁၃,၆၅၁ | ၂၈.၆၄ | ဒုတိယအများဆုံး |
| ၆ | ရှမ်း/ကယား | - | - | ၅၈၅ | - | ၅၈၅ | ၁.၂၂ | ပြည်နယ်နှစ်ခု အစပ်မှာရှိပါသည်။ |
| ၇ | စစ်ကိုင်း | ၃၀ | ၃၈၀ | - | ၂,၅၃၀ | ၂,၉၄၀ | ၆.၁၆ | |
| ၈ | ပဲခူး | ၃၇၀ | - | - | | ၃၇၀ | ၀.၇၇ | |
| ၉ | မကွေး | ၁၄၉ | | | | ၁၄၉ | ၀.၃၁ | |
| ၁၀ | မန္တလေး | ၁,၃၃၁ | - | - | ၁၆၆ | ၁,၄၉၇ | ၃.၁၄ | |
| ၁၁ | တနင်္သာရီ | - | - | - | ၆၀၀ | ၆၀၀ | ၁.၂၅ | |
| | စုစုပေါင်း | ၃,၁၈၁ | ၁,၉၀၁ | ၂၉,၀၃၄.၅ | ၁၃,၅၄၃ | ၄၇,၆၅၉.၅ | | |

# တင်ဒါအောင်မြင်သော ကုမ္ပဏီများ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် အလုံးစုံတာဝန်ရှိမည်

**နေပြည်တော် မတ် ၉**
တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ အနေဖြင့် စာချုပ်ပါ အာမခံကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ပါက ကုမ္ပဏီမှ တာဝန်ယူပြုပြင်ပေးရမည်ဖြစ်ကြောင်း နှင့် တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားသောအရည်အသွေးနှင့် စံချိန်စံညွှန်းများအတိုင်း ပြည့်မီခြင်းမရှိဘဲ ဆောင်ရွက်ထားသည့် လုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေး အဖွဲ့အနေဖြင့် လက်ခံမည်ဆိုပါက လက်ခံသည့် အရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် ကုမ္ပဏီတို့တွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် **ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၏ ဆောက်လုပ်ရေးတင်ဒါ အောင်မြင်သော လုပ်ငန်းများဆောက်လုပ်ရာတွင် စာချုပ်ပါအတိုင်း အရည်အသွေးပြည့်၊ မပြည့်ကို မည်သူက တာဝန်ယူပါမည်နည်း မေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အားလုံးသို့ **ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်စာအုပ်** ကို ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် ဖြန့်ဝေထားပြီးဖြစ်ကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းလမ်းညွှန်ပါအချက်များကို အခြေခံဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ဒါအောင်မြင်သော ကုမ္ပဏီများအနေဖြင့် စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ရက်အတွင်း ပြီးစီးရေး၊ အာမခံကာလတို့အတွက် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် အလုံးစုံတာဝန်ရှိမည်ဖြစ်ပြီး သဘာဝဘေးဒဏ်နှင့် မလွှဲမရှောင်နိုင်သော ဘေးအန္တရာယ်တို့ကြောင့် ပျက်စီးမှုများ




ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

ဖြစ်ပေါ်လာသည့် လုပ်ငန်းများအတွက် အရည်အသွေးစစ်ဆေးသည့်ဌာနနှင့် ကုမ္ပဏီတွင် တာဝန်မရှိနိုင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းဖြေကြားသည်။

ထို့ပြင် **နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး (ကိုယ်စား) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်းက နမ္မတူမြို့နယ်ရှိ မုံရင်းရွာနှင့် အီနိုင်းလမ်းခွဲ(၁၈)မိုင်မှ ၄ မိုင် ၆ဖာလုံ ကတ္တရာလမ်းဖြစ်ပါ၍ ကျန်ရှိနေသော အမာခံလမ်း ၁၃ မိုင် ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆက်လက်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ရေးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ထွန်းခိုင်က **နှစ်ကရင်ကျေးရွာအုပ်စုအတွက် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ပလိုင်ကီးကျေးရွာအုပ်စုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ (အသစ်)တို့အား လာမည့်ဘဏ္ဍာရေးနှစ်များအတွင်း တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ ဖားဆောင်းမြို့နယ်ရှိ ၂၅ ခုတင်ဆံ့ ဆောက်လက်စ ဆေးရုံအဆောက်အအုံအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ဆောက်လုပ်နိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်မှ



ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်

ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အားလုံးလိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ **စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မိုမိုလွင်**က လုပ်ငန်းလမ်းညွှန်၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် မှန်ကန်သော ကုန်ကျစရိတ်ဖြစ်ရေးသည် လွန်စွာအလှမ်းဝေးနေပါကြောင်း ကန်ထရိုက်လုပ်ငန်းများ၏ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးရာတွင်လည်း အကျိုးစီးပွားတစ်ခုတည်းဖြစ်နေခြင်းနှင့် ညှိနှိုင်းဆောင်ရွက်နေခြင်းများကြောင့် တာဝန်ယူ၊ တာဝန်ခံခြင်းများကို မေ့လျော့ကာ အရည်အသွေး ပြည့်ဝစေရေးဆိုသည်ကို လွန်စွာအားနည်းစေပါကြောင်း။

ထို့ပြင် နောက်ကျဒဏ်ကြေးပေးဆောင်ခြင်းနှင့် အပြစ်ပေးအရေးယူ

*စာမျက်နှာ ၁၁ သို့*

# မကွေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းရန်လျာထား

**နေပြည်တော် မတ် ၉**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ဓမ္မသော်အုပ်စုနှင့် မင်းပြင်အုပ်စုရှိ နံကပ်ကျေးရွာ တာပေါင်ပြုပြင်ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ခြင်းနှင့် စလင်းမြို့လယ်ရှိ မြောင်းမတော် မြောင်းမကြီး ကမ်းထိန်းနံရံပြုလုပ်ခြင်း လုပ်ငန်းတို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲပြီး ဆောင်ရွက်သွားရန် လျာထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေးနှင့် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ **“မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ဓမ္မသော်အုပ်စုနှင့် မင်းပြင်အုပ်စုရှိ နံကပ်ကျေးရွာ တာပေါင်အား ပြုပြင်မွမ်းမံရန်နှင့် ရေတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၀ပြည့်နှစ်တွင် ရေထိန်းတံခါးသည် ကျိုးပေါက်ခဲ့ပြီး ကျိုးပေါက်သည့်နေရာအား ပြန်ဖို့၍ ပြုပြင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ပေတိုင် ၁၁၀၀ နှင့် ၁၁၄၀ အကြား တာပေါင်ကျိုးပေါက်ခဲ့ပါကြောင်း၊ ကွင်းဆင်းတိုင်းတာချက်များအရ ပေတိုင် ၃၀၀ မှ ၂၁၀၀ အထိ အလျားပေ ၁၈၀၀ မှာ တာပေါင် ၃ ပေခန့် နိမ့်ကျနေသည်ကို တွေ့ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ရေတားတာပေါင်၏ ပေအရှည် ၁၈၀၀ အား ပုံစံကျ ပြန်လည်ပြုပြင်ခြင်းနှင့် ၃ ပေ ၄ ပေ ရေထုတ်ရေထိန်းတံခါး တစ်ခု တည်ဆောက်ပေးရန်အတွက် အသေးစိတ်ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်၍ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **“စလင်းမြို့လယ်ရှိ မြောင်းမတော် မြောင်းမကြီးကို ကမ်းထိန်းနံရံ ပေ ၁၃၅၀ ပြုလုပ်ခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က တူးမြောင်းပေါင်အား အဓိကဆက်သွယ်လမ်းအဖြစ် အသုံးပြုပြီး ကုန်တင်ကားကြီးများ ဖြတ်သန်းသွားလာခြင်းကြောင့် မြောင်းပေါင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် တူးမြောင်းမကြီး၏ အလျား ပေ ၁၃၅၀ ခန့်အား အုတ်စီ မြေထိန်းနံရံတည်ဆောက်ကာကွယ်ပေးနိုင်ရန် လိုအပ်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေကျပ် ၉၇ ဒသမ ၆ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဤလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ရန်ပုံငွေ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး မူလရန်ပုံငွေတွင် ထည့်သွင်းတင်ပြထားခြင်းမရှိသဖြင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်း တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် အခြေခံ၍လုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး၏ **“မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ဓာတုဗေဒစစ်ဆေးရေးဌာန၊ မျိုးရိုးဗီဇ (DNA)ဌာနခွဲကို ဖွင့်လှစ်၍ နိုင်ငံအနှံ့မှ မှုခင်းများအပေါ် DNA နမူနာများ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိရာ မျိုးရိုးဗီဇဆိုင်ရာပါရဂူ၏ ထင်မြင်ချက်များအပေါ် တရားရုံးအသီးသီးမှ တရားစီရင်ရေး လုပ်ငန်းများတွင် သက်သေခံဥပဒေအရ လက်ခံကြားနာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်သည် သက်ဆိုင်ရာ ကျွမ်းကျင်သူ၏ သိပ္ပံနည်းကျစစ်ဆေးချက်ဖြစ်၍ သက်သေခံအက်ဥပဒေ၊ အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးများက သက်သေခံအဖြစ် အသုံးပြုခြင်းကို ခွင့်မပြုနိုင်စရာအကြောင်းမရှိဟု ဖြေကြားခဲ့ကြောင်း။

ဓာတုဗေဒဝန်၏ အစီအရင်ခံစာ (Chemical Examiner’s Report)၊ ဆရာဝန်၏ ဆေးဘက်ဆိုင်ရာအစီရင်ခံစာ(Medical Report)နှင့် လက်ရေး၊ လက်မှတ်၊ လက်ဗွေကျွမ်းကျင်သူများ၏ ထင်မြင်ချက် (Expert Opinion) များကို သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ သက်သေခံတင်ပြလာပါက မြန်မာနိုင်ငံတရားရုံးများက သက်သေခံအဖြစ် လက်ခံအသုံးပြုလျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မျိုးရိုးဗီဇဆိုင်ရာ ပါရဂူ၏ မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်ကို သက်သေခံအက်ဥပဒေ၊ အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးသို့ သက်သေခံအဖြစ် တင်ပြလာပါက လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမာန်လောမောင်း၏ **“ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အလုပ်အကိုင်ရှာဖွေရေးနှင့် အလုပ်လက်မဲ့ မှတ်ပုံတင်ဦးစီးဌာနရုံးများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နှင့်စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ပြည်သူများက သွားလာမှုလွယ်ကူစေရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ချောမွေ့စေရေးအတွက် မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့နယ်များ၏ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ခရိုင်ရုံး(ပခုက္ကူ)မှ လည်းကောင်း၊ မင်းတပ်ခရိုင်အတွင်းရှိ ပလက်ဝမြို့နယ်၏ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ပြည်နယ်ရုံး(စစ်တွေ)မှ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး

မင်းတပ်ခရိုင်ရှိ မင်းတပ်၊ ကန်ပက်လက်၊ မတူပီမြို့နယ်တို့တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ မှတ်ပုံတင်ထားသော ယာဉ်စီးရေ ၃၉၇၂ စီး၊ ယာဉ်မောင်းလိုင်စင် ၁၆၅၈ စောင် မှတ်ပုံတင်ထားရှိပါကြောင်း၊ အဆိုပါမြို့နယ်များသို့ ခရိုင်ရုံး(ပခုက္ကူ)မှ တစ်နှစ်လျှင် နှစ်ကြိမ် ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း မင်းတပ်ခရိုင်အတွင်းရှိ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်တို့သို့ မတ်လနှင့် စက်တင်ဘာလတို့တွင် လည်းကောင်း၊ ကန်ပက်လက်မြို့နယ်သို့ ဖေဖော်ဝါရီလနှင့် နိုဝင်ဘာလတို့တွင် လည်းကောင်း၊ နယ် လှည့်ရွေ့လျားစနစ်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့အပြင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ရန်များစွာကျန်ရှိနေပြီး လတ်တလောအနေဖြင့် အခါအားလျော်စွာ Mobile Team များဖြင့် အလုပ်သမားမှတ်ပုံတင်ကတ်များ ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **“မွန်ပြည်နယ် သထုံမြို့နယ် ဝင်းစိန်အလယ်ကျေးရွာအုပ်စုနှင့် ပေါင်မြို့နယ် ကျောက်ရေတွင်းကျေးရွာအုပ်စု၊ မြို့နယ်ချင်းဆက်လမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ”**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဖြေကြားခဲ့သည်။

ဥပဒေကြမ်း ကော်မတီဝင် ဒေါ်အုန်းကြည်က **“စာရင်းအင်းဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အဆုံးအဖြတ်ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ခံအဆိုပြုသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက “၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း”ကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

**မော်စီ၊ ဖြိုးသန့်ချို(သတင်းစဉ်)**

# စာအုပ်ဈေးတန်း၊ စာတမ်းဖတ်ပွဲများနှင့် စာပေလောကအတွက် တောက်ပသည့်အနာဂတ်များ

**စာပေအဆင့်အတန်းမြင့်မားရေး၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေးတို့ကို အလေးထားဆောင်ရွက်နေသည့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန သည် အစိုးရသစ်တက်လာပြီး ပုံမှန်ဆောင်ရွက်နေသည့်တာဝန်များအပြင် စာအုပ်ဈေးပွဲတော်များ၊ စာတမ်းဖတ်ပွဲများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပြီး လူထုနှစ်ခြိုက်ခြင်းခံရသည့် ပိတ်ရက်စာအုပ်ဈေးတန်းကိုလည်း ဖွင့်လှစ်ပေးခဲ့ကာ တစ်နှစ်တာအတွင်း ဌာန၏လုပ်ငန်းစဉ်များမှာ ပိုမိုတိုးတက်ပြောင်းလဲလာခဲ့သည်ကို မြင်တွေ့ရသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်

**ခင်ရတနာ**

ပြည်သူများအတွက် ဗဟုသုတနှင့် ပညာပြည့်ဝစေမည့် စာအုပ်စာပေများထုတ်ဝေခြင်းကို အားပေးခဲ့သည်။ ထိုအတောအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ပထမဆုံးခြေလှမ်းအဖြစ် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို နိုင်ငံရေး စာတမ်းဖတ်ပွဲနှင့်အတူ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေး နှင့် ထုတ်ဝေရေးဦးစီးဌာနရုံး၌ကျင်းပရာ စာအုပ်ဆိုင်ခန်း ပေါင်း ၁၇၀ ကျော်က သုတနှင့် ရသဆိုင်ရာ စာအုပ်အမျိုး အစားများစွာကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင် ခဲ့သည်။

စာပေဖွံ့ဖြိုးရေးနှင့် သုတ၊ ရသစာပေများကို ပိုမိုဖြန့်ဖြူး ပေးနိုင်ရေးနှင့် ပုံနှိပ်စာပေထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းများ တိုးတက်လာစေရန်အတွက် စာပေဗိမာန် စာအုပ်ဆိုင်သစ်ကို လည်း ရန်ကုန်မြို့ စာပေဗိမာန်အဆောက်အအုံတွင် ထပ်မံ တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲကို သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံးတွင်ကျင်းပခဲ့ပြီး စာအုပ် ဆိုင်ခန်း ၂၀၀ ခန့်က အထူးနှုန်းများဖြင့် စာချစ်သူများကို စာအုပ် များ ရောင်းချပေးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၉ သို့*

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီး ဌာနသည် စာပေလုပ်ငန်းများ၊ နိုင်ငံတော်ပြန်တမ်းများ ပုံနှိပ် ထုတ်လုပ်ဖြန့်ချိခြင်း၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် အခြေခံပညာကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ပေး ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကအပ်နှံသည့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သောဆန္ဒမဲလက်မှတ်များကို ရိုက်နှိပ်ပေးခြင်းများ အဓိကဆောင်ရွက်နေသည့်ဦးစီးဌာန တစ်ခုလည်း ဖြစ်သည်။

### စာတမ်းဖတ်ခြင်းဖြင့် အသိပညာတိုးပွား

အစိုးရသစ်လက်ထက် ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒ များအရ စာတမ်းဖတ်ပွဲများကို ကျင်းပပေးခဲ့ပြီး အထူးသဖြင့် နိုင်ငံရေးစာတမ်းဖတ်ပွဲကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ နိုင်ငံရေးပညာရှင်များနှင့် သုတေသီများ၏ စာတမ်း ပေါင်း ၁၈ စောင်ကို စာတမ်းရှင်များက ဖတ်ကြားခဲ့ကြပြီး စာပေချစ်သူ၊ နိုင်ငံရေးစိတ်ပါဝင်စားသူများ လာရောက် အားပေး ဆွေးနွေးခဲ့ကြသည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် မတူညီ သော ချဉ်းကပ်ပုံမျိုးစုံဖြင့်တင်ပြထားသည့် နိုင်ငံရေးဆိုင်ရာ စာတမ်းပေါင်း ၁၈ စောင်နှင့် ပရိသတ်များက မေးမြန်းသည့် မေးခွန်းများ၊ အပြန်အလှန်ဆွေးနွေးကြသည်များကို စာအုပ် အဖြစ်ပြုစုကာ စာမျက်နှာ ၄၈၅ မျက်နှာပါ ပထမတွဲစာအုပ်နှင့် စာမျက်နှာ ၅၁၅ မျက်နှာပါ ဒုတိယတွဲစာအုပ်တို့ကို ပုံနှိပ် ထုတ်ဝေဖြန့်ချိနိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် စာတမ်းဖတ်ပွဲအဖြစ် ခေတ်ပြိုင်သမိုင်း ဆိုင်ရာစာပေစာတမ်းဖတ်ပွဲကို ဆောင်းရာသီစာအုပ် ဈေးပွဲတော်နှင့် ပူးပေါင်းကာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲတွင် ခေတ်ပြိုင် သမိုင်းဆိုင်ရာ စာပေစာတမ်း ၁၄ စောင်ကိုဖတ်ကြားခဲ့ပြီး ပရိသတ်များနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်နိုင် ခဲ့သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့်စာတမ်းများနှင့် ဆွေးနွေးချက်များကိုလည်း စုစည်းကာ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်း ပထမတွဲ နှင့် ဒုတိယတွဲများကို ထုတ်ဝေနိုင်ရေးအတွက် ပုံနှိပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

### ပုံနှိပ်စာပေများအားကောင်းလာပြီ

ဆယ်စုနှစ်နှစ်ခုမျှ အားနည်းယိမ်းယိုင်လာခဲ့သည့် စာ အုပ်ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများသည် အစိုးရသစ် တက်လာပြီး တစ်နှစ်အတွင်း ပြန်လည်စည်ကားလာခဲ့ပြီး နိုင်ငံတော်မှလည်း





ရန်ကုန်မြို့စာပေဗိမာန်စာအုပ်အရောင်းဆိုင်၌ စာအုပ်များ ပြသထားမှုကို တွေ့ရစဉ်

**စာပေဖွံ့ဖြိုးရေးနှင့် သုတ၊ ရသစာပေများကို ပိုမိုဖြန့်ဖြူးပေးနိုင်ရေးနှင့် ပုံနှိပ်စာပေထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းများ တိုးတက်လာစေရန်အတွက် စာပေဗိမာန်စာအုပ်ဆိုင်သစ်ကိုလည်း ရန်ကုန်မြို့ စာပေဗိမာန်အဆောက်အအုံတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့**



ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ နေပြည်တော် ပုံနှိပ်စက်ရုံ၌ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေစဉ်



ရွေးကောက်ပွဲကာလအတွင်း မဲစာရင်းစာရွက်များပုံနှိပ်မှုကို စိစစ်ကြီးကြပ်နေစဉ်

*စာမျက်နှာ ၈ မှ*

### အမျိုးသားစာပေဆုချီးမြှင့်

မြန်မာစာပေရေးသားခြင်း အတတ်ပညာရှင်များကို ချီးမြှောက်သည့်အနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် အမျိုးသားစာပေဆုချီးမြှင့်ခြင်းအခမ်းအနားကိုလည်း အဆိုပါဦးစီးဌာနကကြီးမှူးကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် နိုင်ငံတော်အဆင့် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ချီးမြှင့်ခြင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် စာပေဗိမာန်စာမူဆုတို့ကို ပေးအပ်နိုင်ခဲ့သည်။

အဆိုပါအခမ်းအနားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ အမျိုးသား ကဇာတ်ရုံတွင် ကျင်းပနိုင်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်မှအသိအမှတ်ပြုသည့်အနေဖြင့် ပေးအပ်သည့် အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီး ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်) နှင့် ဆရာကြီး တင်ခ (တက္ကသိုလ်တင်ခ) တို့အားပေးအပ်နိုင်ခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် ၂၅ သိန်းစီကို ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသားစာပေဆုချီးမြှင့်ရာတွင် တစ်နှစ်တာအတွင်း ထွက်ရှိသည့် စာအုပ်များအနက်မှ သတ်မှတ်ထားသည့်အချက်အလက်များနှင့် ကိုက်ညီသည့်စာအုပ်များကိုရွေးချယ်၍ ဘာသာ ရပ် ၁၆ မျိုးခွဲခြားကာ ဘာသာရပ်အလိုက် အကောင်းဆုံးစာအုပ်တစ်အုပ်ကို ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ရာတွင် သတ်မှတ်အဆင့်မီသည့်ဘာသာရပ်ငါးမျိုးအတွက် ထွက်ရှိသည့်စာအုပ်မရှိသဖြင့် ချန်လှပ်ထားခဲ့ရပြီး ကျန်ဘာသာရပ် ၁၁ မျိုးအတွက် ဆုတစ်ဆုလျှင် ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်ခဲ့သည်။

စာပေဗိမာန်ဆုမှာ ဘာသာရပ် ၁၃ မျိုးခွဲခြားထားပြီး စာမူများဖိတ်ခေါ်ကာ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး ပထမဆုအဖြစ် ဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုအတွက် ဆုငွေ ကျပ်ငါးသိန်းနှင့် တတိယဆုအတွက် ဆုငွေကျပ် သုံးသိန်းတို့ကို ချီးမြှင့်ပေးခဲ့သည်။

### စနေ၊ တနင်္ဂနွေစာအုပ်ဈေးတန်း

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် စာပေလှုပ်ရှားမှုများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စနေ၊ တနင်္ဂနွေပြည်သူများ၏ အားလပ်ရက်များတွင် လွတ်လပ်အေးချမ်းစွာဖြင့် စာအုပ်စာပေကောင်းများကို တစ်စုတစ်စည်းတည်း ရှာဖွေဝယ်ယူနိုင်ရေးအတွက်ရည်ရွယ်ကာ Yangon Books Street ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်စက်ရုံနှင့် ဝန်ကြီးများရုံးရှေ့ ဗဟိုပုံနှိပ်စက်ရုံဘေး အနော်ရထာလမ်းမကြီး ပလက်ဖောင်းများသည် စနေ၊ တနင်္ဂနွေရက်များအတွင်း စာအုပ်ဆိုင်များဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

စာအုပ်ဆိုင် ၁၆၉ဆိုင်အထိ ဖွင့်လှစ်လာခဲ့ပြီး နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ထားပြီး စာအုပ်ဈေးတန်းကို ဧပြီလအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ကြားဖြတ်ရွေးကောက်ပွဲဆန္ဒမဲများ ရိုက်နှိပ်ပြီး

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ကြားဖြတ်ရွေးကောက်ပွဲဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ရိုက်နှိပ်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ဆန္ဒမဲ စောင်ရေ ၂၄၇၂၆၀၀ စောင်ကို အချိန်မီ ပုံနှိပ်ထုတ်လုပ်ပေးနိုင်ခဲ့သည်။

### ကျောင်းသုံးဖတ်စာအသစ်များ ရိုက်နှိပ်

ပညာရေးဝန်ကြီးဌာနမှအပ်နှံသည့် အခြေခံပညာကျောင်းသုံးဖတ်စာအုပ်များကိုလည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီ ပုံနှိပ်ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနမှအပ်နှံသည့် အခြေခံပညာအလယ်တန်းအဆင့် ပဋ္ဌမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းတို့အတွက် ဘာသာရပ် ၂၁ မျိုး၊ အမှာစာစောင်ရေ ၁၇ ဒသမ ၁၀၉ သန်းကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့ရှိ ပုံနှိပ်စက်ရုံခြောက်ခုတို့တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်ပုံနှိပ်ခဲ့ရာ ယခုလကုန်အပြီး ပေးအပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိခြင်းဖြင့် နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ခက်မကြီးတစ်ခုအဖြစ် နိုင်ငံအတွက် အကျိုးပြုနေပါကြောင်း။



ရန်ကုန်မြို့ ဗဟိုပုံနှိပ်စက်ရုံဝင်းအတွင်း စာအုပ်ဈေးရောင်းပွဲ၌ ကြိုက်နှစ်သက်ရာစာအုပ်များ ရွေးချယ်ဝယ်ယူနေစဉ်



ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စာအုပ်ဈေးရောင်းပွဲတော်အတွင်း စာပေဝါသနာအိုးများ စာအုပ်များကို စိတ်ဝင်တစား ရွေးချယ်နေကြစဉ်

# အမျိုးသမီးစွန့်ဦးတီထွင်သူများအား အီးယူဆုချီးမြှင့်

**ဘရပ်ဆဲလ် မတ် ၉**

အမျိုးသမီး စွန့်ဦးတီထွင်သူများအား ပေးအပ်သည့် ၂၀၁၇ ခုနှစ် ဥရောပသမဂ္ဂ (အီးယူ)ဆုအား ထူးချွန်အမျိုးသမီး လုပ်ငန်းရှင်လေးဦးအား ယမန်နေ့က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆုရရှိသူ လေးဦးအနက် သုံးဦးမှာ ဗြိတိန် ဒီဇိုင်းဖန်တီးရေးလုပ်ငန်းဖြစ်သည့် စထရိုမက်တိုလိုက်တည်ထောင်သူ မီရှယ်လာမာဂက်စ်၊ အိတ်ဆောင်ရေသန့်စက်နှင့် ရေပူစက်ထုတ်လုပ်သော လုပ်ငန်းဖြစ်သည့် ဆော်ဗက်တန် တည်ထောင်သူ ပီထရာဝက်ဒ်ထရွန်း၊ ခါတ်ခွဲခန်းသုံးစနစ်များအား စုစည်းထားသည့် လက်ဘ်အွန်အေချပ်စ်စနစ် ထုတ်လုပ်သည့် ချပ်စ်ရှော့တည်ထောင်သူ ကလော်ဒီယာ ဂါဒနာတို့ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးတစ်ဦးမှာ မျက်မမြင်များအတွက် ပထမဆုံး တက်ဘလက်ထုတ်လုပ်သည့် ဘလီတက်ဘ် နည်းပညာလုပ်ငန်း၏ တွဲဖက်တည်ထောင်သူ ခရစ်စတီနာ တက်ဘီတနိုဗာက ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုကို ဥရောပသမဂ္ဂ၏ ဟော်ရီဇွန် ၂၀၂၀ စီမံကိန်းက ရန်ပုံငွေထောက်ပံ့ခဲ့ခြင်းဖြစ်သည်။ အသက် ၃၀ နှစ်နှင့် ၎င်းအောက် အကောင်းဆုံး အမျိုးသမီး လုပ်ငန်းရှင်များအတွက် စွန့်ဦးတီထွင်သူများ မြှင့်တင်ရေးဆုအား ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောကြားခဲ့သည်။

အမျိုးသမီး စွန့်ဦးတီထွင်သူများအတွက် ဥရောပသမဂ္ဂဆုအား ၂၀၁၁ ခုနှစ်တွင် စတင်ပေးအပ်ခဲ့ပြီး ဆုပေးရသည့် ရည်ရွယ်ချက်မှာ တီထွင်ဆန်းသစ်မှုနှင့် အမျိုးသမီးလုပ်ငန်းရှင်များ ပိုမိုလိုအပ်နေကြောင်း အများပြည်သူများက သတိပြုမိစေရန် ဖြစ်သည်။

**(ဆင်ဟွာ)**



# ခိုက်ရန်ဖြစ်ပွားရာမှ ကလေးဂေဟာမီးလောင်၍ ကလေး ၂၂ ဦးသေဆုံး

**ဂွါတီမာလာစီးတီး မတ် ၉**

ဂွါတီမာလာ အလယ်ပိုင်းတွင် ယမန်နေ့က ကလေးဂေဟာတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေး ၂၂ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

ဆန်ဂျိုဇ့်ပီနူလာမြို့ရှိ ဗာဂျန်ဒီလာ အဆူရှန်ကလေးဂေဟာတွင် မီးလောင်မှု ဖြစ်ပွားပြီးနောက် ကလေးငယ် ၂၀ ထက်မနည်း ဆိုးရွားသည့် မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သိရသည်။



မီးလောင်မှုသည် အဆောင်အတွင်း ခိုက်ရန်ဖြစ်ပွားရာမှ စတင်ခဲ့ကြောင်း နေ့စဉ်သတင်းစာ ပရန်ဆာလိုက်ဗာက ဖော်ပြခဲ့သည်။ ခိုက်ရန်ဖြစ်ပွားစဉ် မွေ့ရာများအား မီးရှို့ခဲ့သဖြင့် မီးတောက်သည် အဆောက်အအုံ၏ ကျန်အပိုင်းများသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းစာတွင် ဆက်လက်ဖော်ပြခဲ့သည်။

ကလေးဂေဟာအတွင်း ပြုစုစောင့်ရှောက်မှု အားနည်းခြင်းနှင့် အစားအစာများ လုံလောက်စွာမရရှိသည့်အတွက် ဆယ်ကျော်သက်ကလေး ၆၀ ကျော်က မတ် ၇ ရက် ညက စတင်ဆန္ဒပြခဲ့ကြောင်း သိရသည်။

မီးလောင်ဒဏ်ရာရရှိသူအချို့သည် အရေးပေါ်ကုသနေသည့်ကြားမှ နောက်ဆုံးတွင် အခြေအနေပြင်းထန်သောကြောင့် သေဆုံးခဲ့ရကြောင်း ရစ်ဖ့်ဗ်တ်ဆေးရုံဒါရိုက်တာ ကားလို့စ်က သတင်းစာသို့ ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ကဘူးလ်ရှိဆေးရုံတစ်ရုံကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့ အသေခံဗုံးခွဲ

**ကဘူးလ် မတ် ၉**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တွင် အိုင်အက်စ်စစ်သွေးကြွများက ဆေးရုံတစ်ရုံကို အသေခံဗုံးဖောက်ခွဲခဲ့ရာ သေဆုံးသူအများအပြားရှိခဲ့ကြောင်း၊ ယင်းဗုံးဖောက်ခွဲမှုအား နိုင်ငံတကာက ပြစ်တင်ရှုတ်ချမှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။ ဆာဒါမိုဟာမက်ဒွေ့ခါန်ဆေးရုံကို ယမန်နေ့က အသေခံဗုံးခွဲသမားလေးဦးက အသေခံဗုံးခွဲခဲ့ရာ လူ ၃၀ ကျော်သေဆုံးခဲ့ပြီး အခြားလူ ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

သေဆုံးသူများတွင် ဆရာဝန်များ၊ လူနာများနှင့် ပြည်သူ့ဝန်ထမ်းများပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ သမ္မတဂါနီက လူသားမဆန်သည့် သတ်ဖြတ်မှုကို ပြုလုပ်သူများအား တရားဥပဒေအတိုင်း အပြစ်ပေးနိုင်ရန် လုံခြုံရေးတပ်ဖွဲ့များကို အမိန့်ပေးခဲ့ပြီးနောက် ဒဏ်ရာရရှိသူများအား အကောင်းဆုံးဆေးကုသမှုများ ထောက်ပံ့ပေးရန် ကျန်းမာရေးအာဏာပိုင်များအား တိုက်တွန်းလိုက်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# အမေရိကန်စစ်အင်အားကို ပြည်ပနိုင်ငံများထိခြဲ့ထွင်ရန် လေယာဉ်တင်စစ်သင်္ဘောများ အင်အားဖြည့်

**ဝါရှင်တန် မတ် ၉**

လွန်ခဲ့သော သီတင်းပတ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံတန် ယူအက်စ်အက်စ်ဂျီရယ်အာဖို့ဒ် အမည်ရှိ လေယာဉ်တင် စစ်သင်္ဘောသစ်တစ်စင်းကို စစ်ရေးဆိုင်ရာ ချဲ့ထွင်မှုများပြုလုပ်ရန် ရည်ရွယ်ကာ ရွေးချယ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



ဖို့ဒ်အမျိုးအစား လေယာဉ်တင်သင်္ဘောသည် တည်ဆောက်ခဲ့သမျှသော လေယာဉ်တင်သင်္ဘောများအားလုံးတွင် ဈေးအကြီးဆုံး စစ်သင်္ဘောတစ်စင်းဖြစ်ကာ အမေရိကန်စစ်အင်အားကို ပြည်ပနိုင်ငံများအထိ ပြသရန် အရေးကြီးဆုံးအခန်းမှ ပါဝင်လျက်ရှိကြောင်း သိရသည်။

နောက်ထပ် လေယာဉ်တင်စစ်သင်္ဘောများကို ဆက်လက်တည်ဆောက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရန့်က ပြောကြားခဲ့သည်။

ထပ်မံ တည်ဆောက်မည့် လေယာဉ်တင် စစ်သင်္ဘောသစ်များသည် တိုက်ခိုက်မှုဒဏ်ကို ခံနိုင်အောင် တည်ဆောက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ ထရန့်သည် လေယာဉ်တင် စစ်သင်္ဘောများကို ၁၀ စင်းမှ ၁၂ စင်းထိရှိအောင် ချဲ့ထွင်တည်ဆောက်မည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ပါဖက်တိုရာစေးအား ရာထူးမှရပ်စဲရန် ဥပဒေပြုအမတ်က မဲခွဲဆုံးဖြတ်

**မနီလာ မတ် ၉**

ဖိလစ်ပိုင်ရှိ ဥပဒေပြုအဖွဲ့ဝင်များသည် ပါဖက်တိုရာစေးအား အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားမှုနှင့်ပတ်သက်၍ လိမ်ညာဖော်ပြခဲ့ကြောင်း စွပ်စွဲမှုများပေါ်ပေါက်လာမှုကြောင့် ၎င်းအား ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် ငြင်းပယ်ခဲ့ကြကြောင်း သိရသည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ဥပဒေပြုအမတ်များ ပါဝင်သည့် ရာထူးတာဝန်ခန့်ထားမှုဆိုင်ရာ ကော်မရှင်အဖွဲ့က ရာစေးအား ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခြင်းမှ ရပ်စဲရန် ဗုဒ္ဓဟူးနေ့တွင် မဲပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးနေရာတွင် တာဝန်ထမ်းဆောင်ရန် ဖိလစ်ပိုင်သမ္မတက ပါဖက်တိုရာစေးအားတာဝန်ခန့်အပ်မှု ပြုလုပ်ခဲ့ပြီးနောက်တွင် ဥပဒေပြုကော်မရှင်အဖွဲ့၏ အတည်ပြုချက်ဖြင့် အစိုးရအဖွဲ့ဝန်ကြီးများက အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပါဖက်တိုအား ထုတ်ပယ်မှုသည် သမ္မတရိုဒရီဂိုဒူတက်တေးက ၎င်းအား ခန့်ထားပြီးနောက် ၈ လကျော်အကြာတွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ပြီးခဲ့သည့်လအတွင်းက ရာစေးသည် ၎င်းအနေဖြင့် အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားခြင်းမရှိကြောင်း ကော်မရှင်သို့ပြောကြားခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင်မူ ၎င်းသည် ၁၉၈၆ ခုနှစ်က အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့ကြောင်း ဝန်ခံခဲ့သည်။

သမ္မတဒူတက်တေးသည် ရာစေး၏နေရာတွင် အခြားတစ်ဦးကိုမကြာမီခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

▲ *ကျောဖုံးမှ*

စစ်ကိုင်းမြို့ ထူပါရုံစေတီတော်ရင်ပြင်တွင် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။ မတ် ၁၂ ရက်(တပေါင်းလပြည့်နေ့) သီတဂူဆရာတော်၏ မွေးနေ့ နံနက် ၅ နာရီတွင် စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးတော်မူကြသော သံဃာတော် အပါးတစ်ထောင်တို့အား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ဆွမ်းတော်ကြီး လောင်းလှူမည်ဖြစ်သည်။ ထိုနေ့ လပြည့်ညဥ့်ဦးယံတွင် သီတဂူဆရာတော်မှ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီရှိ သီတဂူသံဝေဇနိယဓမ္မဗိမာန်တော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်မည်ဖြစ်ပြီး အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၁၁ ပါးနှင့် သီတဂူ ဗုဒ္ဓတက္ကသိုလ်လေးခုမှ သံဃာတော်အပါးတစ်ထောင်တို့က ဓမ္မဗိမာန်အတွင်း ပူဇော်ထားသော ရုပ်ပွားဆင်းတုတော်များကို ဗုဒ္ဓါဘိသေကအနေကဇာတင်ကြမည်ဖြစ်ကြောင်း သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးကျော်မိုးနိုင်ထံမှ သိရသည်။

မတ် ၁၃ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတောင်ရိုးတစ်လျှောက် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ကြသည့် သာသနာ့နွယ်ဝင် သီလရှင် အပါး ၁၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်း လှူကြမည်ဖြစ်သည်။

ထိုနေ့ နံနက် ၉ နာရီတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် လက်ခံရရှိတော်မူထားသည့် သာသနာ့အာဇာနည်သက်တော်ရှည်ဆရာတော်ကြီးများဖြစ်သော စစ်ကိုင်းတောင်ရိုး ဇမ္ဗူမင်္ဂလာဆရာတော်၊ ညောင်တုန်းမြို့ပုဏ္ဏာရာမဈေးကျောင်း ညောင်တုန်းဆရာတော်၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်၊ မင်းလှမြို့ဝေဠုဝန်စာသင်တိုက် ဆရာတော်၊ မန္တလေးမြို့ မဟာဝိဇိတာရုံတိုက် ဆရာတော်၊ နိုင်ငံတော် သံဃမဟာ နာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်၊ ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်၊ အမရပူရမြို့မဟာဂန္ဓာရုံ ဆရာတော်၊ လယ်ဝေးမြို့ပေါက်မြိုင်စာသင်တိုက်ဆရာတော်၊ ချောက်မြို့ မဟာဝိဇိတာရာမ ဆင်ဖြူကျွန်းကျောင်းဆရာတော်၊ ထန်းတပင်မြို့နယ် လှည်းဆိပ်ကျောင်းဆရာတော်၊ မန္တလေးမြို့ဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်းဆရာတော်တို့ကို သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီသို့ ပင့်ဆောင်ကာ အဘိဓဇပူဇာသဘင်ကျင်းပမည် ဖြစ်သည်။ မတ် ၁၄ ရက် နံနက် ၅ နာရီတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်လေးခုရှိ သံဃာအပါး တစ်ထောင်အား



သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ

သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီတွင် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ပြီး ထိုနေ့တွင် သီတဂူဆရာတော်ကြီးအား တပည့်သံဃာတော်များနှင့် အလှူရှင်များက ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

မတ် ၁၅ ရက်တွင် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အသီးသီးမှ BA ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိကြသူများအား ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးပြီး မတ် ၁၆ ရက်မှ ၁၉ရက်အထိ နေ့စဉ်သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များအား ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်သွားရန်ရှိကြောင်း သိရသည်။

မတ် ၂၀ ရက်တွင် သီတဂူအဓိပတိ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု သီတဂူဆရာတော်က သံဝေဇနိယဓမ္မဗိမာန်တော်ကြီး ရေစက်ချ ကျောင်းလွှတ်ပူဇာ အထိမ်းအမှတ်အဖြစ် တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ မတ် ၁၃ ရက်မှ ၂၀ ရက် အထိ ညစဉ် ၇ နာရီတွင် မင်းကွန်းတိပိဋကမြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာ လင်္ကာရ၊ အင်းစိန်တပ်ဦးကျောင်း ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ဖားအောက်ဆရာတော်၊ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၊ အောက်စဖို့ဒ် ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိနှင့် သီတဂူဆရာတော်တို့က တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

သီတဂူဆရာတော်သည် မြန်မာသက္ကရာဇ် ၁၂၉၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့တွင် ဖွားမြင်ခဲ့ပြီး ၁၃၁၈ ခုနှစ်တွင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိသည်။ ၁၃၂၆ ခုနှစ်တွင် သံဃတက္ကသိုလ်မှ ဗုဒ္ဓဒေသနာဒီပလိုမာဘွဲ့ကိုရရှိခဲ့ပြီး ၁၃၃၄ ခုနှစ်တွင် မွန်ပြည်နယ် သပိတ်အိုင်တောရ၌ ဧကစာရီသီတင်းသုံး၍ ဓုရနှစ်ပါး အားထုတ်ခဲ့သည်။ ၁၃၃၈ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ သဒ္ဓမ္မသီတဂူချောင်ကို တည်ထောင်ခဲ့ပြီး ၁၃၄၂ ခုနှစ်တွင် သီတဂူသာသနာပြုအဖွဲ့ကို စတင်တည်ထောင်ခဲ့သည်။ သီတဂူဆရာတော်အား မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယက၊ ပရိယတ္တိ သာသနာဟိတဓရ ဂုဏဝိသိဋ္ဌ၊ ရန်ကုန်တက္ကသိုလ်ဂုဏ်ထူးဆောင်စာပေပါရဂူ၊ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်တက္ကသိုလ် ဂုဏ်ထူးဆောင်ဒေါက်တာ၊ အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ် ဂုဏ်ထူးဆောင်ဒေါက်တာ၊ ထိုင်းနိုင်ငံ မဟာမကုဋ္ဌ ဗုဒ္ဓတက္ကသိုလ်ဂုဏ်ထူးဆောင်ဒေါက်တာ၊ ရွှေကျင်သာသနာပိုင် ဝိသိဋ္ဌပုဂ္ဂလ သကလရဋ္ဌသာသနော ပကာရ၊ ကမ္ဘောဒီးယားနိုင်ငံ ပန်နာစမ် စတာ တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့တံဆိပ်များ ရရှိခဲ့ပြီး ယခုအခါ နိုင်ငံတော်မှ သီတဂူဆရာတော်အား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးကျော်မိုးနိုင်ထံမှ သိရသည်။

သီတဂူဆရာတော်သည် ဗုဒ္ဓတက္ကသိုလ်လေးခုကို စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ငူမြို့တို့တွင် ဖွင့်လှစ်ကာ သာသနာတော် ပြန့်ပွားခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ပရိယတ္တိလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး စစ်ကိုင်းတောင်ရိုးတွင် တရားအားထုတ်ကြကုန်သော ရဟန်းရှင်လူ သီလရှင်အပေါင်းတို့အတွက် ရေအလှူကို လည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် စက္ခုဒါနဆေးရုံပေါင်း ၃၅ ရုံကို ဖွင့်လှစ်ကာ မျက်စိဝေဒနာရှင် လေးသိန်းကျော်အား ခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် ခိုလန်၊ ချင်းပြည်နယ် နာဂဒေသနှင့် ဖားကန့်မြို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်လည်း အခြေခံပညာကျောင်းပေါင်း ၅၀ ကျော် တည်ဆောက်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံတစ်ဝန်း ပျက်စီးယိုယွင်းနေသည့် စေတီပုထိုးပေါင်း ၂၅၀ ခန့်ကိုလည်းကောင်း၊ စစ်ကိုင်းတောင်ရိုးတွင် သီတဂူအထွေထွေနှင့် မျက်စိဆေးရုံတည်ဆောက်ကာ ကျန်းမာရေးဝန်ဆောင်မှုများ အလုံးစုံအခမဲ့ကုသပေးခြင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအရပ်ရပ်တွင် အရေးပေါ်ကြုံတွေ့ခဲ့ရသည့် ရေဘေး၊ မီးဘေး၊ ငလျင်ဘေးနှင့် အခြားသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကျရောက်ရာ ဒေသများတွင်လည်း အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့အင်အားဖြင့် ပါဝင်လှူဒါန်းခဲ့သည်။

ပြည်ပသို့ သာသနာပြန့်ပွားစေရေးအတွက် အမေရိကန်နိုင်ငံ အော်စတင်မြို့ ဖလော်ရီဒါမြို့နှင့် မီနီဆိုတားမြို့တို့တွင် ဝိပဿနာစင်တာများနှင့် ဗုဒ္ဓစင်တာများ ဖွင့်လှစ်ခြင်း၊ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဗုဒ္ဓဝိပဿနာစင်တာ ဖွင့်လှစ်ခြင်း၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဗုဒ္ဓစင်တာ ဖွင့်လှစ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ပြည်တွင်း ပြည်ပ တရားပွဲပေါင်း ၅၀၀၀ ကျော်ဖြင့် မြတ်ဗုဒ္ဓ၏ တရားတော်များကို ဟောကြားပေးခဲ့သည်။

ဖွင့်လှစ်တော့မည်ဖြစ်သည့် ဗုဒ္ဓဘာသာအကယ်ဒမီတွင် ပြည်တွင်း ပြည်ပမှ ဝိပဿနာတရားအားထုတ်လိုသူများအတွက် အမျိုးသားယောဂီများအတွက် အခန်းပေါင်း ၁၀၀ နှင့် အမျိုးသမီးယောဂီများအတွက် အခန်းပေါင်း ၁၀၀ ကို စီစဉ်ထားရှိပြီး သီတဂူဆရာတော် သက်တော် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် တမ္ပဝတီအရပ်ရှိ တံတိုင်းရှည်ရွာမှ ကြေးသွန်းပညာရှင် ၂၀၀ က တစ်ညတည်းဖြင့် အပြီးသတ်သွန်းလောင်းထားသော ကြေးပိဿာချိန် ၈၀၀၀ ရှိ ခေါင်းလောင်းကြီးအား အဆိုပါအကယ်ဒမီတွင် ချိတ်ဆွဲထားရှိသည့်အပြင် ဆရာတော်ပုံတူ ရုပ်တုကိုလည်း ပူဇော်ထားကြောင်း သိရသည်။

သီတဂူဆရာတော်၏ သက်တော် ၈၀ ပြည့် မွေးနေ့ပူဇာနှင့် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီ ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များ အားလုံးလာရောက်ပူဇော်လေ့လာနိုင်ပြီး တရားဒေသနာတော်များကိုလည်း လာရောက်နာယူနိုင်ကြောင်း သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့မှ အတွင်းရေးမှူးက ပြောကြားသည်။

*ပြည်သူ့လွှတ်တော်မှ*

ခြင်းများ တိတိကျကျမရှိပါကြောင်း၊ လုပ်ငန်းလမ်းညွှန်ထဲတွင် ပါဝင်သည့် လုပ်ငန်းပြီးမြောက်မှုအာမခံ ထုတ်ပေးသော်လည်း တည်ဆောက်သည် ကုမ္ပဏီသည် တည်ဆောက်သည့် လုပ်ငန်း၏ တည်တံ့ခိုင်မြဲမှုကို မလွန်ဆန်နိုင်သောဖြစ်ရပ်မှလွဲ၍ အနည်းဆုံး နှစ်နှစ်ပြည့်သည်အထိ တာဝန်ရှိနေမည်ဖြစ်သည်ဟူသည့်အချက်ကို အထူးပြုထောက်ခံလိုပါကြောင်း။

နိုင်ငံတော် ဘတ်ဂျက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် လမ်း၊ တံတားနှင့် အဆောက်အအုံများသည် စံချိန်မမီ၊ အရည်အသွေးမပြည့်ဝသည့်အတွက် လပိုင်းအတွင်း ပျက်စီးယိုယွင်းနေသည်ကို မြင်တွေ့နေရပါကြောင်း စံချိန်စံညွှန်းမမီခြင်းများကို ဖုံးဖိရန် နှစ်စဉ်နိုင်ငံတော် ဘဏ္ဍာငွေများတောင်းခံပြီး ထပ်ပိုးကတ္တရာခင်းခြင်းများသာ ထပ်တလဲလဲလုပ်ဆောင်သည်ကို တွေ့ရပါကြောင်း။

မြေကျောက်လမ်းများသည် လပိုင်းအတွင်းပျက်စီးကြသည့် အတွက် ထပ်တလဲလဲ မြေဖို့ခင်းခြင်းသာ ပြုလုပ်ကြကြောင်း၊ စံချိန်စံညွှန်းမမီသည့် ကတ္တရာလမ်းများသည် မြေလမ်းဘဝ ပြန်ရောက်သွားသည်ကို မြို့နယ်တိုင်းတွင် မြင်တွေ့ရကြောင်း။

ကုမ္ပဏီနှင့် ဌာနဆိုင်ရာများမှ အင်ဂျင်နီယာများသည် ပညာရှင်များဖြစ်ကြသည့်အတွက် မိမိပညာရပ်အပေါ် သစ္စာမဖောက်ဘဲ အင်ဂျင်နီယာများလိုက်နာရမည့် အခြေခံ ကျင့်ဝတ်နှင့် ဝတ္တရားများကို လိုက်နာဆောင်ရွက်မည်ဆိုလျှင် နိုင်ငံတွင် စေတနာ၊ ပညာနှင့် သိက္ခာဖြင့် တည်ဆောက်သော လမ်း၊ တံတားနှင့် အဆောက်အအုံများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာများ အလေအလွင့်မဖြစ်စေရန် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း၊ ယင်းမာပင် မဲဆန္ဒနယ်မှ ဦးအောင်စိုး၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင်၊ တပ်မတော်သား ကိုယ်စားလှယ်ဗိုလ်မှူးနှင်းစိုးနှင့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော် တို့က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်းသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်းပြီး အဆိုကို ထောက်ခံကြောင်းဆွေးနွေးရာ အဆိုရှင် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်က အဆိုကို အတည်ပြုပေးရန် လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ရက်စွဲ- ၉-၃-၂၀၁၇ ဘာသာ- အင်္ဂလိပ်စာ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိ | | | ပျက်ကွက် | | | ဖြေဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | နေပြည်တော် | ၉၃၃၉ | ၁၁၆၂၇ | ၂၀၉၆၆ | ၈၄၅ | ၆၁၄ | ၁၄၅၉ | ၈၄၉၄ | ၁၁၀၁၃ | ၁၉၅၀၇ | 92.97% |
| ၂ | ကချင်ပြည်နယ် | ၁၂၇၉၀ | ၂၀၀၅၇ | ၃၂၈၄၇ | ၁၂၁၈ | ၁၀၀၇ | ၂၂၂၅ | ၁၁၅၇၂ | ၁၉၀၅၀ | ၃၀၆၂၂ | 93.20% |
| ၃ | ကယားပြည်နယ် | ၂၀၃၅ | ၃၄၅၇ | ၅၄၉၂ | ၁၇၇ | ၁၄၅ | ၃၂၂ | ၁၈၅၈ | ၃၃၁၂ | ၅၁၇၀ | 94.14% |
| ၄ | ကရင်ပြည်နယ် | ၆၃၅၆ | ၁၀၈၈၉ | ၁၇၂၄၅ | ၆၉၁ | ၆၄၅ | ၁၃၃၆ | ၅၆၆၅ | ၁၀၂၄၄ | ၁၅၉၀၉ | 92.25% |
| ၅ | ချင်းပြည်နယ် | ၄၇၄၇ | ၆၆၂၂ | ၁၁၃၆၉ | ၈၄၃ | ၈၃၃ | ၁၆၇၆ | ၃၉၀၄ | ၅၇၈၉ | ၉၆၉၃ | 85.26% |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၁၀၂၄ | ၅၅၉၀၀ | ၉၆၉၂၄ | ၂၄၈၉ | ၁၈၂၆ | ၄၃၁၅ | ၃၈၅၃၅ | ၅၄၀၇၄ | ၉၂၆၀၉ | 95.55% |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၇၁၃၈ | ၁၂၇၇၁ | ၁၉၉၀၉ | ၇၂၄ | ၇၂၃ | ၁၄၄၇ | ၆၄၁၄ | ၁၂၀၄၈ | ၁၈၄၆၂ | 92.73% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) | ၁၇၅၉၂ | ၂၄၁၄၄ | ၄၁၇၃၆ | ၁၆၃၇ | ၁၂၂၀ | ၂၈၅၇ | ၁၅၉၅၅ | ၂၂၉၂၄ | ၃၈၈၇၉ | 93.15% |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၁၀၀၀၂ | ၁၃၃၄၀ | ၂၃၃၄၂ | ၉၀၉ | ၆၇၂ | ၁၅၈၁ | ၉၀၉၃ | ၁၂၆၆၈ | ၂၁၇၆၁ | 93.23% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၃၂၃၁၆ | ၄၁၀၉၃ | ၇၃၄၀၉ | ၂၀၆၁ | ၁၁၂၄ | ၃၁၈၅ | ၃၀၂၅၅ | ၃၉၉၆၉ | ၇၀၂၂၄ | 95.66% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၄၆၅၆၃ | ၅၈၄၆၁ | ၁၀၅၀၂၄ | ၃၂၁၉ | ၂၁၁၆ | ၅၃၃၅ | ၄၃၃၄၄ | ၅၆၃၄၅ | ၉၉၆၈၉ | 94.92% |
| ၁၂ | မွန်ပြည်နယ် | ၉၃၇၀ | ၁၄၈၁၀ | ၂၄၁၈၀ | ၈၇၂ | ၇၀၂ | ၁၅၇၄ | ၈၄၉၈ | ၁၄၁၀၈ | ၂၂၆၀၆ | 93.49% |
| ၁၃ | ရခိုင်ပြည်နယ် | ၂၀၈၅၆ | ၂၁၇၄၈ | ၄၂၆၀၄ | ၂၉၁၂ | ၁၅၆၆ | ၄၄၇၈ | ၁၇၉၄၄ | ၂၀၁၈၂ | ၃၈၁၂၆ | 89.49% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၅၃၅၉၇ | ၆၀၆၄၀ | ၁၁၄၂၃၇ | ၅၉၉၉ | ၄၂၃၆ | ၁၀၂၃၅ | ၄၇၅၉၈ | ၅၆၄၀၄ | ၁၀၄၀၀၂ | 91.04% |
| ၁၅ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၇၅၉ | ၂၉၄၂ | ၄၇၀၁ | ၁၈၄ | ၁၈၄ | ၃၆၈ | ၁၅၇၅ | ၂၇၅၈ | ၄၃၃၃ | 92.17% |
| ၁၆ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၀၇၆၂ | ၁၇၇၃၁ | ၂၈၄၉၃ | ၉၄၅ | ၈၆၂ | ၁၈၀၇ | ၉၈၁၇ | ၁၆၈၆၉ | ၂၆၆၈၆ | 93.66% |
| ၁၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆၂၅၁ | ၁၀၁၃၅ | ၁၆၃၈၆ | ၅၅၀ | ၅၄၂ | ၁၀၉၂ | ၅၇၀၁ | ၉၅၉၃ | ၁၅၂၉၄ | 93.34% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၈၈၀၉ | ၄၉၇၇၅ | ၈၈၅၈၄ | ၄၁၃၃ | ၂၉၀၇ | ၇၀၄၀ | ၃၄၆၇၆ | ၄၆၈၆၈ | ၈၁၅၄၄ | 92.05% |
| ၁၉ | နိုင်ငံခြား | ၅၉ | ၁၁၅ | ၁၇၄ | ၁ | - | ၁ | ၅၈ | ၁၁၅ | ၁၇၃ | 99.43% |
| | စုစုပေါင်း | ၃၃၁၁၆၅ | ၄၃၆၂၅၇ | ၇၆၇၄၂၂ | ၃၀၄၀၉ | ၂၁၉၃၄ | ၅၂၃၄၃ | ၃၀၀၇၅၆ | ၄၁၄၃၂၃ | ၇၁၅၀၇၉ | 93.18% |

**မှတ်ချက်။ ။ နိုင်ငံတစ်ဝန်းနှင့် နိုင်ငံခြားစာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာ ဖြေဆိုသူ ၇၁၆၂၁၆ ဦးရှိပြီး ဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာဖြေဆိုသူ ၇၁၅၀၇၉ ဦးသာရှိသဖြင့် ပထမနေ့ထက် ၁၁၃၇ ဦး လျော့နည်းခဲ့သည်။**

## မောင်တောမြို့နယ် တင်းမေကျေးရွာအနီး မသင်္ကာဖွယ်လူတစ်စုနေထိုင်သွားသည့် တဲများတွေ့ရှိ

**နေပြည်တော် မတ် ၉**

မောင်တောမြို့နယ် တင်းမေကျေးရွာအနီး မသင်္ကာဖွယ်လူတစ်စုနေထိုင်သွားသည့် တဲများတွေ့ရှိရပြီး တဲများအနီး မသင်္ကာသူနှစ်ဦးကို တွေ့ရသဖြင့် ခေါ်ယူစစ်ဆေးကာ သတင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

တင်းမေကျေးရွာအနီးတွင် မသင်္ကာဖွယ်လူတစ်စုရောက်ရှိနေကြောင်း သတင်းအရ မတ် ၇ ရက် ညနေပိုင်းက နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းရာ ကျေးရွာအနီးရှိ လျှိုအတွင်း၌ လူနေတဲအကြီး တစ်လုံး၊ အသေး သုံးလုံး တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ ကျောင်းတောင်ကျေးရွာမှ အဒူလာမိန်နှင့် တင်းမေကျေးရွာမှ မာမတ်ဇူဘိုင်တို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း။

အဒူလာမိန်အား စစ်ဆေးရာ မတ် ၇ ရက် မွန်းလွဲ ၃ နာရီခန့်တွင် တင်းမေကျေးရွာနေ ရှောင်ရှူးအာလောင်သည် တောင်ကြားမှ ထွက်လာကာ တစ်ဖက်နိုင်ငံမှ လူများ ရောက်ရှိနေသဖြင့် ရှေ့ဆက်မသွားရန် တားမြစ်ခဲ့ကြောင်း၊ ရှောင်ရှူးအာလောင်သည် တစ်ဖက်နိုင်ငံမှ လူများနှင့်ပူးပေါင်းကာ အစီအစဉ်တစ်ခုခုပြုလုပ်နေသည်ဟု ယူဆရကြောင်း စစ်ဆေးသိရသည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည်အဆိုပါတဲများအား အသေးစိတ်စစ်ဆေးခဲ့ရာ အသုံးအဆောင် ပစ္စည်းအချို့အား သိမ်းဆည်းရမိခဲ့သဖြင့် သတင်းဆက်အားဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

* ကျော်ဖုံးမှ

အကျိုးသက်ရောက်မှု ကျရောက်စေမည်မဟုတ်ဘဲ မြန်မာနိုင်ငံ၏ ပြည်ပအလုပ်အကိုင်စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုစနစ်တကျရှိ လာမည်ဖြစ်ပြီး ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ညှိနှိုင်းကာ ပြန်လည်တင်ပြရန်အကြောင်းကြား**

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဝန်ကြီးဌာနနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့ အစည်းအဝေးတွင် ဝန်ကြီးဌာနဘက်မှ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝဆောင်ရွက်ရန် အမှန်တကယ်လုပ်ငန်းကို စိတ်ပါဝင်စား၍ ထိရောက်စွာဆောင်ရွက်နိုင်သည့် အေဂျင်စီများ ဖြစ်လာစေရန် အမည်ခံဆောင်ရွက်သည့် အေဂျင်စီများ လျော့နည်းသွားစေရန်အတွက် အကျိုးဆောင်လိုင်စင်အာမခံစပေါ်ငွေကို ငွေကျပ် သိန်း ၅၀၀ သို့ တိုးမြှင့်ကောက်ခံနိုင်ရေးကို အဖွဲ့ချုပ်မှ အေဂျင်စီများနှင့် ညှိနှိုင်းကာ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်မှ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်၏ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်အတွက် အာမခံစပေါ်ငွေကျပ် သိန်း ၅၀၀ တိုးမြှင့်ကောက်ခံနိုင်ရေးအတွက်လည်း ရှင်းလင်းပြောကြားခဲ့သည်။

**စပေါ်ငွေကို သတ်မှတ်နိုင်ခြင်းမရှိခဲ့**

ထို့ပြင် ဝန်ကြီးဌာနမှ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် စတင်ကာ လိုင်စင်အာမခံကြေးအား တိုးမြှင့်ထားရှိရန် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြသော်လည်း အခါတိုင်းတွင် ဆွေးနွေးဆဲဖြစ်ကြောင်းသာ တင်ပြနိုင်ခဲ့ပြီး အေဂျင်စီများအားလုံး လက်ခံနိုင်မည့် တိုးမြှင့်သတ်မှတ်ထားသော စပေါ်ငွေကို သတ်မှတ်နိုင်ခြင်း မရှိခဲ့ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

**မှတ်ပုံတင်ကြေးကောက်ခံ၍ ဆောင်ရွက်**

နိုင်ငံတကာတွင် ပုဂ္ဂလိကအလုပ်အကိုင်အေဂျင်စီများအား အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်ခြင်းနှင့် မှားယွင်းသည့် ဆောင်ရွက်မှုများ မရှိစေရန်အတွက် သီးသန့်ပုဂ္ဂလိကလုပ်ငန်းတစ်ခုအဖြစ် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံ၏ တည်ဆဲဥပဒေများအရ လိုင်စင်လျှောက်ထားသူများ၏ ငွေရေးကြေးရေး ခိုင်မာမှုနှင့် လုပ်ငန်းကျွမ်းကျင်မှုတို့အပေါ် စိစစ်၍ လိုင်စင်ထုတ်ပေးသည့်စနစ်ကို ဆောင်ရွက်နေကြသည်။ ရွှေ့ပြောင်းအလုပ်သမားများ အလုပ်အကိုင်နေရာချထားရေးအတွက် အာမခံစပေါ်ငွေ (Deposit) နှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အတွက် မှတ်ပုံတင်ကြေးတို့ကို ကောက်ခံ၍ ဆောင်ရွက်ကြခြင်းဖြစ်သည်။

**လိုင်စင်များကို ထုတ်ပေးလျက်ရှိ**

မြန်မာနိုင်ငံတွင်လည်း ဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကို ငွေရေးကြေးရေးခိုင်မာမှုနှင့်ပတ်သက်ပြီး Deposit နှင့် မှတ်ပုံတင်ကြေးသာ ကောက်ခံပြီး လုပ်ငန်းကျွမ်းကျင်မှုနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ လိုင်စင်များကို ထုတ်ပေးလျက်ရှိသည်ကို တွေ့ရှိရကာ အိမ်နီးချင်းနိုင်ငံများတွင် ပြည်ပအလုပ်အကိုင်အေဂျင်စီများ၏ လိုင်စင်အာမခံကြေးကို ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၂၇၆၈ ကို လည်းကောင်း၊ နီပေါနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၃၁၀၀၀ ကို လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် စေလွှတ်နိုင်သည့် အလုပ်သမားဦးရေအလိုက် သတ်မှတ်ထားခြင်းဖြစ်၍ အနည်းဆုံး အလုပ်သမား ၃၀၀ စေလွှတ်နိုင်ပါက လိုင်စင်အာမခံကြေး အမေရိကန်ဒေါ်လာ ၆၅၀၀ ဖြစ်ကာ ၃၀၀ နှင့်အထက် စေလွှတ်နိုင်ပါက အမေရိကန်ဒေါ်လာ ၁၀၈၀၀ မှ ၂၁၆၅၀ ထိကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကိုလည်းကောင်း၊ ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၄၀၅၅၃ ကို လည်းကောင်း သတ်မှတ်ထားပြီး မြန်မာနိုင်ငံသည် လက်ရှိတွင် လိုင်စင်အာမခံကြေးအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့်သာရှိနေသေးသည်။

**အလေးအနက်ထား အသိအမှတ်ပြု**

“ဝန်ကြီးဌာနအနေနဲ့ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတွေရဲ့ အကျိုး၊ အလုပ်သမားတွေအကျိုးကို ချင့်ချိန်စဉ်းစားပြီး မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နဲ့ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီတွေရဲ့တင်ပြမှုတွေကို အလေးအနက်ထား အသိအမှတ်ပြုပါတယ်။ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီတွေရဲ့ နောက်ကွယ်က နိုင်ငံခြားသားတွေ ချုပ်ကိုင်လုပ်ကိုင်နေတာတွေအပြင် အခြားအချက်တွေအပေါ် အဖွဲ့ချုပ်နဲ့ပူးပေါင်းပြီး အေဂျင်စီတွေကို အသိပညာပေးတာ၊ ကြီးကြပ်ဆောင်ရွက်တာတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီတွေကို အာမခံစပေါ်ငွေ တိုးမြှင့်ကောက်ခံတာက အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်တွေ၊ နိုင်ငံတကာကျင့်ထုံးတွေအတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်” ဟု ဦးမောင်မော်ကျော်က ပြောကြားသည်။

**အသနားခံတင်ပြ**

မကြာသေးမီက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၁၄၀ မှ လက်ရှိအချိန်ကာလသည် မလေးရှားနိုင်ငံသို့ အလုပ်သမားစေလွှတ်ရေးကို ယာယီရပ်ဆိုင်းထားခြင်း၊ အခြားပြည်ပနိုင်ငံများ၏ လုပ်သားဈေးကွက်မှာလည်း မရှိသလောက်လျော့နည်းနေခြင်းတို့ကြောင့် လိုင်စင်ရအေဂျင်စီများ၏ လုပ်သားပို့ဆောင်ရေးဈေးကွက်တွင် အခက်အခဲများ ကြုံတွေ့နေရခြင်း၊ လိုင်စင်အာမခံကြေး ပေးသွင်းနိုင်ခြင်းမရှိသည့် အေဂျင်စီများအား ပွဲစားဘဝသို့ ရောက်ရှိစေရန် တွန်းအားဖြစ်စေခြင်းအပြင် လူမှောင်ခိုကုန်ကူးမှုကိုလည်း ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိခြင်းတို့ကြောင့် လိုင်စင်အာမခံကြေး တိုးမြှင့်သတ်မှတ်ခြင်းမပြုရန် ဝန်ကြီးဌာနသို့ အသနားခံတင်ပြကြောင်း သိရသည်။

**အတည်ပြုခွင့်ပြုချက် ရရှိထားပြီးဖြစ်**

ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရန်အတွက် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအား စနစ်တကျရှိစေရေး ဆောင်ရွက်မည့် အစီအစဉ်ကို ဝန်ကြီးဌာနမှလည်း သက်ဆိုင်ရာများထံ တင်ပြထားရာ အတည်ပြုခွင့်ပြုချက် ရရှိထားပြီးဖြစ်ခြင်းကြောင့် လိုင်စင်အာမခံကြေး ငွေကျပ် သိန်း ၅၀၀ တိုးမြှင့်ကောက်ခံပြီး ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် စတင်လျှောက်ထားပါက လက်ရှိ နှစ်စဉ်ကြေး ငွေကျပ် သုံးသိန်းအစား ငွေကျပ် ငါးသိန်း တိုးမြှင့်မည်ဖြစ်၍ မြန်မာ့စီးပွားရေးဘဏ်ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ငွေစာရင်းအမှတ် MD-010840 သို့ ပေးသွင်းရန်နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်သက်တမ်းတိုးမြှင့်ပါက လက်ရှိနှစ်စဉ်ကြေး ငွေကျပ်နှစ်သိန်းအစား ငွေကျပ် သုံးသိန်း တိုးမြှင့်မည်ဖြစ်၍ မြန်မာ့စီးပွားရေးဘဏ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ငွေစာရင်းအမှတ် MD-010840 သို့ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**အကြောင်းကြားထား**

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ အနေဖြင့် လိုင်စင်အာမခံစပေါ်ငွေကျပ် သိန်း ၅၀၀ ကို ယခုမတ်လမှစတင်၍ မေလကုန်အထိ သုံးလအတွင်း ပေးသွင်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်အတွက် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအားလုံးထံ အကြောင်းကြားထားကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

**ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် လိုင်စင်အာမခံ စပေါ်ငွေကျပ် သိန်း ၅၀၀ ကို ယခု မတ်လမှစတင်၍ မေလကုန်အထိ သုံးလအတွင်း ပေးသွင်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်အတွက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ အားလုံးထံ အကြောင်းကြားထား**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၄ စီး၊ သွင်းကုန် ၇၉၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၂၀၊ သွင်းကုန် ၂၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၈ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၈ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၃၉၇ သန်းခန့် စုစုပေါင်း ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၀၃၉၇ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၈ ရက်တွင် မြိတ်မြို့မှ ပုလောမြို့သို့ သွားရောက်မည့် Daewoo BF101 အမျိုးအစား မှန်လုံယာဉ်အား ကွဲကူးတံတား ပူးပေါင်းစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်ဦးစီးဌာန ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အချိုရည် အပါအဝင် စားသောက်ကုန်များနှင့် GI Hollow Pipe များ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ သန်းခန့်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သန်းခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အချိုရည်အပါအဝင် စားသောက်ကုန်များနှင့် GI Hollow Pipe များ**

## ကျွန်းပင်များထိန်းသိမ်းစောင့်ရှောက်ခဲ့သူအား ဂုဏ်ပြု



**နေပြည်တော် မတ် ၉**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် မြောက်ချောင်းကျေးရွာနေ ဦးစိုးလွင်အား ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ် (၁၉) တွင် ၁၉၅၈ ခုနှစ်က စိုက်ပျိုးခဲ့သော ကျွန်းပင် ၅၇ ပင်အား ၅၉ နှစ်ကြာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အတွက် နေပြည်တော်ကောင်စီမှ ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ပွဲကို မတ် ၇ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်သစ်တောဦးစီးဌာန ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့သည်။ **(မြန်မာ့အလင်း)**

## လိပ်သို၌ ခေါင်းတွင် အလုံးတစ်လုံးအပိုပါသည့် ကလေးမွေးဖွား

**လိပ်သို မတ် ၉**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ ထားဘိုချီးကျေးရွာ၌ ဦးခေါင်းဘေးတွင် ခေါင်းအပိုကဲ့သို့ အသားလုံးတစ်လုံး အပိုပါသည့် ထူးဆန်းသော ကလေးတစ်ဦးကို မတ် ၇ ရက်က မွေးဖွားခဲ့ကြောင်း သိရသည်။

ကလေးသည်ကိုယ်အလေးချိန်ပေါင် ပုံမှန်ရှိသော်လည်း ကလေး၏ လက်ဝဲဘက်ဦးခေါင်းဘေးတွင် မျက်နှာတစ်ဖက်ပေါ်မှုစပြီး ခေါင်းအပိုကဲ့သို့အလုံးတစ်လုံး အပိုရှိနေကြောင်း သိရသည်။ မျက်လုံးပေါက်ပါသော်လည်း အထဲတွင် မျက်ဆန်မရှိဘဲ၊ နှာခေါင်းနေရာတွင် အသားပိုထွက်နေပြီး ဘေးတွင် နှာခေါင်းပေါက်ကဲ့သို့ အပေါက်နှစ်ပေါက်သာပါရှိနေခြင်း၊ နှုတ်ခမ်းမပါသည့်အတွက် နို့စို့၍ မရခြင်း၊ ပခုံးနှင့် ခေါင်းပိုင်းဆက်လျက်ဖြစ်နေပြီး မိခင်က နို့ရည်ညှစ်ထည့်ပေးသော်လည်း လည်ပင်းမပါသည့်အတွက် နို့ရည်များသည် ဗိုက်တွင်းသို့ဝင်မသွားဘဲ အပေါ်ကိုသာ ပြန်ထွက်လာနေကြောင်း သိရသည်။

ကလေးမှာ အသက်ရှင်လျက်ရှိနေကာ မိဘများအနေဖြင့် ရင်သွေးငယ်၏အဖြစ်အား စိတ်မကောင်းဖြစ်နေကြပြီး မြို့ဆေးရုံသို့ တက်ရောက်ချင်သော်လည်း ခရီးလမ်းတွင် ကလေး တစ်စုံတစ်ခု ဖြစ်သွားမည်ကို စိုးရိမ်ခြင်း၊ သွားလာရန် အဆင်မပြေသည့်အတွက် အဆိုပါကျေးရွာနေအိမ်၌ပင် ဆက်လက်ရှိနေကြောင်း သိရသည်။

**(မြို့နယ် ပြန်/ ဆက်)**



# စိတ်ကြွရူးသွပ်ဆေးပြားများ သိန်းချီဖမ်းဆီးရမိ

**တာချီလိတ် မတ် ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မတ် ၈ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မြို့ပတ်လမ်း အောင်မင်္ဂလာ ရှစ်ခန်းတွဲတိုက်ခန်း တတိယထပ်ရှိ ဒေါ်နန်းအွေ့နေထိုင်သော အခန်းအမှတ်(၈)အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၈၆၀၀၀၊ အလေးချိန် ၄၈ ဒသမ ၆ ကီလို၊ တန်ဖိုးငွေကျပ် သိန်းပေါင်း ၇၂၉၀ ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်အမှုန့်အလေးချိန် ၄၀ ကီလို၊ တန်ဖိုးငွေကျပ် သိန်းပေါင်း ၆၀၀၀ ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြားရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်အမှုန့် (အစို) အလေးချိန် ၁၁ ကီလိုခန့်ပါ တစ်ထုပ်၊ တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၆၅၀ ခန့်၊ မက်သာအက်ဖီတမင်း (အိုက်စ်) အဖြူရောင် ပုံဆောင်ခဲ အလေးချိန် ၂ ဒသမ ၂၂ ကီလိုခန့် တန်ဖိုးငွေကျပ် ၅၅၅ သိန်းခန့်၊ ဆူဒိုအက်ဖီရင်းဆေးပြား အလေးချိန် ၃၁ ကီလိုခန့် တန်ဖိုးငွေကျပ် ၁၅၅ သိန်းခန့်တို့အား ဖမ်းဆည်းရရှိခဲ့ပြီး SHN-7J/ ---- နံပါတ်တပ်ဆင်ထားသည့် Mark II အဖြူရောင် ကားတစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီး ရမိသည့် ဒေါ်နန်းအွေ့၏ ထွက်ဆိုချက်အရ



ယင်းပစ္စည်းများမှာ ၎င်း၏ချွေးမတော်စပ်သူမအေးဖြူဖြူ၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရပြီး မူးယစ်ဆေးဝါး/ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ ဒေါ်နန်းအွေ့ နှင့် ထွက်ပြေးတိမ်းရှောင်နေသူ မအေးဖြူဖြူတို့အား တာချီလိတ်မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မန္တလေးမြို့ရှိ ဝိန့်ဖူးရွှေဆိုင် ဖောက်ထွင်းခံရ

**မန္တလေး မတ် ၉**

မန္တလေးမြို့ ဈေးချိုအရှေ့ဘက်တိုက်တန်း ၂၆-လမ်းနှင့် ၈၃×၈၄ ကြားတွင် ဖွင့်လှစ်ထားသည့် ဝိန့်ဖူးရွှေဆိုင်တွင် မတ် ၈ ရက် ညသန်းခေါင်ကျော်က ဖောက်ထွင်းခံရသဖြင့် ရွှေထည်လက်ဝတ်ကောက်များ ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း၃၂၀ ခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ဝန်ထမ်းမှ သန့်ရှင်းရေးဆောင်ရွက်ရာမှ ဖောက်ထွင်းခံရကြောင်း သိရှိရပြီး နယ်မြေရဲစခန်းသို့ ဆိုင်ရှင်မှ အမှုဖွင့်တိုင်တန်းခဲ့ကြောင်း၊ အခင်းဖြစ်ရာသို့ အမှတ်(၈)နယ်မြေရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး မောင်သိန်း၊ မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူးစိုးနိုင်၊ ခရိုင်မှုခင်းအကူဌာနစုမှူး ရဲအုပ်ကြည်ဇင်တို့နှင့်တပ်ဖွဲ့ဝင်များ ရောက်ရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖောက်ထွင်းခံရမှုတွင် ရွှေဆိုင်တံခါးသော့များ ဖျက်ဆီးဝင်ရောက်၍ ဆိုင်အတွင်းရှိ မီးခံသေတ္တာများကိုလည်း ဖျက်ဆီးပြီး ငွေကျပ်သိန်း ၃၂၀ ခန့်တန်ဖိုးရှိ ရွှေလက်ဝတ်ကောက်များ ဖောက်ထွင်းခိုးယူခံခဲ့ရကြောင်း၊ ယင်းဖောက်ထွင်းခဲ့မှုဖြင့် ကျူးလွန်သူအား အမှုဖွင့်ဆောင်ရွက်နေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# သီလဝါအထူးစီးပွားရေးဇုန်၌ မီးလောင်

ရန်ကုန် မတ် ၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ကျောက်တန်းဒေသရှိ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) အကွက် ဘီ ၁၈ တွင် မတ် ၉ ရက်နံနက် ၁၁ နာရီခွဲတွင် ဆောက်လုပ်ဆဲပစ္စည်းများ ထားသိုခန်းတွင် သံပေါင်များအား ချုပ်ထားသော ဟင်ဂလန်သံချောင်းများအား ဝရိန်ဆော်ကာ ဖြတ်တောက်ရာမှ မီးပွား ထွက်ရှိပြီး အနီးရှိ စက်ရုံဆောက်လုပ်ရန်အတွက် အသုံးပြုမည့် အလျားပေ ၃၀၊ အနံ ပေ ၅၀ အပူခံပြားအတွင်းရှိ ဖော့ပြားများအား မီးပွားကျရာမှ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် အပူခံအပြား ၄၀ ပျက်စီးခဲ့ပြီး ၁၀ သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါမီးလောင်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်တို့မှမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ အချိန်မီရောက်ရှိ၍ ကြီးကြပ်ဆောင်ရွက်ကြသည်။ အဆိုပါမီးလောင်မှုအား မီးသတ်ယာဉ် ခုနစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ယင်းမီးလောင်မှုအား သန်လျင် ရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# တရုတ်နိုင်ငံထွက် အေးခဲကြက်သားနှင့်ကြက်ဥ ၆၂ သိန်းကျော်ဖမ်းဆီးရမိ

**မြစ်ကြီးနား မတ် ၉**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မိုင်းတိုင်အမှတ်(၇)အနီးတွင် တရုတ်နိုင်ငံထွက် အေးခဲကြက်သားနှင့် ကြက်ဥ ငွေကျပ် ၆၂ သိန်းကျော် တန်ဖိုးရှိ ပစ္စည်းများအား မတ် ၉ ရက် နံနက် ၈ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း မြစ်ကြီးနား မြို့နယ် အကောက်ခွန်ဦးစီးဌာနရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့အဝင် ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်အား ရှောင်ကွင်းလမ်းမှသယ်ဆောင်ရန် အေးခဲကြက်သားနှင့်ကြက်ဥများ ပုံထားကြောင်း သတင်းအရ ဗလမင်းထင်တံတား ပူးပေါင်းအဖွဲ့ အကောက်ခွန်မှူး ဇော်မျိုးသိန်း၊ ရဲအုပ်အေးချိုတို့ပါဝင်သော ပူးပေါင်းအဖွဲ့ သွားရောက်စစ်ဆေးရာ တရုတ်နိုင်ငံထွက် ကြက်ဥတစ်ဖာလျှင် အလုံး ၃၆၀ ပါ ၂၄၂ ဖာ၊ ဆေးဘဲဥတစ်ဖာလျှင် အလုံး ၃၆၀ ပါ ငါးဖာ၊ အေးခဲ (ကြက်ပေါင်) တစ်ဖာလျှင် အခုရေ ၁၅၀ ပါ ၂၇ ဖာ ကာလတန်ဖိုး ငွေကျပ် ၆၂၁၈၀၀၀ တန်ဖိုးရှိပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသော ပစ္စည်းများအား မြို့နယ်အကောက်ခွန်ဦးစီးဌာနမှ အမှုဖွင့်လှစ်၍ အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## နေပြည်တော်
## ကြေညာချက်

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၁၁-၂-၂၀၁၇ရက်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိအဆင့်-၄ ရာထူးအရည်အချင်းစစ် ရေးဖြေစာမေးပွဲအောင်စာရင်းနှင့် လူတွေ့စစ်ဆေးခံရမည့် နေ့ရက်တို့ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

| စဉ် | လူတွေ့စစ်ဆေးခံရမည့်ရက် | ခုံအမှတ် | | | |
|---|---|---|---|---|---|
| ၁။ | ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) | မတလ-၁၂ | မတလ-၆၀ | မတလ-၆၈ | မတလ-၇၄ |
| | | မတလ-၈၉ | မတလ-၉၂ | မတလ-၁၁၀ | မတလ-၁၁၁ |
| | | မတလ-၁၂၂ | မတလ-၁၂၇ | မတလ-၁၄၅ | မတလ-၁၅၂ |
| | | မတလ-၁၅၈ | မတလ-၁၆၈ | မတလ-၁၇၀ | မတလ-၁၉၉ |
| | | မတလ-၂၂၆ | မတလ-၂၃၃ | မတလ-၂၃၈ | မတလ-၂၄၁ |
| | | မတလ-၂၄၆ | မတလ-၂၄၉ | မတလ-၂၅၀ | မတလ-၂၅၅ |
| | | မတလ-၂၅၉ | မတလ-၂၇၃ | မတလ-၂၈၂ | မတလ-၂၈၅ |
| | | မတလ-၂၉၁ | မတလ-၂၉၆ | မတလ-၃၁၃ | မတလ-၃၂၄ |
| | | မတလ-၃၂၅ | မတလ-၃၂၆ | မတလ-၃၃၆ | မတလ-၃၃၉ |
| | | မတလ-၃၄၁ | မတလ-၃၄၄ | မတလ-၃၅၅ | မတလ-၃၅၇ |
| ၂။ | ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့) | မတလ-၃၅၈ | မတလ-၃၅၉ | မတလ-၃၆၀ | မတလ-၃၆၆ |
| | | မတလ-၃၇၃ | မတလ-၃၇၄ | မတလ-၃၇၆ | မတလ-၃၇၇ |
| | | မတလ-၃၈၁ | မတလ-၄၀၁ | မတလ-၄၁၄ | မတလ-၄၁၅ |
| | | မတလ-၄၂၅ | မတလ-၄၂၆ | မတလ-၄၂၈ | မတလ-၄၃၈ |
| | | မတလ-၄၄၃ | မတလ-၄၅၀ | မတလ-၄၆၃ | မတလ-၄၆၄ |
| | | မတလ-၄၆၈ | မတလ-၄၆၉ | မတလ-၄၈၂ | မတလ-၄၈၄ |
| | | မတလ-၄၈၈ | မတလ-၄၈၉ | မတလ-၄၉၀ | မတလ-၄၉၅ |
| | | မတလ-၄၉၆ | မတလ-၄၉၇ | မတလ-၅၀၃ | မတလ-၅၀၅ |
| | | မတလ-၅၀၈ | မတလ-၅၀၉ | မတလ-၅၁၄ | မတလ-၅၁၅ |
| | | မတလ-၅၁၇ | မတလ-၅၂၂ | မတလ-၅၃၀ | မတလ-၅၃၁ |
| ၃။ | ၅-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) | မတလ-၅၃၆ | မတလ-၅၃၈ | မတလ-၅၄၄ | မတလ-၅၄၈ |
| | | မတလ-၅၅၈ | မတလ-၅၇၈ | မတလ-၅၈၁ | မတလ-၅၈၃ |
| | | မတလ-၅၉၁ | မတလ-၅၉၂ | မတလ-၅၉၉ | မတလ-၆၀၀ |
| | | မတလ-၆၁၁ | မတလ-၆၁၂ | မတလ-၆၁၆ | မတလ-၆၃၃ |
| | | မတလ-၆၃၅ | မတလ-၆၄၂ | မတလ-၆၅၈ | မတလ-၇၀၆ |
| | | မတလ-၇၀၇ | မတလ-၇၀၈ | မတလ-၇၂၀ | မတလ-၇၂၂ |
| | | မတလ-၇၇၂ | မတလ-၇၇၄ | မတလ-၇၇၅ | မတလ-၇၇၆ |
| | | မတလ-၇၈၇ | မတလ-၇၈၉ | မတလ-၇၉၁ | မတလ-၇၉၆ |
| | | မတလ-၇၉၈ | မတလ-၇၉၉ | မတလ-၈၀၂ | မတလ-၈၀၃ |
| | | မတလ-၈၀၉ | မတလ-၈၁၁ | မတလ-၈၁၉ | မတလ-၈၃၈ |
| ၄။ | ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) | မတလ-၈၄၅ | မတလ-၈၅၀ | မတလ-၈၅၁ | မတလ-၈၆၆ |
| | | မတလ-၈၆၈ | မတလ-၈၈၀ | မတလ-၈၉၉ | မတလ-၉၃၂ |
| | | မတလ-၉၄၀ | ရက-၂ | ရက-၃ | ရက-၇ |
| | | ရက-၁၀ | ရက-၁၇ | ရက-၂၆ | ရက-၄၀ |
| | | ရက-၆၆ | ရက-၇၃ | ရက-၇၉ | ရက-၈၀ |
| | | ရက-၈၇ | ရက-၉၅ | ရက-၉၈ | ရက-၁၀၈ |
| | | ရက-၁၁၄ | ရက-၁၁၅ | ရက-၁၁၆ | ရက-၁၂၅ |
| | | ရက-၁၄၆ | ရက-၁၄၇ | ရက-၁၅၇ | ရက-၁၆၁ |
| | | ရက-၁၆၉ | ရက-၁၉၃ | ရက-၂၄၁ | ရက-၂၄၃ |
| | | ရက-၂၄၉ | ရက-၂၅၉ | ရက-၂၈၇ | ရက-၂၉၀ |
| ၅။ | ၇-၄-၂၀၁၇ရက် (သောကြာနေ့) | ရက-၃၀၃ | ရက-၃၁၄ | ရက-၃၁၆ | ရက-၃၂၃ |
| | | ရက-၃၃၇ | ရက-၃၃၉ | ရက-၃၆၆ | ရက-၃၈၇ |
| | | ရက-၃၉၀ | ရက-၃၉၄ | ရက-၄၁၄ | ရက-၄၁၇ |
| | | ရက-၄၃၂ | ရက-၄၃၅ | ရက-၄၃၈ | ရက-၄၆၄ |
| | | ရက-၄၉၄ | ရက-၅၀၁ | ရက-၅၀၆ | ရက-၅၁၉ |
| | | ရက-၅၄၅ | ရက-၅၄၉ | ရက-၅၆၂ | ရက-၅၆၃ |
| | | ရက-၅၆၄ | ရက-၅၇၃ | ရက-၅၈၅ | ရက-၅၉၅ |
| | | ရက-၅၉၆ | ရက-၆၄၈ | ရက-၆၅၁ | ရက-၆၆၇ |
| | | ရက-၆၇၄ | ရက-၆၇၅ | ရက-၆၈၀ | ရက-၆၈၃ |
| | | ရက-၆၉၃ | ရက-၇၀၇ | ရက-၇၁၃ | ရက-၇၁၈ |
| ၆။ | ၈-၄-၂၀၁၇ရက် (စနေနေ့) | ရက-၇၂၃ | ရက-၇၄၀ | ရက-၇၄၅ | ရက-၇၄၆ |
| | | ရက-၇၆၀ | ရက-၇၆၄ | ရက-၇၆၉ | ရက-၇၇၂ |
| | | ရက-၇၇၃ | ရက-၇၈၀ | ရက-၇၈၃ | ရက-၇၈၅ |
| | | ရက-၇၈၆ | ရက-၈၀၃ | ရက-၈၀၆ | ရက-၈၃၀ |
| | | ရက-၈၃၁ | ရက-၈၇၃ | ရက-၈၇၅ | ရက-၈၇၇ |
| | | ရက-၈၇၈ | ရက-၈၇၉ | ရက-၈၈၅ | ရက-၈၈၇ |
| | | ရက-၈၉၄ | ရက-၈၉၈ | ရက-၉၀၄ | ရက-၉၀၈ |

၂။ အထက်ဖော်ပြပါ ဥပဒေအရာရှိအဆင့်-၄ ရာထူးအရည်အချင်းစစ် ရေးဖြေစာမေးပွဲအောင်မြင်သူများသည် လူတွေ့စစ်ဆေးမှုခံယူရန်နှင့် စိတ်အခြေအနေစစ်ဆေးမှုခံယူရန် မိမိတို့ဖြေဆိုရမည့် နေ့ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ရုံးအမှတ် ၂၅၊ စီမံရေးရာဦးစီးဌာန၊ ဝန်ထမ်းရေးရာ၊ မှတ်တမ်းနှင့် စစ်ဆေးရေးဌာနခွဲသို့ ဥပဒေဘွဲ့/မဟာဥပဒေဘွဲ့လက်မှတ်(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် ၁-၃-၂၀၁၇ရက် နောက်ပိုင်းကျန်းမာကြောင်း ဆေးစစ်မှုခံယူထားသည့် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်တို့ကို ယူဆောင်၍ လာရောက်သတင်းပို့ကြရန် ဖြစ်သည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပုဏ္ဏားကျွန်းမြို့၊ အလယ်စုရပ်ကွက်နေ မသီဂီမြင့် ၁၁/ပဏတ(နိုင်)၀၅၃၈၂၃ ၏ ဖခင် ဦးလုံးမောင်ချေနှင့် ဦးမောင်လုံး ၁၁/ပဏတ(နိုင်)၀၁၀၀၀၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်လုံးချေ(ခ)ဦးမောင်လုံး**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၁၂-၂၀၁၆ ရက် စာမျက်နှာ ၃၀ တွင်ပါသော ကန့်ကွက် ဒေါ်အိကြို ၉/ရနခ(နိုင်)၀၀၀၀၁၈ အစား ၉/ရနခ(ဧည့်)၀၀၀၀၁၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/9693 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၆ယ/၃၉၅၇ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းခိုင် ၁၄/ရကန(နိုင်)၁၄၃၆၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)**

အစိုးတန်ငွေမှာ ကြိုတင်ပြင်ဆင် အောင်ပွဲဝင်ဖို့ စာသင်ကြပါစို့

YC ဆရာပိုင်(ပိုင်သချ်ာ) ၉၊ ၁၀-တန်း နွေရာသီ (၃)လပြတ်သင်ရိုးကုန်သင်တန်းကြီး

အောင်မင်္ဂလာဝိုင်း အမှတ်-၂၆၊ မြေညီထပ် အောင်မင်္ဂလာလမ်း၊ တာမွေ။ မြို့ထဲ-ဝိုင်း အမှတ်-၁၅၁၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့။ 09-73105201

မြန်မာ▪ဂုဏ်ထူးဦးသိန်းနိုင် အင်္ဂလိပ်▪ဦးနေအုပ်(စိန်ပေါလ်) ▪ဦးတင်ကို၊ဦးကျော်ကျော်မိုး သချ်ာ▪ဆရာပိုင်(ပိုင်သချ်ာ) ရူပ▪ဦးဆက်မွန်၊ဦးမြတ်မင်းခိုင် ဓာတု▪ဦးမြင့်ဝင်းကျော် ဇီဝ▪ဒေါက်တာမြသိန်း ဘောဂ▪စိုင်းထွန်းအောင်

၅၊ ၆၊ ၇၊ ၈ နွေရာသီ သချ်ာသီးသန့် သင်တန်းများ၊ မတ်လ(၉)ရက်နေ့စမယ်

**တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဖူးကြီးကျေးရွာ၊ ခရမ်းကုန်းရပ်ကွက်နေ ဦးမောင်သောင်း ၉/မထလ(နိုင်)၀၅၈၉၈၁၊ ဒေါ်သန္တာ ၁၂/မဘန(နိုင်)၁၁၂၀၁၅၏ သမီး မမြင့်မြတ်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၂၅-၁၀-၂၀၀၆ ဖြစ်ပြီး သားဖြစ်သူ အောင်ခန့်ကျော်(ခ)မောင်အောင်သီဟသောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၄-၉-၂၀၁၁ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/1056 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/9566 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2I/1431 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံတက္ကသိုလ် Third year (Hons:) မှ မအိအိဖြိုး၏ မိဘအမည် ဦးလှမောင် (ခ) ဦးလှအောင်၊ ဒေါ်မြသန်း (ခ)ဒေါ်မြစန်း ၈/မဘန(နိုင်)၀၄၆၉၉၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် နေလင်း၏ CDC (99647) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-797986965

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဟ/၃၃၂၀ XINGUAN XY 2002 H Three wheel ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းမြင့်ပိုင် ၁၄/ပသန(နိုင်)၁၉၁၈၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
# ၂၀၁၇ခုနှစ် မတ်လ ၉ ရက်

၁။ ၂၀၁၇ခုနှစ် ဧပြီလ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ထုတ်ဝေထားပါသည်-

(က) အက္ခရာအရေအတွက် = ၅၂လုံး
(ခ) ထီစာအုပ်ပေါင်း = ၄၂၅၄၅၃၆ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၄၆၇၉၉၈၉၆ စောင်

၂။ (၁)ကြိမ်မြောက်အတွက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချပြီးဖြစ်ပါသည်-

(က) အက္ခရာအရေအတွက် = ၃၅ လုံးကျော်
(ခ) ထီစာအုပ်ပေါင်း = ၂၈၉၂၃၆၉ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၃၁၈၁၆၀၅၉ စောင်

၃။ (၁)ကြိမ်မြောက်အတွက် ကျပ် ၅၀၀ တန် အရန်ထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်းရောင်းချရန် ကျန်ရှိနေပါသည်-

(က) အက္ခရာအရေအတွက် = ၁၆လုံးကျော်
(ခ) ထီစာအုပ်ပေါင်း = ၁၃၆၂၁၆၇ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၁၄၉၈၃၈၃၇ စောင်

၄။ ရောင်းချရန်ကျန်ရှိသည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက် ဝယ်ယူလိုပါက TF-1 ချလန်ဖြင့် ဘဏ်သို့ငွေသွင်းပြီး အောက်ပါအတိုင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) ရောင်းချမည့်နေရာ = အောင်ဘာလေသိန်းဆုဌာနခွဲ၊ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်
(ခ) ရောင်းချမည့်ကာလ = ၃-၃-၂၀၁၇ရက်မှ ၂၄-၃-၂၀၁၇ရက်အထိ

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကြေညာချက်

- Car Show Roomနှင့် Sale Centreများဖွင့်လှစ်၍ မော်တော်ယာဉ်များ တင်သွင်းရောင်းချနေသော ကုမ္ပဏီများ၏ အခွန်ထမ်းဆောင်နေမှုအခြေအနေများအားစိစစ်ခဲ့ရာ အခွန်ပေးဆောင်ရန်ပျက်ကွက်နေသည့် ကုမ္ပဏီ ၁၆၅ခုအား စိစစ်တွေ့ရှိခဲ့ပြီး အဆိုပါ ကုမ္ပဏီများကျသင့်အခွန်ပေးဆောင်လာစေရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သဖြင့် ကုမ္ပဏီ(၁၃၉)ခုသည် ကျသင့်အခွန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး အောက်ဖော်ပြပါ ကုမ္ပဏီ (၂၆)ခုတို့သည် ၈-၃-၂၀၁၇ရက်အထိ ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်များအတွက် ကျသင့်အခွန်များ ပေးဆောင်ရန် ဆက်လက်ပျက်ကွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။
- ဖော်ပြပါကုမ္ပဏီများအနေဖြင့် အခွန်စည်းကြပ်မှုခံယူရမည့် သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ကျသင့်အခွန်များ ပေးသွင်းရန် လိုအပ်ပါသည်။
- တိုးမြှင့်သတ်မှတ်ပေးသည့်ကာလအတွင်းအခွန်ပေးဆောင်ရန် ပျက်ကွက်သည့် ကုမ္ပဏီများသည် တည်ဆဲအခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခြင်း၊ တရားစွဲဆိုခြင်း၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်ရာများ ယာယီရပ်ဆိုင်းခြင်းတို့ကို ခံရနိုင်မည်ဖြစ်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ကုမ္ပဏီအမည် | စဉ် | ကုမ္ပဏီအမည် |
|---|---|---|---|
| 1 | Asia Economic Community Colour Co.,Ltd. | 14 | Mingalar Thukha Trading Co.,Ltd. |
| 2 | Ayarwaddy Power Co.,Ltd. | 15 | Myanmar Capital Land Co.,Ltd. |
| 3 | Crown Myanmar Co.,Ltd. | 16 | Myanma Car Aung Naing Yae Services Co.,Ltd. |
| 4 | December Light Services Co.,Ltd. | 17 | Myanmar K Block Co.,Ltd. |
| 5 | First Myanmar Auto Services Co.,Ltd. | 18 | Myanmar Refreshing Services Co.,Ltd. |
| 6 | Fujiyama Services Co.,Ltd. | 19 | Patriot Power Services Co.,Ltd. |
| 7 | Hight-Tech Princess Services Co.,Ltd. | 20 | Sakura Technical Services Co.,Ltd. |
| 8 | Insight Techologies Services Co.,Ltd. | 21 | Sea Cross Express Services Co.,Ltd. |
| 9 | Japan Auto myanmar(Yangon)Co.,Ltd. | 22 | Sky High Service Co.,Ltd. |
| 10 | J P N Auto Services Co.,Ltd. | 23 | Soe San Automobile Services Co.,Ltd. |
| 11 | Ko Thar Htet Services Co.,Ltd. | 24 | Summit Life Co.,Ltd. |
| 12 | Lwin & Swam Motor Co.,Ltd. | 25 | Trust Land Services Co.,Ltd. |
| 13 | Lynn Yoma Co.,Ltd. | 26 | Win & Sann Pwint Aung Myin Services Co.,Ltd. |

# တိပိဋကဓရ ဘွဲ့ဖြစ်ပေါ်စေရန် အကျိုးပြုသောအကြောင်းများ

**သီဟန်သိန်း(အေးချမ်းမြေ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၇ - ၁၂ - ၂၀၁၅၊ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာသင်တိုက်များမှ စာထောက်၊ စာချဆရာတော်ကြီးများ၊ စာပြန်၊ စာဖြေသံဃာတော်များ ကြွရောက်တော်မူခဲ့ကြပြီး ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြကာ ၂၀၁၅ - ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်အထိ ၃၃ ရက်ကြာ ကျင်းပခဲ့သည်။ အာဂုံဖြေဆိုမည့် သာသနာ့အာဇာနည် ၂၃၅ ပါးနှင့် ရေးဖြေ ဖြေဆိုရန် သာသနာ့အာဇာနည် ၁၅၂ ပါး ဝင်ရောက် ဖြေဆိုရန် စာရင်းပေးသွင်းထားရှိကြောင်းလည်း သိရသည်။

မြတ်စွာဘုရားရှင် ၄၅ နှစ်တာကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်နှင့်တရားတော်အား လိုက်နာစောင့်ထိန်းကျင့်ကြံအားထုတ်ပွားများနေကြသော သံဃာတော် ငါးသိန်းခန့်နှင့် သာသနာတော် မြန်မာပြည်၌ ထွန်းကားပြန့်ပွားနေကြရခြင်းသည် သာသနာတော်ကို ရိုသေလေးစား၍ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းပူဇော်နေကြရခြင်းသည် သာသနာပြုနေကြသော မြန်မာပြည်သားများ၏ ကုသိုလ်ကံကြောင့်ပင် ဖြစ်ပေသည်။ သာသနာတော် အစွန့်ရှည်တည်တံ့ ပြန့်ပွားရေးအတွက် ယနေ့ခေတ် ဗုဒ္ဓဘာသာဝင် လူလတ်၊ လူရွယ်၊ လူငယ်များသည် လွတ်လပ်ရေးမတိုင်ခင်နှင့် လွတ်လပ်ရေးခေတ်ဦးကာလများ၌ ဗုဒ္ဓဘာသာ၊ သာသနာ၊ ယုံကြည်သက်ဝင်ခဲ့ကြသော တိုင်းသူပြည်သားများ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ၏ ကိုယ်ကျိုးစွန့်၍ အနစ်နာခံ ဆောင်ရွက်ပုံများကို အတုယူ ဆောင်ရွက်နိုင်ကြရန်အတွက် တိပိဋကဓရဘွဲ့ဖြစ်စေသော အကြောင်းများအား ဖော်ပြအပ်ပါသည်။ မြန်မာလူမျိုးအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုတို့သည် ထေရဝါဒဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်၍ မြတ်နိုးဆည်းကပ်ကိုးကွယ်ကြသည်မှာ ရှေးမြန်မာဘုရင်များ (ပထမမြန်မာနိုင်ငံတော်) လက်ထက် ရှင်အရဟံမှကြီးမှူးကာ ပိဋကတ်သုံးပုံကို ပုဂံနေပြည်တော်သို့ ပင့်ဆောင်လာခဲ့သော သမိုင်းမှတ်တမ်းရှိပေသည်။ မင်းတုန်းမင်းကြီးလက်ထက်တွင် ပေထက်အက္ခရာတင်ထားသော ပိဋကတ်တော်များအား ကျောက်ထက်အက္ခရာတင် ကမ္ပည်းရေးထိုးကာ ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့စေရန် ရည်ရွယ်၍ မြန်မာသက္ကရာဇ် ၁၂၂၂ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှ ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်နေ့အထိ စကျင်တောင်မှ ကျောက်ပြားချပ်ရေ ၇၂၉ ချပ်အား မဟာလောကမာရဇိန် ကုသိုလ်တော်မဟာရံတံတိုင်းအတွင်း ဂူငယ်အဆောင်များဖြင့် တည်ထားခဲ့ပါသည်။ နှုတ်ဖြင့် ရွတ်ဆိုပူဇော်သော သင်္ဂါယနာတင်အဖွဲ့အား သံဃာတော် ၂၄၀၀ ကျော်တို့ကို ရွှေနန်းတော်အတွင်း မြန်မာသက္ကရာဇ် ၁၂၃၃ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့၌ ပဉ္စမသင်္ဂါယနာတင်ပွဲကို ကျင်းပသောအခါ ဒက္ခိဏာရာမဆရာတော်၊ ဆီးပန်းနီဆရာတော်၊ စီးတော်မြင်းဝန်တိုက်ဆရာတော်တို့မှ ကြီးမှူးကျင်းပခဲ့ပါသည်။

မင်းတုန်းမင်းလက်ထက်တွင် သာသနာရေးကို အားပေးထောက်ပံ့ကူညီခဲ့သောကြောင့် ပိဋကတ်စာပေ ကျယ်ပြန့်တိုးပွားပျံ့နှံ့လာသည်နှင့်အညီ ပရိယတ္တိတိုးတက်လာခဲ့ပေသည်။ သို့သော် သီရိလင်္ကာကို တည်မှီနေရပေသေးသည်။ မြန်မာနိုင်ငံမှ ဗုဒ္ဓကျမ်းစာ သင်ယူလိုသော သံဃာတော်အချို့ သီရိလင်္ကာသို့ သက္ကတဘာသာ၊ ပါဠိဘာသာ၊ နိသယျတို့ကို ၅ နှစ်မှ ၇ နှစ်ထိ သွားရောက်သင်ယူပြီး ပြန်လည်ကြွရောက်လာကာ သာသနာအကျိုး ဆက်လက်သယ်ပိုးခဲ့ကြရသည်။

သီရိလင်္ကာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ခဲ့သော်လည်း သာသနာရောင်ဝါ တောက်ပနေခဲ့ပေသည်။ မြန်မာနိုင်ငံမှာ သီပေါမင်းပါတော်မူပြီး နောက်ပိုင်း ဗြိတိသျှကိုလိုနီအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် ဘာသာ၊ သာသနာဆုတ်ယုတ်ညှိုးနွမ်းခဲ့ရသည်။ ထို့ကြောင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော ရည်ရွယ်ချက်ထား၍ မြန်မာပြည်သားတို့နှင့် ရဟန်းသံဃာတို့သည် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ ပေါ်ပေါက်ခဲ့ပြီး နယ်ချဲ့ကိုလိုနီအစိုးရအပေါ် ဆန့်ကျင်ခဲ့ကြပေသည်။ ၎င်းအသင်းအဖွဲ့များမှာ သံဃာသာမဂ္ဂီ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ ဝံသာနုရက္ခိတအသင်းတို့ဖြစ်ကြပြီး သာသနာအကျိုးဆောင်ခဲ့ကြသော လူပုဂ္ဂိုလ်တို့မှာ ဦးစိုးသိမ်း၊ ဦးပွင့်ကောင်း၊ ဆာဦးသွင်တို့မှာ ထင်ရှားခဲ့ပေသည်။ ဆာဦးသွင်မှာ မြန်မာဗုဒ္ဓဘာသာ စည်ပင်ပြန့်ပွားရေးအတွက် ဦးဆောင်ပါဝင်ခဲ့သူဖြစ်၍ ထင်ရှားလှပေသည်။ ဗြိတိသျှတို့မှ ဆာဘွဲ့ပေးအပ်ခံခဲ့ရပြီး လွတ်လပ်ရေးခေတ်ဦးကာလ၌ သတိုးသီရိသုဓမ္မာဘွဲ့ ချီးမြှင့်ပေးအပ်ခြင်းခံခဲ့ရသူဖြစ်ပေသည်။ ဆာဦးသွင်နှင့် ဇနီးဒေါ်သိန်းတို့မိသားစုသည် သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော် ဖူးမြော်ရန် သွားရောက်ခဲ့ကြရာ စွယ်တော်တိုက်အုပ်ချုပ်သူတို့မှ လှိုက်လှဲစွာကြိုဆိုဧည့်ခံခဲ့ကြသော်လည်း သာသနာအရေးဆွေးနွေးကြသောအခါ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာထွန်းကားမှုအပေါ် အထင်အမြင်သေးစွာဖြင့် သီရိလင်္ကာမှာကဲ့သို့ တိပိဋကဓရ ပေါ်ထွက်လာမှုမရှိသေးကြောင်း၊ အာဂုံဆောင်နိုင်သူမရှိကြောင်း ပြောကြားလာခဲ့သဖြင့် မကျေမနပ်ဖြစ်ခဲ့၍ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ရင်း တပည့်တော်တို့ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့က အမြင့်ဆုံးဖြစ်သော တိပိဋကဓရစာတော်ပြန်ပွဲကြီး ကျင်းပပူဇော်ကာ ထင်ရှားကျော်ကြားသော သံဃာတော်မြတ်များ ပေါ်ပေါက်နိုင်စေရန် ဆုတောင်းခဲ့ပေသည်။

မြန်မာနိုင်ငံပြန်ရောက်သောအခါ ကျမ်းတတ်ဆရာတော်ကြီးများနှင့် ဆွေးနွေးတိုင်ပင်ကာ ဗုဒ္ဓဘာသာအရေးကို ရှေးရှုလုပ်ဆောင်ကြသည့် ရဟန်း၊ လူပုဂ္ဂိုလ်တို့ စုစည်းကြံစည်ဆွေးနွေးခဲ့ကြရာ ပိဋကတ်တစ်ပုံ(သို့မဟုတ်)နှစ်ပုံ၊ သို့တည်းမဟုတ် သုံးပုံပြန်ဆိုနိုင်သည့် စာပြန်ပွဲကြီးကျင်းပပေးရန်နှင့် ပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်လာပါက ဆဋ္ဌသင်္ဂါယနာတင်၍ သာသနာတော်မြတ်ကြီးကို ချီးမြှောက်နိုင်ရန် စဉ်းစားဆုံးဖြတ်ခဲ့ကြပါသည်။ သီရိလင်္ကာနိုင်ငံမှပြန်ရောက်လာသော ဆာဦးသွင်သည် မြန်မာနိုင်ငံ၏သာသနာရေးကိစ္စ၊ တရား၊ စာပေများအပေါ် ကြည်ညိုသောသဒ္ဓါစိတ်ကြောင့် နီးစပ်ရာသာသနာရေးနှင့် ပတ်သက်သော ပုဂ္ဂိုလ်အသိုင်းအဝိုင်းတို့အား ၎င်းတို့၏ စဉ်းစားဆုံးဖြတ်ချက်များ ချပြဆွေးနွေးခဲ့ကြပြီး မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်မှ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအား ရဟန်းခံပေးခဲ့ရာတွင် သာသနာရေးကိစ္စကိုပါ လျှောက်ထားပန်ကြားခဲ့ရာ ဆရာတော်မှ ပြုံးလျက်ကြည့်ပြီး ဆိတ်ဆိတ်နေခဲ့၏။

လူပုဂ္ဂိုလ်၊ ကျမ်းတတ်အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးလင်းမှ ပိဋကတ်သုံးပုံစာပြန်ပွဲကြီးကျင်းပရန်နှင့် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စတို့မှာ လုပ်ဆောင်ရန်ခက်ခဲသောအရာဖြစ်ကြောင်း မင်းတုန်းမင်းလက်ထက် ဘုရင်နှင့်အာဏာပိုင်၊ သာသနာပိုင်တို့မှ ကြီးမှူးကျင်းပလုပ်ဆောင်ပေးခြင်းဖြစ်၍ ယခုကိစ္စမှာ နိုင်ငံအကြီးအကဲများ၊ သံဃာတော်များ၊ ပြည်သူများပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ရှင်းပြသည်။

ဆာဦးသွင်နှင့် အပေါင်းပါတို့၏ မလျှော့သောလုံ့လ၊ သဒ္ဓါတရားထက်သန်စွာ ဆောင်ရွက်မှုတို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပါဠိဆရာများ၊ သာသနာ့ဝန်ဆောင်ဆရာတော်များ၏ အကြံဉာဏ်များ ရရှိခဲ့ကြပြီး အားပေးထောက်ခံမှုများ ရရှိလာခဲ့ပေသည်။ ဤသို့ဖြင့် ၁၃၁၉ ခုနှစ် နတ်တော်လဆန်း ၁ ရက်တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနေအိမ်၌ ဆာဦးသွင် ဥက္ကဋ္ဌအဖြစ် ဦးစီးအဖွဲ့ဝင် ကိုးဦးပါဝင်သော ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကြပြီး အဓိကလုပ်ဆောင်ချက်မှာ ပရိယတ္တိ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ရေးအတွက် အထက်တန်းအကျဆုံးဖြစ်သော အမြင့်မားဆုံး တိပိဋကဓရ ရွေးချယ်ပွဲကြီးကို အမြန်ဆုံးကျင်းပပေးရန် အသင်းကြီး၏ သုံးကြိမ်မြောက်အစည်းအဝေး၌ ဆာဦးသွင်မှာ အဆိုပြုတင်ပြခဲ့ရာ အားလုံးက သဘောတူအတည်ပြုခဲ့ကြပါသည်။ သာသနနုဂ္ဂဟအဖွဲ့ကြီး၏ သုံးကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သံဃာတော် အရှင်မြတ်များ၊ လူပုဂ္ဂိုလ်များ၊ ကျမ်းတတ်ပညာရှင်များအစုံအလင်ပါဝင်သော တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲကို ဖွဲ့စည်းခဲ့ပြီး ရွေးချယ်ရေးစည်းမျဉ်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်။ တိပိဋကဓရ ရွေးချယ်ရန်အတွက် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံပါဠိတော်စာအုပ် ၄၀ ရှိရာ သင်ရိုးပြဋ္ဌာန်းပိဋကတ်ကျမ်း ၂၀ နှင့် သင်ရိုးမပါ အုပ်ရေ ၂၀ ဟုခွဲခြားထားသည်။ ထိုသင်ရိုးတွင်ပါရှိသော ပိဋကတ်အုပ် ၂၀ကို လေးနှစ် လေးကြိမ်

အဝေးကြီးက အများသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးနှင့်ပူဇော်ပွဲကြီးသို့ ကြွရောက်တော်မူခဲ့သော ဆာဦးသွင် ရဟန်းခံပေးခဲ့သည့် အရှင်ဦးဝိစိတ္တသာရာဘိဝံသသည် စစ်ကိုင်းတောင်ရိုးသို့ ပြန်မကြွမီ ရန်ကုန်အောင်မြေသုခကျောင်း၌ ခေတ္တသီတင်းသုံးနေစဉ် တိပိဋကဓရရွေးချယ်ပွဲကြီးအတွက် အားလျော့နေသော ဆာဦးသွင်နှင့် ရဟန်းဒကာမကြီးတို့ သွားရောက်ဝတ်ပြုကြသောအခါ စိတ်ဓာတ်ကျနေသော ရဟန်းဒကာကြီး အားဦးပဥ္စင်းကို ပြုစုစောင့်ရှောက်ပေးနေသော ဒကာကြီး၊ ဒကာမကြီးတို့အား လောကုတ္တရာခမည်းတော်၊ မယ်တော်တို့အနေဖြင့် တိပိဋကဓရအောင်မြင်မှုနှင့် ကျေးဇူးဆပ်သွားမည်ဖြစ်ပြီး ကျန်းမာရေးကောင်းလို့ အကြောင်းညီညွတ်ပါက နောက်တစ်ကြိမ်တွင် စာမေးပွဲဖြေဆိုရန် ကတိပေးပါကြောင်း ပြောကြားခဲ့ပေသည်။ သို့အတွက်ကြောင့် ဆာဦးသွင်မှာ အားတက်သွားခဲ့ပြီး မိမိတို့မှ ပစ္စည်းလေးပါးနှင့် လိုအပ်သည့် ကိစ္စအဝဝ ထောက်ပံ့လှူဒါန်းရန် အသင့်ရှိကြောင်း၊ တိပိဋကဓရ စာမေးပွဲဝင်ရောက်ရန် အစွမ်းကုန်ကြိုးစားပေးပါရန် လျှောက်ထားခဲ့ပေသည်။ သို့သော် ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသမှ ဝိနည်းငါးကျမ်းပါဠိတော်တို့ ကျက်မှတ်ဆဲဖြစ်၍ ယင်းနှစ်အတွက် ဒုတိယအကြိမ် တိပိဋကဓရဝင်ရောက်ဖြေရန် စာရင်းမပေးသွင်းနိုင်ခဲ့သဖြင့် စာပြန်ပွဲကြီး နီးကပ်လာသော်လည်း ဒုတိယအကြိမ် စာပြန်ပွဲကြီးအတွက် စာဖြေသံဃာကိုးပါးတို့မှာ ယခင်နှစ်ဖြေခဲ့သော စာဖြေသံဃာများပင် ဖြစ်ပေသည်။(ယမန်နှစ်ဖြေပြီးဖြစ်၍ ထပ်မံလေ့လာကျက်မှတ်ခဲ့သဖြင့် စာကျေညက်ပြီး ယူဆ၍ စာရင်းပေးသွင်းခဲ့ခြင်းဖြစ်ကြောင်းပင် ဖြစ်သည်။)

ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဆာဦးသွင်မှာ ၎င်းအားကိုးရသော ဆရာတော် ဦးဝိစိတ္တဝင်ရောက်မဖြေဆိုနိုင်သည့်အတွက် သောကရောက်နေပြီး ယခု ဒုတိယအကြိမ်စာဖြေပွဲ၌ သံဃာတော်တစ်ပါးမျှမအောင်မြင်ပါက မိမိတို့အဖွဲ့အနေဖြင့် အရှုံးရင်ဝယ်ပိုက်ပြီး တိပိဋကရွေးချယ်ပွဲကို အပြီးတိုင်ဖျက်သိမ်းရမည်ဖြစ်၍ စိတ်မကောင်းဖြစ်နေသည်။ ယခင်နှစ်ဖြေခဲ့သော သံဃာတော်များမှာ အားရဖွယ်မရှိကြောင်းသိသဖြင့် မည်ကဲ့သို့လုပ်ရန်မသိဖြစ်နေသည်။ထိုအချိန်သာသနနုဂ္ဂဟအသင်းဝင် ဦးပွင့်ကောင်းမှ ၎င်းရဟန်းခံပေးခဲ့သော ရဟန်းတစ်ပါးရှိပြီး ရဟန်းဖြစ်စမှစ၍ ဝိနည်းငါးကျမ်း အလွတ်

**သီရိလင်္ကာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ခဲ့သော်လည်း သာသနာရောင်ဝါ တောက်ပနေခဲ့ပေသည်။ မြန်မာနိုင်ငံမှာ သီပေါမင်းပါတော်မူပြီး နောက်ပိုင်း ဗြိတိသျှကိုလိုနီအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် ဘာသာ၊ သာသနာဆုတ်ယုတ် ညှိုးနွမ်းခဲ့ရသည်။ ထို့ကြောင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော ရည်ရွယ်ချက် ထား၍ မြန်မာပြည်သားတို့နှင့် ရဟန်းသံဃာတို့သည် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ ပေါ်ပေါက်ခဲ့ပြီး နယ်ချဲ့ကိုလိုနီအစိုးရအပေါ် ဆန့်ကျင်ခဲ့ကြပေသည်**

ခွဲခြား၍ အာဂုံပြန်ဆိုရန် သတ်မှတ်ထားပေသည်။ ဝိနည်းငါးကျမ်းတွင် စာမျက်နှာပေါင်း ၂၂၆၀၊ သုတ်သုံးကျမ်း၌ စာမျက်နှာ ၇၇၉ မျက်နှာ၊ အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်း၌ စုစုပေါင်း ၁၃၉၀ မျက်နှာ၊ အဘိဓမ္မာနောက်ပိုင်း စာအုပ်ရှစ်အုပ်၏ စုစုပေါင်း ၃၅၉၀ မျက်နှာဖြေဆိုရန် ဖြစ်ပေသည်။

ပထမဆုံးအကြိမ် တိပိဋကဓရရွေးချယ်ပွဲကြီးကို ၁၃၀၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံရှိသံဃာများအနက် ၁၇ ပါး စာရင်းပေးသွင်းသော်လည်း ဖြေဆိုရာ၌ ခြောက်ပါးသာ လာရောက်ခဲ့သည်။ နေ့စဉ်ရက်ဆက် ၁၅ ရက်တိုင် အာဂုံပြန်ဆိုပွဲကျင်းပခဲ့ပြီး နှစ်ရက်အနားပေးခဲ့သည်။ ထို့နောက် တပို့တွဲလဆုတ် ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်တိုင် ရေးဖြေစာမေးပွဲကျင်းပပေးခဲ့သော်လည်း အောင်စာရင်းတွင် အာဂုံပြန်နှင့်ရေးဖြေစာမေးပွဲ နှစ်ရပ်လုံး အောင်မြင်သူမရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုခေတ် စာဖြေသံဃာရှားပါး၍ လာဖြေသောသံဃာတော်တို့မှာ ခက်ခဲစွာလာရောက်ပြန်ဆိုကြရသဖြင့် နောက်နှစ်လာရောက်မည့် စာဖြေသံဃာတိုးတက်များပြားလာစေရန်နှင့် ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ကြီး၏ သဒ္ဓါတရားထက်သန်မှုကို ပြသလိုသောကြောင့် တိပိဋကဓရစာမေးပွဲသို့ အစအဆုံး ပြန်ဆိုကြသည့် သံဃာတော်၊ ဆရာတော်များကို ကြည်ညိုအားရစွာ ပူဇော်ပွဲကြီးကျင်းပခဲ့ကြသဖြင့် နိုင်ငံတော်မှ ငွေငါးသိန်း ထုတ်သုံးခွင့်ပြုခဲ့ရာ (ထိုစဉ်က ငွေငါးသိန်းမှာ အင်မတန်များပြားသော ငွေကြေးဖြစ်၍) ငွေသာကုန်၍ အာဂုံဆောင် တိပိဋကဓရ သံဃာတော်များ မထွက်ပေါ်လာသောကြောင့် ပြစ်တင်ဝေဖန်မှုများ ရှိခဲ့ပေသည်။ ပထမဦးဆုံးပြုလုပ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီးသည် စည်းကမ်းလိုက်နာရန်အချက်များ တင်းကျပ်ခြင်း၊ ကြေညာရက်နှင့်စာကျက်ရန်ရက်၊ စာပြန်ရက်တို့ ကာလတိုသဖြင့် တစ်ပါးမျှမအောင်မြင်ခြင်းဖြစ်ခဲ့ပေသည်။ တစ်ပါးမျှမအောင်မြင်၍ အစအဆုံး ရက်ပြည့်ဖြေဆိုသော သံဃာတို့အား ချီးကျူးပူဇော်ခြင်းကို ပြက်ရယ်ပြုကာ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့အား ကန့်ကွက်ခဲ့ကြပေသည်။

ထိုစဉ်က သမ္မတကြီး စဝ်ရွှေသိုက်၊ ဝန်ကြီးချုပ်ဦးနု၊ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌဆာဦးသွင်တို့မှာ စေတနာတလွဲဖြစ်ရသဖြင့် စိတ်မကောင်းဖြစ်ရသော်လည်း တိပိဋကဓရအာဂုံဆောင်သံဃာတော်များ ပေါ်ပေါက်ခဲ့ပါက ဆဋ္ဌသင်္ဂါယနာတင်ရန်၊ ရည်ရွယ်ချက်ဖော်ဆောင်ရန် ဝန်လေးနေသည်။ မြန်မာရှင်ဘုရင်များလက်ထက် ကျမ်းတတ်စာတတ်များ ပေါ်ပေါက်ခဲ့သဖြင့် ဇွဲမလျှော့ဘဲ ဆက်လက်ကျင်းပရန် စီစဉ်ခဲ့ကြရပြီး ဒုတိယအကြိမ် တိပိဋကဓရ စာပြန်ပွဲကြီး၌ စာဖြေသံဃာတစ်ပါးမျှ ပေါ်ထွက်မှုမရှိခဲ့ပါက စာမေးပွဲဖြေဆိုခြင်းကိစ္စဖျက်သိမ်းရန် သင်းလုံးကျွတ် အစည်း

အာဂုံပြန်ဆိုနိုင်သူဖြစ်ကြောင်း ပြောပြသဖြင့် အားကိုးရှိခဲ့ပေတော့သည်။ ထိုအကြောင်းသိရသော သမ္မတကြီးစဝ်ရွှေသိုက်နှင့် ဝန်ကြီးချုပ်ဦးနုတို့က ဦးပွင့်ကောင်းအား ထိုရဟန်းဘွဲ့အမည် ဦးပညာသာရအား ပင့်လျှောက်ရန် စေလွှတ်ခဲ့သည်။ ဦးပညာသာရမှ ပဲခူးတောထဲတွင် တောရဆောက်တည် ပဋိပတ်ကျင့်စဉ် အားထုတ်နေ၍ ပရိယတ္တိအစားပဋိပတ်လုပ်ငန်းကျင့်ကြံအားထုတ်နေသောကြောင့် စာပြန်ဆိုရန် မဖြစ်နိုင်ကြောင်း ငြင်းဆိုခဲ့ပေသည်။ ဦးပွင့်ကောင်း စိတ်မောသွားခဲ့ပြီး အစိုးရနှင့် ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ အခက်အခဲရှိနေပုံကို အေးဆေးစွာတင်ပြလျှောက်ထားသည်။ တိပိဋကဘွဲ့အောင်မြင်သူမရှိပါက မြန်မာနိုင်ငံအတွက် သာသနာအထောက်အကူပြုတ်တောက်သွားနိုင်ပါကြောင်း အကျိုးအကြောင်းပြလျှောက်ထားပြီး တောကျောင်းအတူနေ ရဟန်းတော်ဦးနန္ဒဝံသမှလည်း ဝိုင်းဝန်းတိုက်တွန်း၊ ဦးပွင့်ကောင်းနှင့် အဖွဲ့တို့ အခက်အခဲ၊ ဆာဦးသွင်၏ ဆန္ဒပြည့်ဝစေရန်အတွက် ဦးပညာသာရမှ လိုက်၍ဖြေဆိုမည်။ သို့သော် ဝိနည်းငါးကျမ်း ဖြေဆိုပြီးပါက နောက်ပရိယတ္တိစာဆက် ဖြေရန်အတွက် မတိုက်တွန်းရန် အာမခံခဲ့ရပြီး မဟာစည်သာသနာ့ရိပ်သာသို့ မော်တော်ယာဉ်ဖြင့် ပင့်ဆောင်လာခဲ့သည်။ ဦးပွင့်ကောင်းမှ သမ္မတကြီးစဝ်ရွှေသိုက်၊ ဆာဦးသွင်နှင့် ဗုဒ္ဓသာ သနာနုဂ္ဂဟအသင်း လူကြီးများ၊ အခြားသံဃာတော်များနှင့် ဆက်သွယ်စီစဉ်ပေး၍ မဟာစည်ရိပ်သာ၌ ယာယီသီတင်းသုံးရန် လျှောက်ထားခဲ့ပါသည်။

ဦးပညာသာရသည် စာဝါများပြန်လိုက်သောအခါ ရိပ်သာနှင့်ဗဟန်းညောင်တုန်းကျောင်းတိုက်တွင် စာပြန်နူးနေချိန် တိပိဋကဓရစာပြန်ပွဲကျင်းပရန် တစ်လကျော် သာရက်ကျန်သည်ဖြစ်ရာ ကျက်မှတ်ပြီးသားဝိနည်း ငါးကျမ်းအား နေ့၊ ညမဟူ အာဂုံဆောင်ကျက်မှတ်ရလေ၏။ နှုတ်တတ်ရထားပြီးသား စာများဖြစ်၍ စိတ်ချယုံကြည်စွာကျက်မှတ်နေခဲ့ရာ ဦးပွင့်ကောင်း၊ ဆာဦးသွင်အပါအဝင် ဒကာ၊ ဒကာမများမှ လိုလေသေးမရှိစေအောင် ဆောင်ရွက်ပေးခဲ့ကြလေသည်။ ဦးပွင့်ကောင်းအနေဖြင့် မိမိရဟန်းတော် ဦးပညာသာရ အခက်အခဲမရှိအောင်မြင်မှသာ ဗုဒ္ဓသာသန နုဂ္ဂဟအသင်းကြီး ရေရှည်တည်တံ့မည်ဖြစ်ရာ စေ့စပ်စွာအနားမှပင် လိုလေသေးမရှိ ကြိုးကြပ်ပြုစုလျက်ရှိပေသည်။ ဤသို့ဖြင့် တိပိဋကဓရရွေးချယ်ပွဲကြီး တဖြည်းဖြည်းနီးကပ်လာခဲ့သည်။ ဒုတိယအကြိမ် တိပိဋကဓရရွေးချယ်ပွဲကြီးကို ၁၃၁၁ ခုနှစ် ပြာသိုလဆန်း ၇ ရက်မှစ၍ ရက်ပေါင်း ၂၆ ရက်အထိ ကျင်းပခဲ့သောအခါ စာဖြေသံဃာများမှာ ဦးပညာသာရအပါအဝင် ငါးပါးသာရှိပေသည်။ စာရင်းပေးစဉ်က ကိုးပါးဖြစ်သော်လည်းအကြောင်းမညီညွတ်၍ ငါးပါးသာ စာပြန်ပွဲပြုလုပ်နိုင်ခဲ့ပေသည်။

*စာမျက်နှာ ၁၆ သို့*

## ကျေးရွာအရောက် ကွင်းဆင်းအသိပညာပေး

**သပိတ်ကျင်း မတ် ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြင်ဦးလွင်ခရိုင် ယာဉ်ထိန်းတပ်ဖွဲ့ သပိတ်ကျင်းမြို့နယ်တာဝန်ခံတို့ပူးပေါင်း၍ စမ္ပာယ်နဂိုရ်ကျေးရွာအုပ်စု အောင်သုခ(ကျောက်ကွဲ)ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ မတ် ၇ ရက်က အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးမောင်မောင်က စာကြည့်တိုက်ဖြစ်မြောက်ရေး၊ စာဖတ်ခြင်းအလေ့အထရှိကြရန်နှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ခရိုင် ယာဉ်ထိန်းတပ်ဖွဲ့ မြို့နယ်တာဝန်ခံ တပ်ကြပ်ကြီးအေးစိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ပြည်မြို့အထွေထွေရောဂါကုဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပြည် မတ် ၉**

ပြည်ခရိုင် ရဲတပ်ဖွဲ့က ကြီးမှူး၍ ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကု ဆေးရုံဝင်းအတွင်း မတ်လပထမပတ်က စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှု ပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိ/အရာခံ /အကြပ်တပ်သားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင် ရဲတပ်ဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ မြို့ပေါ် ရဲစခန်းများမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက ဆေးရုံကြီးပတ်ဝန်းကျင်အတွင်း အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး (ယာယီ) မြင့်ကြည်၊ ပြည်မြို့နယ်မှူး (ယာယီ)ရဲမှူး သန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## နွေရာသီအားကစားသင်တန်းဖွင့်

**ကြံခင်း မတ် ၉**

နွေရာသီကျောင်းပိတ်ရက်တွင် အားကစားအခြေခံပညာများ တတ်မြောက်စေရန်ရည်ရွယ်ပြီး ကြံခင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်အကနှင့် ကရာတေးဒို စသည့် အားကစားနည်းငါးမျိုးကို မတ် ၁ ရက်မှ ဧပြီ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများကို မြို့နယ်အားကစားကွင်း ရောဦးခန်းမနှင့် အထကချင်းမြောင်တို့၌ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူးနှင့် နည်းပြများ၊ ပညာရေးဌာနမှ ကာယဆရာများက နည်းစနစ်ကျစွာ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် အသုံးပြုနိုင်ရေးအတွက် ရန်ကုန်(ယ) မှ ဘောလုံးငါးလုံးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဘောလုံးငါးလုံးလှူဒါန်းပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူးနှင့် နည်းပြများ၊ ပညာရေးဌာနမှ ကာယဆရာများက နည်းစနစ်ကျစွာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေမရှိ၍ဖြစ်သော်လည်း ရေမရှိ၍မဖြစ်သော ညောင်ဦးမြို့နယ်မှ စိုက်ပျိုးတောင်သူလယ်သမားများ

**ညောင်ဦး မတ် ၉**



နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးအလိုက် ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးစားပေးဆောင်ရွက်ခဲ့ရာတွင် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာနိုင်မှု အဆင်ပြေရေးစသည်များကို ဆောင်ရွက်ပေးခဲ့သော်လည်း ရေရှားပါးသောဒေသများတွင် ရှိကြသော စိုက်ပျိုးတောင်သူများအတွက် ရေလုံလောက်စွာပေးဝေနိုင်ခြင်းမရှိသေးကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးတောင်သူများက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် အပူပိုင်းဇုန်ဒေသအတွင်းပါဝင်ပြီး မိုးရွာသွန်းမှုနည်းပါးသဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် အခက်အခဲဖြစ်ပေါ်နေသောမြို့နယ်ဖြစ်သဖြင့် ယခုအခါ စိုက်ပျိုးရေများရရှိရေးအတွက် သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မှာ ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စု ကျေးရွာပေါင်း ၂၂၀ ရှိပါတယ်။ ကျွန်တော်တို့ဒေသမှာက လယ်လုပ်ကိုင်သူနည်းပါးပြီး ယာလုပ်သူများပါတယ်။ ညောင်ဦးမြို့နယ်မှာ သောက်သုံးရေရှားပါးမှု မဖြစ်အောင် ဌာနဆိုင်ရာတွေ ပူးပေါင်းပါဝင်တဲ့အဖွဲ့ဖွဲ့ထားပါတယ်။ ညောင်ဦးမြို့နယ်က အခြားမြို့နယ်တွေလို ဆည်တွေ၊ ကန်တွေမရှိပါဘူး။ ဒီဒေသက စိုက်ပျိုးတောင်သူအများစုဟာ မြစ်ရေတင်စနစ်နဲ့ ပေးဝေတဲ့ ရေနဲ့သာ စိုက်ပျိုးကြတာပါ။ သောက်သုံးရေအနေနဲ့လည်း နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းမှ မြို့နယ် စည်ပင်သာယာပိုက်လိုင်းကနေတစ်ဆင့် ပိုက်တွဲတန်းစနစ်နဲ့ ညောင်ဦးမြို့ပေါ် ခုနစ်ရပ်ကွက်နဲ့ ပုဂံမြို့ခြောက်ရပ်ကွက်တို့ကို သောက်သုံးရေပေးဝေထားသလို ညောင်ဦးမြို့နယ်မှာရှိတဲ့ ကျေးလက်ဒေသများက စိုက်ပျိုး တောင်သူတွေကိုလည်း ညောင်ဦးမြို့နယ်မှာရှိတဲ့ မြစ်ရေတင်စီမံကိန်းမှ ရေပေးဝေလျက်ရှိပါတယ်။ ထို့အတူ ဒေသခံပြည်သူတွေရဲ့သောက်သုံးရေအတွက်လည်း နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းမှ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေကို ခရိုင် /မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေအတွက် (ဒေသအခေါ်)ရေပဒေသာပိုက်လိုင်းတွေကတစ်ဆင့် ပေးဝေနေပါတယ်" ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းမော်က ပြောသည်။

"ညောင်ဦးမြို့နယ်မှာ ရေရှားတဲ့ ကျေးရွာအုပ်စု စုစုပေါင်း ၂၇ အုပ်စု ရှိပြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၇ အုပ်စုရှိတာကြောင့် နွေရာသီ ရေပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းနဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းကျေးရွာ ၈၉ ရွာ ခန့်ရှိတဲ့အနက် စက်စက်ယိုရေပိုက်လိုင်းက ပေးဝေထားတဲ့ ကျေးရွာမှာ ၂၈ ရွာ၊ တောင်ဇင်း ကျေးလက်ရေပိုက်လိုင်းမှ ၂၆ ရွာအထိ သောက်သုံးရေ ပေးဝေထားသလို ရေပဒေသာပိုက်လိုင်းက ရေယူသူ ကျေးလက်နေ ပြည်သူတွေအနေနဲ့လည်း တစ်ယူနစ်ကို ငွေကျပ် ၂၀၀ ပေးဆောင်ရမှာဖြစ်ပါတယ်"ဟု ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ရှိန်က ပြောသည်။

"သောက်သုံးရေအတွက် ရေပဒေသာပိုက်လိုင်းက ရေမလာတာကြာပါပြီ။ ဒါကြောင့် သူကောင်းတည်မြစ်ရေတင်မှ ပေးဝေတဲ့ရေကိုသာ ကျေးရွာက ပြည်သူအများစု သောက်သုံးနေကြတာပါ။ ဒါကြောင့် ညောင်ဦးမြို့နယ်က မြစ်ရေတင်စနစ်နဲ့ပေးဝေတဲ့ ရေကန်တွေကို အခုနှစ် နွေရာသီမှာ ဒေသဝမ်းစာအတွက် စိုက်ပျိုးရေကို တိုးမြှင့်ပေးစေလိုပါတယ်" ဟု အဆိုပါဒေသခံ စိုက်ပျိုးတောင်သူများထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုအကြို အသိပညာပေး ဟောပြော

**ဖျာပုံ မတ် ၉**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Action Aid တို့ ပူးပေါင်း၍ အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

ခရိုင်အတွင်းရှိ အမျိုးသမီးအလွှာစုံ စိတ်ပါဝင်စားစွာတက်ရောက်ခဲ့သည့် အဆိုပါ ပညာပေးဟောပြောပွဲ၌ စာရေးဆရာမကြီး၊ သတင်းစာဆရာမကြီး စမ်းစမ်းနွဲ့ (သာယာဝတီ)က "အမျိုးသမီးအလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်အေးက "အမျိုးသမီးများ ဦးဆောင်မှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းက "အမျိုးသမီးများ အကြမ်းဖက်ခံရမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ တက်ရောက်လာကြသည့် အမျိုးသမီးများကလည်း ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

*စာမျက်နှာ ၁၅ မှ*

ဦးပညာသာရတစ်ပါးတည်းသာ ၁၅ ရက်တိုင်တိုင် ဝိနည်းငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး စာထောက်၊ စာမ ပေးရခြင်းအလျဉ်းမရှိ တောက်လျှောက်ရွတ်ဆိုနိုင်ခဲ့သည်မှာ အံ့သြဖွယ်ရာဖြစ်သည်။ ထို့ပြင် ရေးဖြေငါးရက်တွင် အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့ရာ ထိုစာပြန်ပွဲတွင် ဗုဒ္ဓသာသနနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရဟူသောဘွဲ့ထူးဖြင့် အရှင်ပညာသာရတစ်ပါးတည်း အောင်မြင်စွာဆွတ်ခူးရရှိခဲ့ပေသည်။ မိမိ၏ ရဟန်းတော်အောင်မြင်မှုအတွက် ဦးပွင့်ကောင်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဗုဒ္ဓသာသနနုဂ္ဂဟအသင်းကြီးအတွက် ကယ်တင်ရှင်ဖြစ်သော အောင်မြင်ခြင်းအတွက် သမ္မတကြီး၊ ဝန်ကြီးချုပ်နှင့် ဆာဦးသွင်တို့ပါ နှစ်ထောင်းအားရကာ ဦးပွင့်ကောင်းကိုလည်းကောင်း၊ သက်တော်(၂၆)နှစ်ရှိ ဦးပညာသာရကိုလည်းကောင်း ကျေးဇူးတင်ရှိခဲ့ကြကာ ရဟန်းဒကာဦးပွင့်ကောင်းမှ တံတားကလေးလမ်းဆုံနေရာ (ယခု မဟာဂန္ဓာရုံ အမည်ပေးထားသော အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုတက္ကသိုလ်) တွင် ကျောင်းဆောက်လှူဒါန်းခဲ့ပါသည်။

ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ကြီးမှာ ပိဋကတ်သုံးပုံစလုံး မအောင်မြင်သော်လည်း အောင်မြင်သူရှိသည့်တိုင်အောင် ဆက်လက်ရွေးချယ်ပြုလုပ်သွားကြမည်ဖြစ်သဖြင့် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ ဆာဦးသွင်နှင့် ပိဋကတ်ပညာရှင်များက သီရိလင်္ကာကဲ့သို့ ပိဋကတ်သုံးပုံနှုတ်ငုံဆောင် သံဃာတော်များ မပေါ်ပေါက်လာသရွေ့ ရွေးချယ်ပွဲကြီးဆက်လုပ်ရန် ဆုံးဖြတ်ခဲ့ကြရာ ဆာဦးသွင်၏ ရဟန်းတော်ဖြစ်သော အရှင်ဝိစိတ္တသာရာဘိဝံသမှ တတိယအကြိမ်၌ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ရာ မြန်မာတစ်ပြည်လုံး၌ အထူးခြားဆုံးသော ပိဋကတ်သုံးပုံစလုံး နှုတ်ငုံအာဂုံဆောင်နိုင်တော်မူခဲ့ပါသည်။

ထိုအကြောင်းကြောင့် ဥက္ကဋ္ဌကြီး ဆာဦးသွင်မျှော်မှန်းခဲ့သော ပိဋကတ်သုံးပုံအာဂုံဆောင်နိုင်သော ဦးဝိစိတ္တသာရာဘိဝံသ သာသနာ့အာဇာနည်တစ်ပါး မြန်မာပြည်အတွက် စတင်ပေါ်ပေါက်လာခဲ့၍ မြန်မာနိုင်ငံအစိုးရ၊ ပြည်သူတို့ လွန်စွာနှစ်ထောင်းအားရရှိခဲ့ကြပြီး တိပိဋကဓရဘွဲ့တံဆိပ်တော် ကပ်လှူပြီးချိန်တွင် ရှေ့တစ်ဆင့်တက်ကာ ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ပွဲကြီးပြုလုပ်ရန် နိုင်ငံအကြီးအကဲနှင့်တကွ လူပုဂ္ဂိုလ်ကျော်၊ ရှင်ပုဂ္ဂိုလ်ကျော်တို့ကပါ အားခဲကြိုးပမ်းကြပေ၏။ တိပိဋကဓရ စာပြန်ပွဲကြီးမှာ ဦးပညာသာရမှ အသက်ဆက်ခဲ့ခြင်းကြောင့် မင်းကွန်းဦးဝိစိတ္တသာရာဘိဝံသမှ အစပြုလျက် သာသနာ့အာဇာနည်များ နှစ်စဉ်တစ်ပါးပြီးတစ်ပါး ပေါ်ပေါက်လာခဲ့ရာ စာပြန်ပွဲ နှစ် ၅၀ အတွင်း ပိဋကတ်သုံးပုံအောင် ဆရာတော်ကိုးပါးအထိ တိုးလာခဲ့ပြီး နှစ်ပုံခွဲအောင်ကိုးပါး၊ နှစ်ပုံအောင် ၂၁ ပါး၊ တစ်ပုံအောင် ၇၁ ပါးအထိ (ယခုနှစ်မပါ) တိုးတက်လာခဲ့ပေသည်။ ဝိသိဋ္ဌဝိနယဓရဘွဲ့ခံ အရှင်ပညာသာရသည် ဝိနည်းငါးကျမ်းကို ဖြေဆိုခဲ့သောအချိန်တွင် အသက်အရွယ်အားဖြင့် ၂၆ နှစ်သာ ရှိပေသည်။

သာယာဝတီခရိုင် သုံးဆယ်မြို့သစ် ရာကုန်းရွာ ခမည်းတော် ဦးဘိုးဘ၊ မယ်တော် ဒေါ်သိန်းရင်တို့မှ ၁၂၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်အမည် မောင်လွင်ဟု မှည့်ခေါ်ခဲ့ကာ အသက် ၁၂ နှစ်တွင် မောင်းတောင်တိုက်၌ ရှင်သာမဏေဝတ်ပြီး အငယ်တန်းစာမေးပွဲကို ကိုရင်ဘဝနှင့် အောင်မြင်ခဲ့ပေသည်။ ညောင်တုံးမြို့ ရွှေဟင်္သာတောရကျောင်းဆရာတော်ထံ ပညာရေးထပ်မံတက်ရောက်ခဲ့ပြီး ဦးပွင့်ကောင်းမိသားစု ပစ္စယာနုဂ္ဂဟဖြင့် ရှင်ပညာသာရ ဘွဲ့ခံယူပြီး ရှင်သာမဏေဘဝ ပြန်ရောက်ခဲ့သည်။ ၁၃၀၄ ခုနှစ်တွင် ဦးပွင့်ကောင်း၊ ဒေါ်ခင်နွဲ့တို့ကောင်းမှုဖြင့် ညောင်တုံး ရွှေဟင်္သာတောရ၌ ရဟန်းဘောင်တက်ခဲ့သည်။ သုံးဆယ်မြို့ရှိ ခမည်းတော် ဦးဘိုးဘ နေမကောင်း၍ ရဟန်းဘဝမှ ရှင်အဖြစ် သိက္ခာချကာ ခမည်းတော်အားပြုစုခဲ့ရာ ခမည်းတော်ကွယ်လွန်ခဲ့ပြီး၍ ၁၃၀၇ ခုနှစ်၌ ဦးပွင့်ကောင်းမိသားစုမှ ဒကာခံယူပြီး ရဟန်းဘောင်တက်ရောက်ခဲ့ပေသည်။ ရွှေဟင်္သာတောရတွင် ရဟန်းဘဝဖြင့် ပရိယတ္တိစာပေများ သင်ကြားခဲ့ပြီး ဆရာတော်ကြီးထံခွင့်ပန်၍ ပဲခူးနန္ဒာသိမ်တော်ရှိရာတောထဲ၌ အဖော်ရဟန်း ဦးနန္ဒဝံသနှင့်အတူ သီတင်းသုံးလျက် ပဋိပတ်ကျင့်စဉ်တို့ကိုအားထုတ်နေခဲ့သည်။

တိပိဋကဓရရွေးချယ်ရန် အခက်အခဲပေါ်ပေါက်လာသောအခါ ဦးပွင့်ကောင်း၏ ပင့်လျှောက်မှုကြောင့် ဝိနည်းငါးကျမ်း ထောက်ကူမဲ့ ပြန်ဆိုနိုင်ခဲ့သဖြင့် ဝိသိဋ္ဌဝိနယဓရဘွဲ့ ကပ်လှူပူဇော်ခံခဲ့ရကာ ဦးပွင့်ကောင်း တံတားကလေးလမ်းဆုံနေရာမြေနေရာတစ်ကွက်ကို မဟာဂန္ဓာရုံကျောင်းဆောက်လုပ်လှူဒါန်းခဲ့သဖြင့် သီတင်းသုံးနေထိုင်ခဲ့ကာ ရဟန်းကိစ္စပြီးမြောက်ရန် ထက်သန်သောစိတ်ဓာတ်ဖြင့် အားထုတ်ခဲ့ပြီး ၁၉၈၇ ခုနှစ် သင်္ကြန်အကြိုနေ့တွင် ဘဝနိဂုံး အဆုံးသတ်တော်မူခဲ့ပါသည်။ ပိဋကတ်သုံးပုံအောင် ပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းလာခဲ့ပြီးလျှင် ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ပြုလုပ်ခဲ့ကြရာ ၁၃၁၆ ခုနှစ် ၁၉၅၄ ခုနှစ် မေ ၁၇ ရက် ကဆုန်လပြည့်နေ့မှ ၁၉၅၆ ခုနှစ် မေလ ကဆုန်လပြည့်နေ့တွင် နှစ်နှစ်တိတိ ကမ္ဘာအေးကုန်းမြေရှိ လိုဏ်ဂူတော်အတွင်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

ထို့ကြောင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ကပ်လှူပွဲ၏ အစပျိုးသူမှာ ဆာဦးသွင်ဖြစ်ပြီး ဗုဒ္ဓသာသနနုဂ္ဂဟအသင်းကြီး ရေရှည်တည်တံ့စေပြီး တိပိဋကဓရ ရွေးချယ်ပွဲဖြစ်မြောက်စေရန် ဆက်သွယ်ကြိုးပမ်းဆောင်ရွက်သူမှာ ဦးပွင့်ကောင်း၏ ရဟန်းတော် ဦးပညာသာရမိဖြစ်ပြီး ပိဋကတ်သုံးပုံကို ဦးစွာဆွတ်ခူးအောင်မြင်ခဲ့သူမှာ ဦးဝိစိတ္တသာရာဘိဝံသဖြစ်ရာ ဗုဒ္ဓဘုရားရှင်၏ သာသနာနှစ် ၅၀၀၀ အတွင်း မြန်မာနိုင်ငံသည် ဓမ္မရောင်ခြည်လင်းဖြာထွက်ခဲ့ရပေသည်။ ဗုဒ္ဓဘာသာကိုးကွယ်ကြသော ထေရဝါဒနိုင်ငံ ငါးနိုင်ငံမှ မိမိတို့မြန်မာနိုင်ငံနှင့် ပြည်သူ ပြည်သားအားလုံး၊ ရဟန်းရှင်လူအပေါင်းတို့ကို ယခင်ကထက် လေးစားလာခဲ့ကြသည်။ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ ပို၍ဂုဏ်ယူဖွယ်ဖြစ်ခဲ့ပေသည်။ တိပိဋကရွေးချယ်ရေး စာမေးပွဲကြီးများ နှစ်စဉ် ကျင်းပခဲ့ပြီး စာအောင်သံဃာတော်များအား ဘွဲ့တံဆိပ်ဆက်ကပ်ချီးကျူးပူဇော်ပွဲကျင်းပလာခဲ့ကြသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်သူပြည်သားတိုင်း ကုသိုလ်စေတနာသဒ္ဓါတရားတို့အား ကမ္ဘာသို့ အထင်အရှားပြသနေသော ကောင်းမှုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ရည်ညွှန်း။ ။ သာသနာရေးဦးစီးဌာနမှထုတ်ဝေသော ရွှေရတုတိပိဋက**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၉)

# နိုတြီပဗ္ဗလစ်



ဦးဟန်ညွန့်(ဥပဒေ)

**နိုတြီပဗ္ဗလစ်ဆိုတာဘာလဲ**

နိုတြီပဗ္ဗလစ်ဆိုတာဘာလဲ။ ရှေ့နေလောကမှာ အသုံးများတယ်။ ဒါပေမယ့် အသေးစိတ်သိရှိသူနည်းတယ်။ ဥပဒေဗဟုသုတရေးပြပါဟု အလုပ်သင်ရှေ့နေတစ်ဦးက မေတ္တာရပ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာများ အသီးသီး ထုတ်ပြန်၍ နိုတြီပဗ္ဗလစ် (Notary Public)များ ခန့်ထားနေသည့်အချိန်လည်းဖြစ်နေပါသည်။

နိုတြီပဗ္ဗလစ်ဆိုသည်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ တရားလွှတ်တော်ရှေ့နေများအား ပြည်ထောင်စုတရားသူကြီးချုပ်က ခန့်ထားခြင်းခံရသူများဖြစ်ပါသည်။

**NOTARY ဆိုသောစကား**

NOTARY ဆိုသောစကားရပ်သည် ရောမဥပဒေအရ NOTARIUS မှဆင်းသက်လာကြောင်း၊ NOTARIUS ဆိုသည်မှာ တရားစီရင်ရေးဆိုင်ရာ တိုးတက်မှုများကို လက်ရေးတိုဖြင့် ရေးသားရသည့် ကျေးကျွန်တစ်ဦးသော်လည်းကောင်း၊ လွတ်လပ်သူတစ်ဦးသော်လည်းကောင်း ဖြစ်ပါသည်။ နိုတြီအရာရှိ၏ လုပ်ငန်းမှာ ရောမစကားလုံး Tabularius နှင့်တူ၍ သက်သေခံများကို သိမ်းဆည်းထားရသူဖြစ်သည်။ ရှေးခေတ်အခါက နိုတြီပဗ္ဗလစ်သည် ဘုရားကျောင်းအရာရှိ (Church official) က ခန့်ထားသည့် သာသနာရေးဆိုင်ရာ အရာရှိတစ်ဦးဖြစ်ပြီး အရေးကြီးသော စာချုပ်စာတမ်းများကို ဟုတ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးပေးကာ ယင်းသက်သေခံချက်များကို သိမ်းဆည်းရသည့်သူလည်းဖြစ်ပါသည်။

**အင်္ဂလန်**

အင်္ဂလန်နိုင်ငံတွင် ရှေးယခင်ကာလကတည်းက နိုတြီပဗ္ဗလစ်ထားရှိခဲ့ပါသည်။ ထိုစဉ်က မူရင်းသဘောအားဖြင့် ခရစ်ယာန်သာသနာတော်သို့ ထမ်းရွက်နေသည့် ဘုန်းကြီး၊ ရဟန်းသဘောမျိုးဖြစ်ပါသည်။ နိုတြီပဗ္ဗလစ်များကို ခန့်အပ်ခြင်းသည် ခရစ်ယာန် Canterbury ဂိုဏ်းချုပ်၏ လက်တွင်းရှိပါသည်။ အင်္ဂလန်နိုင်ငံအနေဖြင့်မူ နိုတြီပဗ္ဗလစ်များစွာလိုအပ်သည့်အလျောက် ဒေသဆိုင်ရာ အစိုးရတွင် ခန့်အပ်ရန် အခွင့်အာဏာရှိပေသည်။ ယေဘုယျအားဖြင့် ၎င်းတို့၏ လုပ်ငန်းမှာ စာချုပ်စာတမ်းများနှင့် ပဋိညာဉ် စာချုပ်များကို လက်ခံယူ၍ မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ထောက်ခံပေးခြင်းတို့ဖြစ်သည်။

**အမေရိကန်**

အမေရိကန်နိုင်ငံရှိ နိုတြီအရာရှိ၏ အရည်အချင်း သတ်မှတ်ချက်များမှာ ပြည်နယ်တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသည်။ ယေဘုယျအားဖြင့်မူ နိုတြီအရာရှိသည် ပြည်ထောင်စုသားဖြစ်ပြီး တရားဝင်အသက်ပြည့်ပြီးသူဖြစ်ရသည်။ ၎င်းကို ခန့်အပ်သော ပြည်နယ်တွင်နေထိုင်သူလည်းဖြစ်ရသည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရပါသည်။ အမေရိကန်ပြည်ထောင်စု၏ ၁၂ ခုသော ပြည်နယ်တို့တွင်မူ ဤရာထူးကို အမျိုးသမီးများအား ခန့်အပ်ခြင်း မပြုခဲ့ပါ။

**အခြားနိုင်ငံများ**

Civil Law ကို လိုက်နာကြသည့် ပြင်သစ်၊ အီတလီ၊ ကွီးဘက်နှင့် ကနေဒါနိုင်ငံတို့တွင် နိုတြီအရာရှိများ၌ ရှေ့နေ အရည်အချင်းနှင့်တူသော ပညာအရည်အချင်းရှိရန်လိုအပ်ပါသည်။ ဥရောပတိုက်ရှိ စကော့တလန်၊ လက်တင်အမေရိကရှိ ပြင်သစ်ပြည်နယ်များအပါအဝင် Civil Law ကျင့်သုံးသော နိုင်ငံများတွင် နိုတြီပဗ္ဗလစ်ရာထူးသည် အင်္ဂလန်နှင့် အမေရိကန်တို့ထက်ပို၍ အရေးပါအရာရောက်သည်ဟု ဆိုပါသည်။ ဤဒေသများ၌ နိုတြီအရာရှိများသည် များသောအားဖြင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများပေါင်းနှံခြင်း၊ ရောင်းချခြင်းကိစ္စရပ်များတွင် ကျွမ်းကျင်သည့် ရှေ့နေများဖြစ်ကြောင်း သိရပါသည်။

**မြန်မာနိုင်ငံ**

လွတ်လပ်ရေးမရမီကာလတွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးသည် အိန္ဒိယနိုင်ငံနှင့်တွဲဖက်အုပ်ချုပ်လာခဲ့သည်။ အိန္ဒိယနိုင်ငံတွင်သာ နိုတြီပဗ္ဗလစ်များ ခန့်ထားခဲ့သည်။ အထူးသဖြင့် ပင်လယ်ဆိပ်ကမ်းမြို့များတွင်သာ ဦးစားပေးခန့်ထားခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုတြီပဗ္ဗလစ်များကို စတင်ခန့်ထားခဲ့ပေသည်။ တရားရေးဝန်ကြီးဌာနက အစဉ်အဆက်ခန့်ထားခဲ့ပြီး ယနေ့တိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်က အခွင့်အာဏာအရ ခန့်ထားခြင်းဖြစ်ပေသည်။ နိုတြီပဗ္ဗလစ်အဖြစ်လျှောက်ထားသူအား သတ်မှတ်ထားသည့် တရားလွှတ်တော်ရှေ့နေလုပ်သက်၊ အသက်အရွယ်အဖြစ် မကြီးလွန်း၊ မငယ်လွန်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ နိုတြီပဗ္ဗလစ်တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်သူ၊ မိမိသိက္ခာကို ထိန်းသိမ်းနိုင်စွမ်းရှိသူစသည်ဖြင့် အရည်အချင်းများ ပြည့်စုံရမည်ဖြစ်ပေသည်။

**ပုဒ်မ ၁၃၈**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၃၈ တွင် "နိုင်ငံတော်သမ္မတသည် အခါအားလျော်စွာ နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာချက်ဖြင့် ဒေသတစ်ခုတွင်း ဤအက်ဥပဒေအရ တာဝန်များထမ်းဆောင်ရန် အမည်ဖြင့်ဖြစ်စေ၊ ရာထူးအားဖြင့်ဖြစ်စေ နိုတြီပဗ္ဗလစ်များကို ခန့်အပ်နိုင်သည်။ အဆိုပါကြေညာချက်မျိုးဖြင့် ဤအက်ဥပဒေအရ ရာထူးမှ ထုတ်ပယ်ပစ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

နိုတြီပဗ္ဗလစ်၏ အဓိကတာဝန်မှာ စာချုပ်စာတမ်းများကို မှန်ကန်ကြောင်း ထောက်ခံခြင်းနှင့် ပတ်သက်ပေသည်။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေ အခန်း(၉) အရ ငွေလွှဲစာချုပ်များ (Bills of Notes) ကို မှတ်တမ်းတင်ခြင်းနှင့် ကန့်ကွက်ခြင်း (Noting and Protesting) ကိုယ်စားလှယ်လွှဲစာများ ပြုလုပ်ရာတွင် သက်သေအဖြစ်ဆောင်ရွက်ပေးရခြင်းနှင့် နိုင်ငံခြား၌ပြုလုပ်သော သေတမ်းစာများကို မှန်ကန်ကြောင်း သက်သေခံပေးရခြင်းတို့ဖြစ်ပါသည်။

**ပုဒ်မ ၁၃၉**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၃၉ တွင် နိုတြီပဗ္ဗလစ်များအတွက် ဖော်ပြချက်မှာ "နိုင်ငံတော်သမ္မတသည် အခါအားလျော်စွာ မြန်မာနိုင်ငံ ပြန်တမ်းတွင် ကြေညာချက်ပြုလုပ်၍ ဤအက်ဥပဒေအရခန့်ထားသော နိုတြီပဗ္ဗလစ်များအား စီမံအုပ်ချုပ်ရန် နည်းဥပဒေများပြုလုပ်၍ နည်းဥပဒေများအရ အခြား ကိစ္စရပ်များအပါအဝင် ၎င်းနိုတြီအရာရှိများအား ပေးရန်အခကြေးငွေများကို သတ်မှတ်လိမ့်မည်" ဟု ဖော်ပြထားပါသည်။ ယေဘုယျအားဖြင့် နိုတြီပဗ္ဗလစ်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ-

(က) သက်သေခံအထောက်အထားနှင့်ပတ်စ်ပို့လုပ်ငန်းများ

(ခ) လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ငြင်းဆန်ခြင်းနှင့်မှတ်တမ်းတင်ခြင်း (Protesting and Noting)

(ဂ) ပင်လယ်ကူးသင်္ဘောများနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်တာများ ဖြစ်ပါသည်။

> **NOTARY ဆိုသောစကားရပ်သည် ရောမဥပဒေအရ NOTARIUS မှဆင်းသက်လာကြောင်း၊ NOTARIUS ဆိုသည်မှာ တရားစီရင်ရေးဆိုင်ရာ တိုးတက်မှုများကို လက်ရေးတိုဖြင့် ရေးသားရသည်။ ကျေးကျွန်တစ်ဦးသော်လည်းကောင်း၊ လွတ်လပ်သူတစ်ဦးသော်လည်းကောင်း ဖြစ်ပါသည်။ နိုတြီအရာရှိ၏လုပ်ငန်းမှာ ရောမစကားလုံး Tabularius နှင့်တူ၍ သက်သေခံများကို သိမ်းဆည်းထားရသူဖြစ်**

**သက်သေခံဥပဒေ**

နိုတြီပဗ္ဗလစ်များ၏ ဆောင်ရွက်ချက်အပေါ် တရားရုံးက အသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍ သက်သေခံဥပဒေတွင် ပြဋ္ဌာန်းချက်များရှိပါသည်။ ဥပမာအားဖြင့် သက်သေခံ ဥပဒေပုဒ်မ ၅၆ (တရားဝင် အသိအမှတ်ပြုမည့် အကြောင်းခြင်းရာကိုသက်သေခံဖယ်ရှားပြရန် မလိုခြင်း)၊ သက်သေခံဥပဒေပုဒ်မ ၅၇ (နိုတြီပဗ္ဗလစ်ခေါ်ပုဂ္ဂိုလ်များ၏ ရုံးတံဆိပ်များသည် တရားရုံးက တရားဝင်အသိအမှတ်ပြုရမည့် အကြောင်းခြင်းရာများဖြစ်ခြင်း) သက်သေခံဥပဒေပုဒ်မ ၇၈ (နိုတြီပဗ္ဗလစ်က နည်းလမ်းတကျ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော မိတ္တူကို သက်သေခံတင်ပြခြင်း)၊ သက်သေခံဥပဒေပုဒ်မ ၈၅ (နိုတြီပဗ္ဗလစ်က အစစ်အမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးသော စာတမ်း သည် မှန်ကန်သည်ဟု တရားရုံးက မှတ်ယူခြင်း) တို့ဖြစ်ပါသည်။

**ဆက်နွှယ်ပတ်သက်သော ဥပဒေများ**

နိုတြီပဗ္ဗလစ်များနှင့်ဆက်နွှယ်ပတ်သက်သော အောက်ဖော်ပြပါ ဥပမာများကိုလည်း လေ့လာဖတ်ရှုသင့်ပါသည်-

(က) The Registration Act (Myanmar code, Vol; X. P.111.)

(ခ) The Diplomatic Officers and Consular Officers (Oaths and Fees) Act (Act number 19 of 1954)

(ဂ) The Stamp Act (Myanmar Code .Vol III- p-377

**ကြီးကြပ်ထိန်းသိမ်းပေးရေး**

အချို့သော နိုတြီပဗ္ဗလစ်များသည် မိမိတို့အသုံးပြုသော သက်ဆိုင်ရာ ပုံစံများတွင် လက်မှတ်များ ကြိုတင်ရေးထိုးလျက် လျှောက်လွှာစာရေး အစရှိသည့် ပုဂ္ဂိုလ်များအား တာဝန်မဲ့စွာ ပေးထားကြကြောင်း၊ ဆိုင်ရာပုံစံများပါ ဖြည့်သွင်းမှုကို ကိုယ်တိုင်စစ်ဆေးခြင်းမရှိသဖြင့် မသမာမှုများရှိနေကြောင်းနှင့် မလိုလားအပ်သည့် ပြဿနာများပေါ်ပေါက်နိုင်ကြောင်း သိရှိရပါသည်။ တာဝန်ကိုလေးစားမှုမရှိသော (အချို့) နိုတြီပဗ္ဗလစ်များ၏ လုပ်ရပ်ကြောင့် တာဝန်ကိုလေးလေးစားစား ဆောင်ရွက်ကြသော နိုတြီပဗ္ဗလစ်များ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပါသည်။

နိုတြီပဗ္ဗလစ်များသည် သာမန်တရားရုံးချုပ်ရှေ့နေများထက် ပို၍ကြီးလေးသော တာဝန်များကို ထမ်းဆောင်သူများဖြစ်ပါသည်။ မလျော်သော လုပ်ရပ်များမှာရှေ့နေကျင့်ဝတ်ဖောက်ဖျက်မှုဖြစ်နိုင်သည်ကို သတိချပ်သင့်ပါသည်။ ရှေ့နေကြီး ဦးအောင်သိန်းကိစ္စ (၁၉၆၈၊ မတစ၊ ၂၀၀၈) ကို ရည်ညွှန်းလိုပါသည်။ သို့ပါ၍ နိုတြီပဗ္ဗလစ်များအပေါ် အထင်အမြင် မှားစေမည့်လုပ်ရပ်များကို ရှောင်ရှားကြရန် နှိုးဆော်လိုက်ပါသည်။ ယင်းကိစ္စများပေါ်ပေါက်လာပါက နိုတြီပဗ္ဗလစ်၏ တာဝန်များကို ပြန်လည်ရုပ်သိမ်းမည့်အပြင် ရှေ့နေကျင့်ဝတ်ဖောက်ဖျက်မှုဖြင့်လည်း အရေးယူမည်ဖြစ်ကြောင်း တရားရုံးချုပ်၏ ၂၀၊ ၄၊ ၁၉၉၉ရက်စွဲပါ စာအမှတ် ၁၀၇/၅/တရခ ဖြင့် နိုတြီပဗ္ဗလစ်များအားလုံးသို့ ကြိုတင်အသိပေးစာထုတ်ပြန်ထားပါသည်။ နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများကို အစဉ်ဂရုပြု၍ စနစ်တကျ ဆောင်ရွက်ရန်နှင့် အခြားသူအား လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရန်လည်း လိုအပ်လှပါသည်။

ထို့ပြင် နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများကို အကြောင်းတစ်ခုခုကြောင့် မဆောင်ရွက်တော့သည့်အခါ၌သော်လည်းကောင်း၊ အချိန်အကန့်အသတ်တို့ဖြင့် နှစ်ချီ၍ မဆောင်ရွက်နိုင်သည့်အခါ၌သော်လည်းကောင်း ထိုသို့မဆောင်ရွက်နိုင်သည့်အကြောင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ မပျက်မကွက် အသိပေးရန် လိုအပ်ပါသည်။

**စေတနာ**

နိုတြီပဗ္ဗလစ်အပေါင်းသည် ကြီးလေးသော တာဝန်များဖြင့် အကျိုးပြုလုပ်ငန်းများကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ကြပါစေကြောင်း၊ မေတ္တာပွားမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ။------

**ရည်ညွှန်းကိုးကား**

၁။ U Mya Thein .BA; B-L : functions of Notary public; The Global New Light of Myanmar .P.8. 6 -2 - 1017

၂။ ငြိမ်းကျော် ၊ဗဟိုတရားရုံးရှေ့နေ (နိုတြီပဗ္ဗလစ်နှင့်ဥပဒေတာဝန်များ)၁၉၈၅ ၊ရှေ့နေမဂ္ဂဇင်း၊စာ-၃၁၊

၃။ ဦးမောင်မောင်ညွန့်(မြေယာသုတေသီ)နှင့် ၊ဦးဝင်းမောင် (ဥပဒေအကြံပေးစည်ပင်)တို့၏ မှတ်စုစာတမ်းများ

၄။ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်(ငြိမ်း) ဦးမြသိန်း၏ နိုတြီပဗ္ဗလစ်အကြောင်းသိကောင်းစရာ ဆွေးနွေးချက်များ။

## လက်ပံစုကျေးရွာချင်းတွင်းမြစ်ကမ်းပြိုကာကွယ်ရေးကို သန်း၃၀၀ဖြင့် ဆောင်ရွက်ရန်တောင်းခံထား

**ကနီ မတ် ၉**

ချင်းတွင်းမြစ်ရေတိုက်စားခံနေရသော ကနီမြို့နယ် ဆင်အိုအုပ်စု လက်ပံစုကျေးရွာကမ်းပါးပြိုမှုများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဘဏ္ဍာငွေမှ လုပ်ငန်းအတွက် ကုန်ကျငွေကျပ်သန်း ၃၀၀ကို ထည့်သွင်းတောင်းခံထားပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

မတ် ၇ ရက်က မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်၌ကျင်းပသော ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော်ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့တွင် ကနီမြို့နယ် မဲဆန္ဒနယ်အမှတ်၂ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း မေးမြန်းသည့် ကနီမြို့နယ် ဆင်အိုအုပ်စု လက်ပံစုကျေးရွာ ချင်းတွင်းမြစ်ကမ်းပြိုကျခြင်းနှင့် ပတ်သက်၍ကမ်းထိန်းနံရံဆောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိနှင့် ရှိလျှင် မည်သည့်အချိန်တွင် လုပ်ဆောင်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ဝန်ကြီးက ပြန်လည်ဖြေကြားပေးခဲ့ခြင်းဖြစ်သည်။

ကနီမြို့နယ် ချင်းတွင်းမြစ်ကမ်းပေါ်တွင်ရှိသော လက်ပံစုကျေးရွာသည် အိမ်ခြေ ၂၇၀ အိမ်ထောင်စု ၂၉၅စု အမျိုးသား ၆၆၄ ဦး၊ အမျိုးသမီး ၇၃၆ ဦး စုစုပေါင်း ၁၄၀၀ နေထိုင်လျက်ရှိပြီး ၂၀၁၆ ခုနှစ်က ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်သုံးလုံး အရေးပေါ်ဖျက်လိုက်ရသည်။ ယခုအခါ အန္တရာယ်ရှိသော အိမ်ခြေ ၆၈ လုံးရှိနေကြောင်း မြို့နယ်မဲဆန္ဒနယ်အမှတ် ၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

အဆိုပါကျေးရွာကို ပြောင်းရွှေ့လျှင်လည်း အိမ်ဝင်းဈေးကြီးကာ ပြောင်းရွှေ့စရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ကျေးရွာနေဒေသခံများအနေဖြင့် အခက်တွေ့လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



မတ် ၇ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပညာပေး မော်တော်ယာဉ်ကြီး ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရ ဓမ္မာရုံရှေ့၌ ပြသလျက်ရှိရာ ပြည်သူများ စိတ်ပါဝင်စားစွာ တက်ရောက်လေ့လာနေသည်ကို တွေ့ရစဉ် ကိုကြီးတင်

# ရှုံးကြေးပြန်ဆပ်မယ့် လီဗာပူး

— ဝေမိုးဆက် —

ပရီမီယာလိဂ်ပွဲစဉ် ၂၈ ကို လာမယ့် မတ်လ ၁၁၊ ၁၂ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဆိုပါပရီမီယာလိဂ်ပွဲစဉ် ၂၈ ဟာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေနဲ့ တိုက်ဆိုင်နေတာကြောင့် အက်ဖ်အေဖလားကွာတားပွဲတွေကစားရမယ့် အသင်းတွေရဲ့ပွဲတွေ ရက်ရွှေ့ခဲ့ကာ မန်စီးတီးပွဲကိုလည်း ကြိုကစားခဲ့တာကြောင့် လေးပွဲသာကျင်းပသွားမှာ ဖြစ်ပါတယ်။

## ဘုန်းမောက် VS ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဟမ်း | ၁ | ၀ | ဘုန်းမောက် |

မန်ယူကို သရေကစားနိုင်ခဲ့ပေမယ့် ဘုန်းမောက်ခြေက အားနည်းမှုတွေရှိခဲ့ပြီး မန်ယူတို့ အဆုံးသတ်အားနည်းခဲ့လို့သာ သရေကျခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ဘုန်းမောက်ခံစစ်က အားနည်းမှုတွေများနေလို့ ဝက်စ်ဟမ်းရဲ့တုံ့ပြန်အားကို ပွဲချိန်ပြည့်ထိန်းဖို့ခက်မယ်။ ဘုန်းမောက်အိမ်ကွင်းမှာ အမြင့်ဆုံးသရေပဲရမယ်။

## အဲဗာတန် VS ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဘရွန်း | ၁ | ၂ | အဲဗာတန် |

အိမ်ကွင်းပွဲတွေမှာ အဲဗာတန်ခြေနဲ့ တိုက်စစ်ပိုင်းကပိုကောင်းတတ်ပါတယ်။ ဝက်စ်ဘရွန်းက ခြေစွမ်းမတည်ငြိမ်တတ်သလို အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းနဲ့ခံစစ်ကစားပုံအားနည်းတတ်ပါတယ်။ လူကာကူခြေစွမ်းပြနေတဲ့ အဲဗာတန်ကသာ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

## ဟားလ် VS ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆွမ်ဆီး | ၀ | ၂ | ဟားလ် |

မထင်မှတ်ဘဲ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပါတယ်။ နှစ်သင်းစလုံးဟာ လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ အားစိုက်နေချိန်ဖြစ်လို့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဟားလ်ကခြေစွမ်းပိုင်း မတည်ငြိမ်ပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ အသင်းလိုက် ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ တိုက်စစ်ကလည်း အိမ်ကွင်းပွဲတွေမှာ ထိုးဖောက်ကစားပုံ ပိုမိုကောင်းမွန်တတ်တာကြောင့် စုစည်းမှုအားနည်းတဲ့ ဆွမ်ဆီးခံစစ်ကိုဖိအားပေးနိုင်ခြေရှိနေပါတယ်။ ဒါပေမယ့်လည်းဆွမ်ဆီးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းနေကာ ဘန်လေကို နောက်ကလိုက်ကစားပြီး အနိုင်ရယူနိုင်ခဲ့ပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ဆွမ်ဆီးတိုက်စစ်ကလည်း ဂိုးသွင်းခြေကောင်းမွန်နေတာကြောင့် ဟားလ်ရဲ့ခံစစ်ကို တုံ့ပြန်ဖိအားပေးနိုင်ခြေရှိနေပါတယ်။ အပြန်အလှန် ထိုးဖောက်ကစားကြမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်လာနိုင်သလို သရေကျသွားဖို့လည်း များနေပါတယ်။

## လီဗာပူး VS ဘန်လေ

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘန်လေ | ၂ | ၀ | လီဗာပူး |

ပထမအကျော့တုန်းက လီဗာပူးဟာဘန်လေကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့ရပါတယ်။ အဆိုပါပွဲမှာလည်း လီဗာပူးက ခြေစွမ်းပိုင်းအသာရခဲ့သလို အခွင့်အရေးတွေလည်းရရှိခဲ့ပေမယ့် အဆုံးသတ်အားနည်းခဲ့လို့ ရှုံးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း လီဗာပူးခြေက ကောင်းမွန်နေကာ အိမ်ကွင်းနောက်ဆုံးပွဲမှာ အာဆင်နယ်ကိုတောင် ခြေစွမ်းအသာစီးနဲ့ကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် လီဗာပူးက အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်လို့ ဘန်လေကိုဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း ဘန်လေကလည်း အခုနောက်ပိုင်း ကစားပုံကောင်းနေကာ ဟားလ်၊ ဆွမ်ဆီးတို့နဲ့ကစားခဲ့တဲ့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကကောင်းမွန်ခဲ့သလို တုံ့ပြန်ကစားအားလည်း တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ခံစစ်ပိုင်းကစိတ်မချရသေးတဲ့ လီဗာပူးကိုတုံ့ပြန်နိုင်ဖို့ရှိနေသလို အကြိတ်အနယ်ရှိနိုင်ကာ တစ်ဦးချင်းပိုကောင်းတဲ့ လီဗာပူးကသာ နိုင်ပွဲရသွားမှာပါ။

# ဆီမီးတက်ဖို့ခက်ခဲနေတဲ့မန်ယူ

အက်ဖ်အေဖလားပြိုင်ပွဲရဲ့ကွာတားအဆင့်ပွဲတွေကို မတ်လ ၁၁ရက်၊ ၁၂ရက်နဲ့ ၁၄ ရက်တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ချယ်လ်ဆီးနဲ့ မန်ယူတို့ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုဖြစ်နေကာ အာဆင်နယ်နဲ့ စပါးတို့ကတော့ နိုင်ပွဲနဲ့အတူဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်မယ့်အခြေအနေမှာ ရှိနေပါတယ်။



## စပါး VS မီလ်ဝေါ

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | မီလ်ဝေါ | ၀ | ၁ | စပါး |

ယူရိုပါလိဂ်ကနေထွက်ခဲ့ရပြီးတဲ့နောက် ပရီမီယာလိဂ်မှာလည်း ဆုဖလားရယူနိုင်ဖို့ ခက်ခဲနေတဲ့ စပါးဟာ ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့အထိ ရည်မှန်းထားမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အပြင် ယူရိုပါလိဂ်ပွဲတွေလည်း ကစားရဖို့မရှိတော့တာကြောင့် စပါးတို့ခြေကုန်ထုတ်ကစားလာနိုင်ဖို့ ရှိနေပါတယ်။ မီလ်ဝေါကတော့ လိဂ်ဝမ်းပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို တန်းတက်ခွင့်ရယူနိုင်ဖို့တောင် ရည်မှန်းနေနိုင်တယ် ဆိုပေမယ့် စပါးလိုအသင်းမျိုးကိုတော့ အဝေးကွင်းမှာ ခြေရည်တူတုံ့ပြန်နိုင်ဖို့ခက်ပါတယ်။ မီလ်ဝေါဟာ အောက်အဆင့်ပွဲတွေတုန်းက လက်စတာ၊ ဝက်ဖို့ဒ်၊ ဘုန်းမောက်တို့လို ပရီမီယာလိဂ်အသင်းတွေကို ကျော်ဖြတ်နိုင်ခဲ့တာမှန်ပေမယ့် အဆိုပါအသင်းတွေအားလုံးထက် စပါးကအစစအားသာမှုရှိနေတဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စပါးကသာနိုင်ပွဲနဲ့ နောက်တစ်ဆင့်တက်နိုင်ဖို့ ရှိနေပါတယ်။

## ချယ်လ်ဆီး VS မန်ယူ

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | ချယ်လ်ဆီး | ၄ | ၀ | မန်ယူ |

ပရီမီယာလိဂ်မှာဆုံခဲ့တုန်းကမန်ယူဟာ ချယ်လ်ဆီးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း မန်ယူအနေနဲ့ ဒီပွဲမှာချယ်လ်ဆီးကို အနိုင်ရယူကာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာလည်း မန်ယူခြေက ကောင်းမွန်နေတယ်လို့ဆိုနိုင်ပါတယ်။ ဘုန်းမောက်ကိုအနိုင်မရခဲ့ဘူးဆိုပေမယ့်လည်း ကစားပုံကောင်းမွန်မှုရှိခဲ့ကာ အဆုံးသတ်ပိုင်းအား နည်းလွန်းခဲ့တာကြောင့်သာ နိုင်ပွဲမရခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း မန်ယူဟာ ဒီပွဲမတိုင်ခင်နဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲတွေကစားရဖို့ရှိနေတာကြောင့်ပွဲပန်းမှုတွေများလာနိုင်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးကလည်း ခြေစွမ်းပိုင်းအရ ကောင်းနေကာ အိမ်ကွင်းပွဲတွေမှာဆိုရင်ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးက မန်ယူလောက်လည်း ပွဲဆက်မများတာကြောင့် ခြေကုန်ထုတ်လာနိုင်မှာ သေချာနေပါတယ်။ ပရီမီယာလိဂ်တုန်းကလို ဂိုးမပြတ်နိုင်ပေမယ့် ချယ်လ်ဆီး ပဲနိုင်မယ်။

## မစ်ဒယ်ဘရော့ VS မန်စီးတီး

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | မန်စီးတီး | ၁ | ၁ | မစ်ဒယ်ဘရော့ |

မန်စီးတီးအနေနဲ့လည်း ဆုဖလားလက်မဲ့မဖြစ်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း မစ်ဒယ်ဘရော့ရဲ့အိမ်ကွင်းခံကစားအားကိုလည်း လျှော့တွက်ဖို့ခက်ခဲပါတယ်။ ဒါ့အပြင် မန်စီးတီးဟာ ချန်ပီယံလိဂ်လည်း ကစားရဦးမှာဖြစ်လို့ ခြေကုန်ထုတ်နိုင်ဖို့ခက်မယ်။ မန်စီးတီးကပဲပြီးသာနိုင်မယ်။

## အာဆင်နယ် VS လင်ကွန်း

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | - | - | - | - |

အာဆင်နယ်က အက်ဖ်အေဖလားကလွဲရင်အခြားဆုဖလားမျှော်လင့်နိုင်ဖို့ခက်ခဲနေတာကြောင့် ခြေကုန်ထုတ်လာမှာဖြစ်ပြီး ၊ အိမ်ကွင်းလည်းဖြစ်လို့ အမှားခံမှာ မဟုတ်ဘူး။ လင်ကွန်းကလည်း အစစအားနည်းတဲ့အသင်း ဖြစ်တာကြောင့် ဒီပွဲစဉ်မှာတော့ အာဆင်နယ်တို့ ဂိုးပြတ်အနိုင်ရသွားမှာပါ။

## ပရီမီယာလိဂ်ပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၁-၃-၁၇)** | | | |
| ည ၉း၃၀ | ဘုန်းမောက် | - | ဝက်စ်ဟမ်း |
| ည ၉း၃၀ | အဲဗာတန် | - | ဝက်စ်ဘရွန်း |
| ည ၉း၃၀ | ဟားလ် | - | ဆွမ်ဆီး |
| **တနင်္ဂနွေနေ့ (၁၂-၃-၁၇)** | | | |
| ည ၁၀း၃၀ | လီဗာပူး | - | ဘန်လေ |

## အက်ဖ်အေဖလားကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| **စနေနေ့ (၁၁-၃-၁၇)** | | | |
| ည ၆း၄၅ | မစ်ဒယ်ဘရော့ | - | မန်စီးတီး |
| နံနက် ၀၀း၀၀ | အာဆင်နယ် | - | လင်ကွန်း |
| **တနင်္ဂနွေနေ့ (၁၂-၃-၁၇)** | | | |
| ည ၈း၃၀ | စပါး | - | မီလ်ဝေါ |
| **တနင်္လာနေ့ (၁၃-၃-၁၇)** | | | |
| နံနက် ၂း၁၅ | ချယ်လ်ဆီး | - | မန်ယူ |

## စပိန်လာလီဂါပွဲစဉ်(၂၇)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၀-၃-၁၇)** | | | |
| နံနက် ၂း၁၅ | အက်စ်ပန်ညို | - | လက်ပဲလ်မက်စ် |
| **စနေနေ့ (၁၁-၃-၁၇)** | | | |
| ည ၆း၃၀ | ဗလင်စီယာ | - | ဂီဂျွန် |
| ည ၉း၄၅ | ဆီဗီလာ | - | လီဂါနက်စ် |
| နံနက် ၀၀း၀၀ | မာလာဂါ | - | အလာဗက်စ် |
| နံနက် ၂း၁၅ | ဂရန်နာဒါ | - | အက်သလက် |
| **တနင်္ဂနွေနေ့ (၁၂-၃-၁၇)** | | | |
| ည ၅း၃၀ | ဆိုစီဒက် | - | ဘီဘာအို |
| ည ၉း၄၅ | ဒီပို့တီဗို | - | ဘာစီလိုနာ |
| နံနက် ၀၀း၀၀ | ဆယ်တာဗီဂို | - | ဗီလာရီးရဲ |
| နံနက် ၂း၁၅ | ရီးရဲမက်ဒရစ် | - | ဘက်တစ် |
| **တနင်္လာနေ့ (၁၃-၃-၁၇)** | | | |
| နံနက် ၂း၁၅ | အိုဆာဆူနာ | - | အီဘာ |

## စီးရီးအေပွဲစဉ်(၂၈)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၀-၃-၁၇)** | | | |
| နံနက် ၂း၁၅ | ဂျူဗင်တပ်စ် | - | မီလန် |
| **စနေနေ့ (၁၁-၃-၁၇)** | | | |
| နံနက် ၂း၁၅ | ဂျီနိုအာ | - | ဆမ်ဒိုးရီးယား |
| **တနင်္ဂနွေနေ့ (၁၂-၃-၁၇)** | | | |
| ည ၆း၀၀ | ဆက်ဆူအိုလို | - | ဘိုလော့ဂ်နာ |
| ည ၈း၃၀ | အင်တာမီလန် | - | အတ္တလန္တာ |
| ည ၈း၃၀ | ဗီအိုရင်တီးနား | - | ကက်ဂလီယာရီ |
| ည ၈း၃၀ | နာပိုလီ | - | ခရိုတိုနီ |
| ည ၈း၃၀ | ချီယေဗို | - | အမ်ပိုလီ |
| ည ၈း၃၀ | ပက်စ်ကာရာ | - | အူဒီးနိစ် |
| နံနက် ၂း၁၅ | ပါလာမို | - | ရိုးမား |
| **တနင်္လာနေ့ (၁၃-၃-၁၇)** | | | |
| နံနက် ၂း၁၅ | လာဇီယို | - | တိုရီနို |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂၉)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၀-၃-၁၇)** | | | |
| နံနက် ၀၀း၃၀ | နိုက်စ် | - | ကိန်းစ် |
| နံနက် ၂း၁၅ | မာဆေး | - | အန်ဂျာစ် |
| **စနေနေ့ (၁၁-၃-၁၇)** | | | |
| ည ၁၀း၁၅ | မိုနာကို | - | ဘော်ဒိုး |
| နံနက် ၁း၃၀ | နန့်စီ | - | လေလီ |
| နံနက် ၁း၃၀ | မောင့်ပယ်လီယာ | - | နန့်စ် |
| နံနက် ၁း၃၀ | ရိန်းစ် | - | ဒီဂျွန် |
| နံနက် ၁း၃၀ | ဂူအင်ဂမ့် | - | ဘတ်စတီယာ |
| **တနင်္ဂနွေနေ့ (၁၂-၃-၁၇)** | | | |
| ည ၈း၃၀ | စိန့်အေတီယန် | - | မက်ဇ် |
| ည ၁၀း၃၀ | လိုင်ယွန် | - | တူးလောက်စ် |
| နံနက် ၂း၃၀ | လောရီယင့် | - | ပီအက်စ်ဂျီ |

# စဉ်ဆက်မပြတ်တိုးတက်လာတဲ့ အကောင်းဆုံး အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း

အောင်က

အဲဗာတန်အသင်းနဲ့တွေ့တဲ့ပွဲမှာ ဟယ်ရီကိန်းဟာ အသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့တယ်။ အဲ့ဒီနှစ်ဂိုးကလည်းအသင်းတွက်တော့ အနိုင်ရရှိဖို့ အထောက်အကူဖြစ်ခဲ့တယ်။ အခုဆိုရင် ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်မှာ ၁၉ ဂိုးအထိ သွင်းယူထားနိုင်တဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ်လည်း ရောက်ရှိနေခဲ့ပြီ။ ဒါ့အပြင် အသင်းရဲ့ပြိုင်ပွဲစုံမှာလည်း သွင်းဂိုးက ၂၄ ဂိုးအထိရှိခဲ့ပြီ။ ဒါတွေကြောင့် လက်ရှိ ပရီမီယာလိဂ်မှာတော့ ဟယ်ရီကိန်းဟာအကောင်းဆုံးတိုက်စစ်မှူးအဖြစ် ရှိနေတယ်လို့ပြောရမယ်။ အခုလိုပြောရလောက်အောင်လည်း ဟယ်ရီကိန်းရဲ့ အရည်အချင်းတွေဟာ အခြားကစားသမားတွေထက် သာနေတာကြောင့် လက်ရှိအချိန်မှာတော့ အကောင်းဆုံး အင်္ဂလန်တိုက်စစ်မှူး လို့ပြောရမယ်။ အဲ့ဒီလိုပြောရလောက်တဲ့ အချက်တွေကလည်း အထင်အရှားရှိနေတယ်လို့ ပြောရမယ်။



**ဂိုးသွင်းယူမှု**

တိုက်စစ်မှူးတစ်ယောက်ကို စံအနေနဲ့ တိုင်းတာတဲ့နေရာမှာတော့ ဘယ်လောက်အထိ ဂိုးတွေသွင်းယူနိုင်သလဲ ဆိုတာက အဓိကကျပါတယ်။ တိုက်စစ်မှူးဟယ်ရီကိန်းဟာ ၂၀၁၄-၂၀၁၅ ရာသီကစပြီး လက်ရှိအချိန်အထိ ပရီမီယာလိဂ်မှာ ၆၇ ဂိုးအထိ သွင်းယူပေးထားနိုင်ပြီလည်း ဖြစ်ပါတယ်။ ဒါဟာ လက်ရှိအင်္ဂလန်တိုက်စစ်မှူးများထဲမှာတော့ ဂိုးသွင်းအများဆုံး ကစားသမားလို့ ပြောရမှာပါ။ တိုက်စစ်မှူးစတာရစ်ဆိုရင် လီဗာပူးအသင်းကို ၂၀၁၂ ခုနှစ်က ရောက်ရှိခဲ့တာဖြစ်ပေမယ့် လက်ရှိအချိန်အထိ သွင်းယူထားတဲ့ ဂိုးကတော့ ၄၅ ဂိုးသာရှိတာကို တွေ့ရပါတယ်။ တိုက်စစ်မှူးဗာဒီဆိုရင်တော့ ၂၀၁၄-၁၅ခုနှစ်ကနေ လက်ရှိအချိန်အထိ သွင်းယူထားတဲ့ဂိုးက ၃၆ ဂိုးပဲရှိပါတယ်။ ရွှန်းနေဆိုရင်လည်း ၂၀၁၄-၂၀၁၅ ရာသီကနေအခုထိဆိုရင် ၂၂ ဂိုးသာ သွင်းယူထားနိုင်ပြီး ဒီဖိုးဆိုရင် ၃၃ ဂိုးသာသွင်းယူထားနိုင်ပါသေးတယ်။ ဒါကြောင့် အဲ့ဒီဂိုးသွင်းနိုင်မှုကို ကြည့်တာဟာ အင်္ဂလန်တိုက်စစ်မှူးတွေကြားထဲမှာတော့ ဟယ်ရီကိန်းရဲ့ ခြေစွမ်းကတော့ မြင်သာထင်သာလွန်းပါတယ်။

**အရည်အသွေး**

တိုက်စစ်မှူးကောင်းတစ်ဦးရဲ့ အရည်အသွေးကို တိုင်းတာတဲ့နေရာမှာ ဂိုးသွင်းနိုင်မှုအရည်အချင်းဟာ အဓိကအရေးပါတဲ့အချက်လို့တော့ပြောနိုင်ပါတယ်။ အင်္ဂလန်တိုက်စစ်မှူးတွေထဲမှာတော့ ဗာဒီက ဂိုးသွင်းရာမှာ ပါးရည်နပ်ရည်ရှိတယ်။ စတာရစ်ကတော့ အကောင်းဆုံးအဆုံးသတ်နိုင်တယ်။ တိုက်စစ်မှူး ရွှန်းနေကတော့ ဘက်စုံကောင်းသူလို့ ပြောရမှာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ သုံးရာသီအတွင်းမှာတော့ ဟယ်ရီကိန်းဟာ အရည်အချင်းတွေ တိုးတက်မှုရှိပြီး အကောင်းဆုံး ကစားသမားတစ်ဦးလို့ ပြောရလောက်အောင် အင်္ဂလန်ရဲ့အခြား တိုက်စစ်မှူးတွေထက်သာလွန်ခဲ့တယ်။ ဟယ်ရီကိန်းရဲ့ ဒီနှစ်စွမ်းဆောင်မှုက ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ် ဆုဖလားကို ရယူပေးနိုင်ခဲ့တဲ့ဗာဒီရဲ့စွမ်းဆောင်မှုထက်ကောင်းတယ်။ စတာရစ်၊ ရွှန်းနေတို့ရဲ့၂၀၁၃-၁၄ ရာသီထက်လည်း ပိုမိုသာလွန်တယ်။ ဒါကြောင့် နှိုင်းယှဉ်ကြည့်လေ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ခြေစွမ်းနဲ့အရည်အသွေးတွေကတော့ ပိုမိုသာလွန်လေလို့တောင် ပြောရမယ်။

**စဉ်ဆက်မပြတ်တိုးတက်မှု**

တိုက်စစ်မှူးကောင်းတစ်ဦးရဲ့ အဓိကအရည်အချင်းတွေကတော့ စဉ်ဆက်မပြတ်တိုးတက်မှုလို့ပြောရမယ်။ တိုက်စစ်မှူးစတာရစ်ဟာ ၂၀၁၃-၁၄ ရာသီမှာ ၂၁ ဂိုးသွင်းယူခဲ့တယ်။ ၂၀၁၄-၁၅ ရာသီမှာတော့ ဒဏ်ရာပြဿနာတွေနဲ့ရုန်းကန်နေရပြီး ၁၄ ဂိုးသာ သွင်းယူနိုင်ပါတော့တယ်။ ဗာဒီဆိုရင်လည်း ပြီးခဲ့တဲ့ရာသီက အသင်းအတွက် ၂၄ ဂိုး သွင်းယူပေးပြီး ဒီနှစ်ရာသီမှာဆိုရင် ခုနစ်ဂိုးသာသွင်းယူနိုင်သူ ဖြစ်ပါတယ်။ ရွှန်းနေဆိုရင်လည်း ၂၀၁၄-၂၀၁၅ ရာသီမှာ ၁၂ ဂိုးသာ သွင်းယူနိုင်ကာ ပြီးခဲ့တဲ့ရာသီမှာတော့ ရှစ်ဂိုးသာသွင်းယူနိုင်တဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ဟယ်ရီကိန်းကတော့ ၂၀၁၄-၁၅ ရာသီမှာ ၂၁ ဂိုး ပြီးခဲ့တဲ့ ရာသီမှာ ၂၅ ဂိုးအထိသွင်းယူထားပြီး ရွှေဖိနပ်ဆုကို ရရှိခဲ့သူဖြစ်ပါတယ်။ အခုဆိုရင်လည်း ပရီမီယာလိဂ် ၁၉ ဂိုးအထိ သွင်းယူထားနိုင်တာကြောင့် ဟယ်ရီကိန်းဟာ စဉ်ဆက်မပြတ်တိုးတက်မှုတွေ ရရှိနေတဲ့သူဖြစ်တယ်ဆိုတာကတော့ အမှန်လို့ပြောရမှာပါ။

**ဘယ်ခြေ၊ညာခြေ ခြေစွမ်းပြနိုင်သူ**

ကမ္ဘာပေါ်မှာရှိတဲ့ တိုက်စစ်မှူး တော်တော်များများဟာ ဘယ်ခြေရော၊ ညာခြေပါ ခြေစွမ်းပြကစားနိုင်တဲ့သူဟာ အလွန်ကို နည်းပါးလွန်းတယ်လို့ ပြောရမှာပါ။ လက်ရှိ ပရီမီယာလိဂ် တိုက်စစ်မှူးတွေထဲမှာဆိုရင်လည်း စတာရစ်တစ်ဦးတည်းကသာလွဲပြီး ဟယ်ရီကိန်း၊ ဗာဒီ၊ ရွှန်းနေနဲ့ ဒီဖိုးတို့ဟာ ညာသန်ကစားသမားတွေဖြစ်ကြပါတယ်။ ဒါပေမယ့် လက်ရှိစာရင်းဇယားတွေအရကြည့်မယ့်ဆိုရင်တော့ ဟယ်ရီကိန်းဟာ ဒီဖိုးကလွဲရင် ကျန်တဲ့တိုက်စစ်မှူးတွေထက် ဘယ်ခြေသုံး ဂိုးသွင်းယူနိုင်မှုက အကောင်းဆုံးဖြစ်လာတယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့်လည်း ဟယ်ရီကိန်းဟာ ဘယ်ခြေရော၊ ညာခြေပါ ခြိမ်းခြောက်မှုတွေပြုလုပ်နိုင်တဲ့ အကောင်းဆုံးတိုက်စစ်မှူး အဖြစ်ရှိနေပြီလို့ ဆိုရမှာပါ။

**အသက်အရွယ်**

အရာအားလုံးနဲ့ နှိုင်းယှဉ်မှုတွေ၊ အသေးစိတ်တွက်ချက်မှုတွေအရ ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်ရဲ့အကောင်းဆုံး တိုက်စစ်မှူးအဖြစ် ပြောနိုင်တာကတော့ သူ့ရဲ့လက်ရှိ အသက်အရွယ်ကလည်း အဓိကကျတယ်လို့ပြောရမှာပါ။ သူဟာ လက်ရှိ အသက် ၂၃ နှစ်အထိ အဆက်မပြတ်တိုးတက်မှုတွေ ရရှိနေပြီး အသက် ၂၇ နှစ်လောက်မှာသာဆိုရင် အခြားအင်္ဂလန်တိုက်စစ်မှူးတွေနဲ့ နှိုင်းယှဉ်လို့မရအောင် ပိုမိုကောင်းမွန်တဲ့ ကစားသမားတစ်ဦးအဖြစ် ရောက်ရှိသွားမှာသေချာပါတယ်။ လက်ရှိအချိန်မှာတော့ ဟယ်ရီကိန်းရဲ့ အရည်အချင်း၊ ဂိုးသွင်းစွမ်းရည်၊ အသက်အရွယ်တွေအရတော့ အကောင်းဆုံး အင်္ဂလန်တိုက်စစ်မှူးလို့တောင် ဆိုရမှာဖြစ်ပါတယ်။ ။



> **သူဟာ လက်ရှိ အသက် ၂၃ နှစ်အထိ အဆက်မပြတ်တိုးတက်မှုတွေ ရရှိနေပြီး အသက် ၂၇ နှစ်လောက်မှာ သာဆိုရင် အခြားအင်္ဂလန် တိုက်စစ်မှူးတွေနဲ့ နှိုင်းယှဉ်လို့ မရအောင် ပိုမိုကောင်းမွန်တဲ့ ကစားသမားတစ်ဦးအဖြစ် ရောက်ရှိသွားမှာသေချာပါတယ်။**

UEFA CHAMPIONS LEAGUE

| ချန်ပီယံလိဂ် ၁၆ သင်းအဆင့် | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၁၄-၃-၁၇)** | | | |
| နံနက် ၂း၁၅ | ဂျူဗင်တပ် | - | ပေါ်တို |
| နံနက် ၂း၁၅ | လက်စတာ | - | ဆီဗီလာ |
| **ဗုဒ္ဓဟူးနေ့ (၁၅-၃-၁၇)** | | | |
| နံနက် ၂း၁၅ | မိုနာကို | - | မန်စီးတီး |
| နံနက် ၂း၁၅ | အက်သလက် | - | လေဗာကူဆင် |


## မန်နေဂျာ ကိုးမန်းအား အဲဗာတန်တွင် ဆက်နေရန် ခံစစ်မှူး အက်ရှ်လေဝီလီယံ တိုက်တွန်း



အဲဗာတန်အသင်း ဗဟိုခံစစ်မှူး အက်ရှ်လေဝီလီယံက မန်နေဂျာ ရော်နယ်ကိုးမန်းအား ဘာစီလိုနာအသင်း နည်းပြသစ်ဖြစ်လာနိုင်သည်ဟု ထင်ကြေးပေးခံနေရမှုကို မေ့ဖျောက်ကာ အဲဗာတန်အသင်းတွင်သာ ဆက်နေရန် တိုက်တွန်းပြောဆိုလိုက်သည်။

ဘာစီလိုနာအသင်းနည်းပြ အန်နရီကေးက ယခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းမှထွက်ခွာမည်ဟု အတည်ပြုပြောဆိုခဲ့ပြီးနောက် ဘာစီလိုနာအသင်းကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ကိုးမန်း (၅၃နှစ်) သည် ဘာစီလိုနာအသင်း နည်းပြသစ်ဖြစ်လာနိုင်သူများအနက်မှ တစ်ဦးအဖြစ် ထင်ကြေးပေးခံနေရသူဖြစ်သည်။ ဟော်လန်လူမျိုး မန်နေဂျာ ကိုးမန်းသည် ၂၀၁၆ ခုနှစ် ဇွန်လတွင် အဲဗာတန်အသင်း မန်နေဂျာအဖြစ် သုံးနှစ် သက်တမ်းရှိ စာချုပ်ဖြင့် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။ ဝေးလ်ကစားသမား အက်ရှ်လေ ဝီလီယံ "ကျွန်တော်ကတော့ အဲဗာတန်အသင်းမှာ မန်နေဂျာ ကိုးမန်းဆက်ရှိဖို့ မျှော်လင့်ပါတယ်။ သူဟာ အဲဗာတန်အသင်းကို စတင်တည်ဆောက်ပေးနေသူပါ။ အဲဗာတန်ဟာ အနာဂတ်မှာ ကောင်းမွန်လာလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။ မန်နေဂျာ ကိုးမန်းမှာလည်း သူ့ရဲ့ကိုယ်ပိုင်ရည်မှန်းချက်ရှိမှာပါ။ ဒါကြောင့် ကိုးမန်းအနေနဲ့ ဘာလုပ်သင့်တယ်ဆိုတာကို ကျွန်တော်တို့ပြောလို့မရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဘက်ကတော့ ကိုးမန်းကို အဲဗာတန်အသင်းမှာပဲ ဆက်ရှိစေချင်တယ်"ဟု ပြောဆိုခဲ့သည်။

## ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးကို အမြန်ဆုံး လုပ်ဆောင်သွားမည်ဟု ဟာဇက် ပြောဆို



ချယ်လ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား အီဒင် ဟာဇက်က ယခုနှစ် ဘောလုံးရာသီ၏ ပရီမီယာလိဂ် ချန်ပီယံဆုရရှိရေးကိုတတ်နိုင်သမျှ အမြန်ဆုံး လုပ်ဆောင်သွားရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ ပြီးခဲ့သည့် မတ်လ ၇ ရက်တွင် ချယ်လ်ဆီးက အဝေးကွင်း၌ ဝက်စ်ဟမ်းအား ၂-၁ ဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲအပြီးတွင် ဘယ်လ်ဂျီယံကစားသမား ဟာဇက်က "ကျွန်တော်တို့ ပွဲကောင်းတစ်ပွဲဖြစ်အောင် ကစားနိုင်ခဲ့ပါတယ်။ ဒီပွဲက အခုနှစ်ရာသီမှာ ချယ်လ်ဆီးရဲ့ အကောင်းဆုံးပွဲလို့ ပြောလို့မရပေမယ့် အခွင့်အရေးပေါင်းများစွာကိုတော့ ဖန်တီးနိုင်ခဲ့တယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးက အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ရပ်တည်နေပြီး လက်ကျန်ပွဲ ၁၁ ပွဲကစားဖို့ရှိနေပေမယ့် ထိပ်ဆုံးနေရာမှာပဲ ဆက်လက်ရပ်တည်ချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပရီမီယာလိဂ်ချန်ပီယံအဖြစ် အမြန်ဆုံး အောင်ပွဲခံနိုင်ဖို့ ကြိုးစားသွားမှာပါ။ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းဆီ ပြန်လည်ယူဆောင်နိုင်ဖို့ ဆန္ဒရှိပါတယ်။ ဒါက အခုနှစ် ဘောလုံးရာသီအတွက် ချယ်လ်ဆီးအသင်းရဲ့ပစ်မှတ်ပါပဲ"ဟု ပြောဆိုခဲ့သည်။

## ဂါဘီယာဒီနီသည် ရီးရဲတွင် ပါဝင်ကစားနိုင်သူဖြစ်ကြောင်း ဝက်ဖို့ဒ် တိုက်စစ်မှူး အိုကာကာ ချီးကျူး



ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်း တိုက်စစ်မှူး ဂါဘီယာဒီနီသည် ရီးရဲမက်ဒရစ်အသင်းတွင် ပါဝင်ကစားရန် ထိုက်တန်သည့် အရည်အချင်းရှိသော တိုက်စစ်မှူး တစ်ဦးဖြစ်ကြောင်း ဝက်ဖို့ဒ်အသင်း တိုက်စစ်မှူး စတီဖာနို အိုကာကာက ချီးကျူးပြောဆိုလိုက်သည်။

အီတလီတိုက်စစ်မှူး ဂါဘီယာဒီနီ (၂၅ နှစ်) သည် ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်တွင် နာပိုလီအသင်းမှ ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး လေးနှစ်ခွဲသက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

"ကျွန်တော်ဟာ ဆမ်ဒိုးရီးယားအသင်းမှာ ဂါဘီယာဒီနီနဲ့အတူ ကစားခဲ့ဖူးပါတယ်။ သူဟာ တကယ့်ကို အံ့အားသင့်စရာကောင်းတဲ့ ကစားသမားပါ။ ကျွန်တော်တို့ အတူလက်တွဲကစားခဲ့ရတာက နှစ်သက်စရာပါပဲ။ တိုက်စစ်မှူး ဂါဘီယာဒီနီဟာ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ရဲ့ထိပ်တန်း ဂိုးသွင်းရှင်တွေအနက်ကတစ်ဦးဖြစ်လာနိုင်ပါတယ်။ ဒီလိုမဖြစ်နိုင်စရာလည်း မရှိပါဘူး။ သူဟာ တကယ့်ကို ကောင်းမွန်တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဘောလုံးလောကမှာ အရာရာက ဖြစ်လာနိုင်ပါတယ်။ ဂါဘီယာဒီနီဟာ အခုနှစ် ဘောလုံးရာသီမှာ ဂိုးအများအပြား သွင်းယူနိုင်စွမ်းရှိသလိုလာမယ့် ရာသီမှာလည်း ဂိုးအများကြီး သွင်းယူနိုင်သူတစ်ဦး ဖြစ်လာနိုင်တယ်။ သူဟာ ရီးရဲမက်ဒရစ်အသင်း ကစားသမား တစ်ဦးလည်း ဖြစ်လာနိုင်တယ်။ အနာဂတ်ကို ဘယ်သူမှ ကြိုမမြင်နိုင်ပါဘူး"ဟု တိုက်စစ်မှူး အိုကာကာက ပြောဆိုသွားခဲ့သည်။

ထက်အောင်

# World CSR အထိမ်းအမှတ် Leadership Award ဆုကို မြန်မာအင်ဂျင်နီယာ ဆွတ်ခူးရရှိ

**သတင်းဆောင်းပါး - ခင်ရတနာ**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ World CSR အဖွဲ့အစည်းမှ ပေးအပ်ချီးမြှင့်သည့် Leadership Award for Outstanding Contribution to Water Efficiency ဆုကို မြန်မာ အင်ဂျင်နီယာတစ်ဦးဖြစ်သည့် ဦးခင်မောင်ဝင်းက ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းသည် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် လွန်ခဲ့သည့် ခြောက်နှစ်တာမှ စတင်ဖွဲ့စည်းထားပြီး Dr.R.L Bhatla က စတင် တည်ထောင်ခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ပြည်တွင်းပြည်ပ လုပ်ငန်းအဖွဲ့အစည်းကြီးများ၊ နိုင်ငံဒေသအနှံ့ရှိ ထောင်ပေါင်းများစွာသော ဖောင်ဒေးရှင်းများ၊ ပရဟိတလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သော အင်(န်)ဂျီအို အဖွဲ့အစည်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ အားလုံးစုပေါင်းကာ CSR လုပ်ငန်းကို အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။

ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်က အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ Taj Lands End ဟိုတယ်၌ ကျင်းပခဲ့သည့် World CSR Day နှင့် World CSR Congress တွင် 'အနာဂတ်၏ အကျိုးအမြတ်မှာ ကျွန်ုပ်တို့အကြောင်းတရား ရည်ရွယ်ချက်ဖြစ်သည်'ဟူသည့် ဆောင်ပုဒ်ဖြင့် အောင်မြင်စွာ ကျင်းပခဲ့ပြီး ယင်းအခမ်းအနားသို့ နိုင်ငံပေါင်း ၁၃၀ မှ CSR အဖွဲ့အစည်း ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ တက္ကသိုလ်နှင့် ပြင်ပ အဖွဲ့အစည်းများမှ လေ့လာသူများ တက်ရောက်ခဲ့ကြပြီး နိုင်ငံတကာ စာတမ်းဖတ်ပွဲများ၊ Leadership Award ပေးအပ်ပွဲများနှင့် ပြပွဲများကို ပြသခဲ့ကြသည်။

"ကျွန်တော့်အနေနဲ့ နှစ်ပေါင်း ၂၀ ကျော် မြန်မာနိုင်ငံမှာ ရေနဲ့ ရေဆိုးဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းတွေကို တစ်စိုက်မတ်မတ် လုပ်ကိုင်ခဲ့ပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာတွေအတွက် နိုင်ငံတကာနဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ ဘာသာရပ်ဆိုင်ရာ တိုးတက်ပြန့်ပွားမှုတွေအတွက်လည်း ပြည်တွင်းစာတမ်းဖတ်ပွဲတွေ၊ ဟောပြောပွဲတွေနဲ့ နိုင်ငံတကာ စာတမ်းဖတ်ပွဲတွေကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ တတ်ကျွမ်းတဲ့ပညာရပ်အရ သီတဂူဆရာတော်ဦးဆောင်တဲ့ သာသနာရေး၊ လူမှုရေး လုပ်ငန်းတွေမှာလည်း အလှူရှင်အဖြစ်ရော၊ ပညာရှင်အဖြစ်ရော တာဝန်ယူခဲ့ပါတယ်။ မြန်မာနိုင်ငံတွင်းမှာ လုပ်ဆောင်နေတာတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆုချီးမြှင့်ခံရတယ်လို့ ထင်ပါတယ်"ဟု ဦးခင်မောင်ဝင်းက ပြောကြားသည်။




အဆိုပါအခမ်းအနားတွင် ဦးခင်မောင်ဝင်းက Green Technology ဆိုင်ရာ Application of Membrane Technology in Water and Wastewater Engineering in Myanmar ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခဲ့ပြီး နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အပြန်အလှန် ဆွေးနွေးကာ မြန်မာနိုင်ငံအတွင်း CSR လုပ်ငန်းများ တွင်ကျယ်စွာလုပ်ဆောင်ကြရေး ပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူဦးရေ ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး တိုးတက်ထွန်းကားသော်လည်း ကျေးလက်နေလူတန်းစားမှာ ၆၇ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် လူနေမှုစနစ်မှာ ကျေးလက်နှင့် မြို့ပြအကြား များစွာကွာဟလျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်မတိုင်မီ နိုင်ငံတိုင်း၏ လူသားအားလုံးအတွက် Sustainable Development Goal ၁၇ ချက်ကို ကမ္ဘာ့ကုလသမဂ္ဂမှ အကောင်အထည်ဖော်လျက်ရှိရာ CSR လုပ်ငန်းများ၏ ဆောင်ရွက်ချက်မှာ အလွန်အထောက်အကူပြုနေကြောင်း မြင်တွေ့ရသည်။

နိုင်ငံတကာစာတမ်းဖတ်ပွဲတွင် ဘာသာရပ်ဆိုင်ရာအပေါ် အခြေခံ၍ အပိုင်းငါးပိုင်း ခွဲခြားထားပြီး World Water Leadership၊ World CSR Leadership၊ Smart Cities၊ Social Innovation နှင့် Global Green Future Summit တို့ကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတကာမှာ CSR လုပ်ငန်းအနေနဲ့ ဖြစ်ဖြစ်၊ မိမိရဲ့ သက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ လူမှုအသိုက်အဝန်းမှာ ဝင်ရောက်လုပ်ကိုင်နေတာ ဖြစ်ဖြစ်၊ မိမိတို့ရဲ့ အသိပညာနဲ့ အတွေ့အကြုံကို မျှဝေပေးခြင်းအားဖြင့် ဒေသမှာရှိတဲ့ ဖောင်ဒေးရှင်းတွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေအတွက် ဗဟုသုတ တိုးပွားစေတဲ့အပြင် နိုင်ငံတကာ အပြန်အလှန် ဆက်ဆံမှုတွေ လုပ်ငန်းချိတ်ဆက်လုပ်ကိုင်မှုတွေကို မိမိတို့အစီအစဉ်အတိုင်း တည်ထောင်နိုင်မယ့် နည်းလမ်းတွေကို စာတမ်းဖတ်ပွဲကနေ ရရှိလာခဲ့တယ်"ဟု ဦးခင်မောင်ဝင်းက ပြောကြားသည်။

ဦးခင်မောင်ဝင်းမှာ ရန်ကုန်တက္ကသိုလ်မှ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ဓာတုအင်ဂျင်နီယာ ဘာသာရပ်ဖြင့် ရန်ကုန်စက်မှုတက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးခဲ့သည်။ ထို့နောက် Asian Institute of Technology (ဗန်ကောက်) မှ ပညာသင်ဆု ရရှိခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အင်ဂျင်နီယာ ဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ အာဆီယံနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အင်ဂျင်နီယာပညာဆိုင်ရာ လုပ်ငန်းများတွင် လှည့်လည်လုပ်ကိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပြန်လာခဲ့ကာ ရေနှင့် ရေသန့်စင်ခြင်းစနစ်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသင်တန်းများ၊ စာတမ်းဖတ်ပွဲများကို လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

ဦးခင်မောင်ဝင်းသည် ရန်ကုန် နည်းပညာတက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် ၁၂ နှစ်ခန့်နှင့် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့ကျောင်းသားကျောင်းသူများအတွက် သုတေသနပြု စာတမ်းများတွင် ကြီးကြပ်သူအဖြစ်လည်းကောင်း၊ သီတဂူဆရာတော် ဦးဆောင်သည့် သာသနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ၁၇ နှစ်ခန့်လည်းကောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံ မစ်ဆူဘီရှီ ရေရွှန်ကုမ္ပဏီ၊ Wellthy ကုမ္ပဏီတို့နှင့် ပူးပေါင်းကာ အဆင့်မြင့် Membrane နည်းပညာ အသုံးချမှုလုပ်ငန်းများကိုလည်းကောင်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာလည်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြပါတယ်။ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်စီမံကိန်းနဲ့ ငွေကြေးအကုန်အကျအများကြီး ကျခံလုပ်ဆောင်နေပါတယ်။ ဒါပေမယ့် ဒေသတွင်း ဆင်းရဲချမ်းသာ လူနေမှုပုံစံ ကွာဟတာကို ကျဉ်းမြောင်းအောင်လုပ်ရာမှာ အစိုးရတစ်ဦးတည်းနဲ့ မလုံလောက်ပါဘူး။ နိုင်ငံတွင်း ဆောင်ရွက်နေတဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေ၊ ဖောင်ဒေးရှင်းတွေစတဲ့ IGO၊ INGO တွေ အားလုံးစုစည်းပြီး ဒေသတစ်ခုချင်း လိုအပ်ချက်၊ အဖွဲ့အစည်းတစ်ခုချင်း စွမ်းဆောင်ချက်တွေကို Data Base တစ်ခု တည်ဆောက်ထားဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။ ဒါမှလည်း ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေကို အပြည့်အဝ ပိုပြီးဆောင်ရွက်နိုင်မယ်။ အကူအညီပိုလျှံမှုတွေ မဖြစ်တော့ဘဲ အားလုံးဖြည့်ဆည်းနိုင်ဖို့ ငွေကြေးတစ်ခုတည်းမဟုတ်ဘဲ သက်ဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်တွေ ပံ့ပိုးကူညီဆောင်ရွက်ကြမယ်ဆိုရင် ဒေသတွင်း အကျိုးပြုလုပ်ငန်းတွေ ပိုပြီး အသက်ဝင်လာမယ်ဆိုတဲ့ အသိအမြင်ကို ဆွေးနွေးပွဲကနေ ရရှိလာခဲ့တယ်"ဟု ဦးခင်မောင်ဝင်းက ပြောကြားသည်။

CSR ဆိုသည်မှာ နိုင်ငံတစ်ခုအတွင်း လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများအနေဖြင့် Greener Business Operation များနှင့်အတူ Community Development အတွက် ဒေသတွင်း ဂေဟစနစ်၊ လူနေမှုစနစ်များကို ဒေသခံများနှင့် ပူးပေါင်းမြှင့်တင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ။

# ကန်တော်မင်္ဂလာ ကန်ပတ်လမ်းတွင် ပြည်သူများအပန်းဖြေနိုင်ရန် ဆောင်ရွက်နေ



**မြိတ် မတ် ၉**

မြိတ်မြို့၏ သမိုင်းဝင်ရေကန်တစ်ခုဖြစ်သော မြစ်ငယ်ရပ်ကွက်ရှိ ကန်တော်မင်္ဂလာရေကန် ကန်ပတ်လမ်းတွင် ပြည်သူများ အပန်းဖြေနိုင်ရေးအတွက် အဆိုပါလမ်းတွင် စိုက်ပျိုးထားသော ခရေပင်များကို ကွန်ကရစ်ခွေများဖြင့် ကာရံကာ အပန်းဖြေထိုင်ခုံများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကန်ပတ်လမ်းတွင် စိုက်ပျိုးထားသော ခရေပင်များမှ ၁၄ ပင်တွင် ကွန်ကရစ်ခွေ ၁၄ခွေကို မတ်၇ရက်က ကာရံထားရှိခဲ့ကြောင်း၊ ကန်ပတ်လမ်းကို ပြည်သူများ အပန်းဖြေနားရာနေရာ ဖြစ်လာစေရေးအတွက် ထိုကွန်ကရစ်ခွေများကို ဆေးအလှခြယ်ခြင်းနှင့် အပန်းဖြေထိုင်ခုံများအဖြစ်ဆောင်ရွက်ခြင်းတို့ကို မြစ်ငယ်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့က ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

# စက်သုံးဆီဆိုင်များ တရားမဝင်ရောင်းချခြင်း ရှိမရှိစစ်ဆေး

**တနင်္သာရီ မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ မြို့ပေါ်ရပ်ကွက်များအတွင်းမှ စက်သုံးဆီ ဂါလန် ၅၀ နှင့်အထက် စက်ပန့်များဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်ချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များ မတ် ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆိုင်များတွင် တရားမဝင် စက်သုံးဆီများ ရောင်းချနေခြင်း ရှိ/မရှိနှင့် တရားဝင်ခွင့်ပြုလိုင်စင် ရှိ/မရှိ ၊ ရောင်းချခွင့်ပြုထားသည့် နေရာတွင် ရောင်းချနေခြင်း ဟုတ်/မဟုတ် စသည်တို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လွင်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ပူးပေါင်းအဖွဲ့ဝင်များက ဆိုင်ရှင်များအား စက်သုံးဆီများထားရှိရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းအောင် ထားရှိရန်၊ အရေးပေါ် မီးသတ်ဆေးဘူးများကို စက်သုံးဆီအရောင်းဆိုင် အရွယ်အစားနှင့် လုံလောက်အောင် ထားရှိရန်နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးလန့်မှု မဖြစ်ပွားစေရေး စသည်တို့ကိုလည်း ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ သွားလာရေးအဆင်ပြေ၍ စည်ကားလျက်ရှိ

**ပုသိမ် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသ မြတ်မော်တင်တောင်အထွဋ်ရှိ မဟာမကုဋ္ဌရုံသီဆံတော်ရှင် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်မှ စတင်၍ကျင်းပလာခဲ့သည်မှာ မတ် ၁၂ ရက် (တပေါင်းလပြည့်နေ့)တွင် အောင်မြင်စွာ ပြီးစီးတော့မည်ဖြစ်သည်။ ပြည်တွင်းပြည်ပ ဘုရားဖူးများ သွားလာရေး အဆင်ပြေချောမွေ့စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့မှ ရေလမ်းခရီးဖြင့် အဆင့်မြင့် နှစ်ထပ်ရေယာဉ်ကြီးများ၊ ကမ်းရိုးတန်းသွား ရေယာဉ်များ၊ ဒေသခံရေယာဉ်များဖြင့်လည်းကောင်း၊ ကုန်းလမ်းခရီးစဉ်ဖြင့် မြန်နန္ဒာအမြန်မှန်လုံဂိတ်၊ ကံထူးအောင်ဂိတ်၊ မြဇင်ယော်ဂိတ်၊ ရွှေပိတောက်ဂိတ်များမှ မှန်လုံယာဉ် ကားကြီးကားငယ်များဖြင့် လည်းကောင်း နေ့စဉ်အသွားအပြန် ပို့ဆောင်ပေးမှုကြောင့် ဘုရားဖူးများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



**ပုသိမ်လှကြည်**

# နိုင်ငံတကာမြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပမည်

**ရန်ကုန် မတ် ၉**

၂၀၁၇ ခုနှစ် သတ္တမအကြိမ်မြောက် နိုင်ငံတကာမြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၂၄ ရက်မှ ၂၇ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံပေါင်း ၁၁ နိုင်ငံ (မြန်မာ၊ ထိုင်း၊ ဟောင်ကောင်၊ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ဂျာမနီ၊ အမေရိကန်၊ အီတလီ၊ အစ္စရေး၊ အိန္ဒိယ) တို့မှ ဆိုင်ခန်းပေါင်း ၅၀ ဖြင့် လာရောက်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ယခုနှစ်တွင် ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့မှ လက်ဝတ်ရတနာဖန်တီးပြုလုပ်ခြင်းနှင့် ပတ်သက်သောနောက်ဆုံးပေါ် နည်းပညာများအား ပြသသွားမည်။ သို့ပါ၍ ကျောက်မျက်ရတနာလုပ်ငန်း စတင်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအနေဖြင့်လည်း သတ္တမ အကြိမ်မြောက် နိုင်ငံတကာ မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် လာရောက်လေ့လာသင့်သော ပြပွဲတစ်ခုဖြစ်သည်။ ဤပြပွဲ၌ ကျောက်မျက်ရတနာအကြမ်းထည်/ အချောထည်များ၊ ပတ္တမြား၊ နီလာ၊ ပုလဲ၊ ကျောက်စိမ်း အစရှိသည့် ကျောက်မျက်ရတနာများ ဝယ်ယူရရှိနိုင်သည်။ ထို့အပြင် ယခုပြပွဲတွင် မြန်မာနိုင်ငံ၏ အဖိုးတန်ကျောက်မျက်သယံဇာတများကိုလည်း တွေ့ရှိနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲအား Market Spider မှ အဓိကအကူအညီပံ့ပိုးပေးထားပါသည်။ Market Spider ဆိုသည်မှာ ဈေးကွက်ဆိုင်ရာ ရောင်းဝယ်ခြင်းများအတွက် မိုဘိုင်းအခြေခံသော Application တစ်ခုဖြစ်ပြီး မြန်မာ့ကျောက်မျက်လက်ဝတ်ရတနာများအား နိုင်ငံတကာဈေးကွက်များသို့ ရောင်းချနိုင်ရန် ကူညီပေးမည့် ပရိုဂရမ်တစ်ခုလည်း ဖြစ်ပါသည်။ Market Spider မှ ယခုပြပွဲတွင် ရန်ကုန်-ဗန်ကောက်အသွားအပြန် ခရီးစဉ်အတွက် လေယာဉ်လက်မှတ်နှစ်စောင်ကိုလည်း နေ့စဉ် မတ် ၂၄ ရက်မှ မတ် ၂၇ရက်အထိ ကံစမ်းမဲဖောက်ပေးသွားမည် ဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

# အထူးကော်မရှင်ဖွဲ့စည်းခြင်းကို လေ့လာရာတွင်

ဥပဒေပညာရှင်တစ်ဦး

နိုင်ငံတစ်နိုင်ငံရှိ လူ့ဘောင်အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အထွေထွေကိစ္စအဝဝသည် အစဉ်တစိုက်တစ်သမတ်တည်း ရပ်တည်၍ မနေဘဲ အချိန်နှင့်အမျှ ပြောင်းလဲနေပါသည်။ လူ့ဘောင်အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် တရားဥပဒေဖြင့် ထိန်းကျောင်းကြပ်မတ်ရသည်။ ဥပဒေကို လူ့ဘောင်အဖွဲ့အစည်း၏ အခြေအနေလိုအပ်ချက်နှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းရသည်။ လူ့ဘောင်အဖွဲ့အစည်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့ ပြောင်းလဲနေသကဲ့သို့ ဥပဒေမှာလည်း လိုအပ်ချက်များ ဖြည့်တင်း၍ ပြောင်းလဲနေသော လူ့ဘောင်အဖွဲ့အစည်းနှင့်အတူ လိုက်ပါပြောင်းလဲနေရသည်။ (Law always change according to the changing society)

ထို့ကြောင့် ဥပဒေပြုရေး၏ အဓိကအခန်းကဏ္ဍဖြစ်သည့် လွှတ်တော်များပေါ်ပေါက်လာပြီးနောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးဖြစ်ထွန်းစေနိုင်မည့် ဥပဒေများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေး၍ အဟောင်းရုပ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းတို့ကို အစဉ်တစိုက်ပြုလုပ်လာခဲ့သည်။ ထိုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လွှတ်တော်များက ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်သည်။ ထိုသို့ ဖွဲ့စည်းဆောင်ရွက်ခဲ့သော ကော်မတီ၊ ကော်မရှင်များတွင် အထူးကော်မရှင်တစ်ရပ်လည်း ပါဝင်သည်ကို တွေ့ရသည်။

အထူးကော်မရှင်ဟုဆိုရာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကို ဆိုခြင်းဖြစ်သည်။ အထူးကော်မရှင်ကို ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အဖွဲ့ဝင် ၃၅ ဦးဖြင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းခဲ့သည်။

**အထူးကော်မရှင်ဖြစ်တည်လာခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်သည် လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့ဝင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သော နိုင်ငံသားများထည့်သွင်း၍လည်းကောင်း၊ ဖွဲ့စည်းနိုင်ခွင့်ရှိသည်။ ယင်းသို့ ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရသည်။ [ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၈(က)]

ထိုနည်းတူ အမျိုးသားလွှတ်တော်သည်လည်း လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့ဝင်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သော နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်ခွင့်ရှိသည်။ ယင်းသို့ ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရသည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၀)

လွှတ်တော်နှစ်ရပ်၏ လုပ်ပိုင်ခွင့်များသည် သဘောသဘာဝချင်း၊ အနှစ်သာရချင်း အတူတူပင်ဖြစ်သည်။ ပထမအကြိမ် လွှတ်တော်ငါးနှစ် သက်တမ်းကာလတွင် ပြည်သူ့လွှတ်တော်က လုပ်ပိုင်ခွင့် အခွင့်အာဏာအရ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုနည်းတူ အမျိုးသားလွှတ်တော်ကလည်း ဖွဲ့စည်းခဲ့သည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ၎င်းတို့အား အပ်နှင်းထားသော တူညီသည့် ဤဥပဒေပြဋ္ဌာန်းချက်များကို သီးခြားစီခွဲ၍ မကျင့်သုံးတော့ဘဲ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်လုံးပါဝင်သည့် ပြည်ထောင်စုလွှတ်တော်တွင် တစ်ပေါင်းတည်း ကျင့်သုံးခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ကို ကြီးကြပ်ရသည့် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ လုပ်ပိုင်ခွင့် အခွင့်အာဏာအရ လွှတ်တော်နှစ်ရပ်လုံးအတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းခြင်းဖြင့် ဤအထူးကော်မရှင် ပေါ်ပေါက်လာခြင်းဖြစ်သည်။

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ**

ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်လာလျှင် ယင်းအတွက် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈)

ပြည်ထောင်စုလွှတ်တော်သည် ယင်းသို့အပ်နှင်းထားသော ဥပဒေပြုပိုင်ခွင့်အာဏာအရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂/၂၀၁၄) တွင် လွှတ်တော်အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

**ပုဒ်မ၇(ခ)။** နာယကသည် လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့်လို အပ်သော အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းရာ၌ ယင်းတို့၏ အမည်၊ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

**ပုဒ်မ ၇(ဂ)။** ကော်မရှင်နှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ၌ လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သော နိုင်ငံသားများဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်။

ပြည်ထောင်စုလွှတ်တော်နာယက က အထူးကော်မရှင်ကို ဖွဲ့စည်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၈ (က) နှင့် ၁၅၀ ပါ ပြဋ္ဌာန်းချက်များကို အခြေပြု၍ ပြည်ထောင်စုလွှတ်တော်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကို ရယူ၍ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်ဦးရေ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုပါ ဖော်ပြပြီး သက်တမ်းတစ်နှစ်သတ်မှတ်ပေးထားကြောင်း တွေ့ရသည်။

**ဝေဖန်မှုများရှိနေခြင်း**

ပြည်ထောင်စုလွှတ်တော်နာယကသည် အထူးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကိုရယူ၍ ဖွဲ့စည်းရာတွင် ဤသို့ ဖွဲ့စည်းခြင်းသည် အခြေခံဥပဒေနှင့် ညီ မညီ ဝေဖန်မှုများကြားနေရသည်။ ဤသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘော ကောက်ယူမှုများနှင့် သက်ဆိုင်သွားသည်။ ဤသို့ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘောကောက်ယူခြင်းဆိုင်ရာ လမ်းညွှန်ဆုံးဖြတ်ချက်များကို လေ့လာစူးစမ်းရန် လိုအပ်လာသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘောကောက်ယူခြင်း**

အက်ဥပဒေတစ်ခုတွင်သော်လည်းကောင်း၊ အခြေခံဥပဒေတစ်ခုခုတွင်သော်လည်းကောင်း၊ ပါရှိသည့်ပြဋ္ဌာန်းချက်သည် မလိုက်နာလျှင် မနေရသော ပြဋ္ဌာန်းချက် (Mandatory) သို့မဟုတ် ညွှန်ကြားချက် (Directory) မျှသာဖြစ်သည်ဟု ဆိုသောပြဿနာမှာ တိုင်းပြည်အများတွင် မကြာခဏပေါ်ပေါက်ခဲ့သည်။

“အက်ဥပဒေဖြင့်သော်လည်းကောင်း၊ အခြေခံဥပဒေဖြင့်သော်လည်းကောင်း ကိစ္စတစ်ခုခုကို ဆောင်ရွက်ရန် ပြဋ္ဌာန်းထားလျှင် ထိုပြဋ္ဌာန်းချက်များသည် မလုပ်မနေရသောအချက်သော်လည်းဖြစ်နိုင်သည်။ ညွှန်ကြားချက်မျှသော်လည်းဖြစ်နိုင်သည်။ ခြားနားခြင်းမှာ မလုပ်မနေရဟူသော အချက်ကို ရှောင်ဖယ်၍ မရ။ တစ်သဝေမတိမ်းလိုက်နာရမည်။ ညွှန်ကြားချက်မျှသာဖြစ်ခဲ့ပါမူ လိုက်နာနိုင်သမျှ လိုက်နာဆောင်ရွက်လျှင် လုံလောက်သည်။ တစ်သဝေမတိမ်းမလိုက်နာမိသည့်အတွက် ဆောင်ရွက်ချက် ပျက်ပြယ်သည်ဟု မဆိုနိုင်ကြောင်း” ဆုံးဖြတ်ထားသည်။ (Wood ward V.Sarsons,(1875)K.B 10C.P.733 at 746)

ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာ၌ တရားရုံးများလိုက်နာလေ့ရှိသော ထုံးတမ်းစဉ်လာအချို့မှာ ဤသို့ဖြစ်သည်-

“(က) အခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာတွင် ကျဉ်းမြောင်းအောင်ကျပ်ကျပ်တည်းတည်းမကောက်ယူဘဲ ကျယ်ပြန့်အောင် ရက်ရက် ရောရောကောက်ယူရမည်။

(ခ) အခြေခံဥပဒေများသည် ခေတ်ကာလ အားလျော်စွာ ပေါ်ပေါက်လာသော အဖြစ်အပျက်အကြောင်းခြင်းရာများကို လွှမ်းခြုံမိအောင် ကြီးပွားကျယ်ပြန့်၍လာကြရမည့် ဥပဒေများဖြစ်ကြသည်ဟု အသိအမှတ်ပြု၍ အဓိပ္ပာယ်သဘောကောက်ယူရမည်။

(ဂ) အခြေခံဥပဒေများတွင် ပေး၍ထားသော တန်ခိုးအာဏာများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန် အဓိပ္ပာယ်ကောက်ယူရမည်။

(ဃ) သက်ဆိုင်ရာနိုင်ငံ၏ ပြည်သူလူထုများ အကျိုးအများဆုံး ဖြစ်ထွန်းစေနိုင်မည့် သဘောအဓိပ္ပာယ် ကောက်ယူရမည်။”

ခြုံ၍ဆိုရလျှင် ဥပဒေတစ်ရပ်ကို ဘောင်ခတ်ပြီးပိတ်၍ မကြည့်ဘဲ အမြင်ကျယ်စွာ ဖွင့်၍ ရှုမြင်ဆင်ခြင်သုံးသင့်အပ်သည်။ [ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကောက်ယူခဲ့ပုံနှင့်စပ်လျဉ်း၍ ၁၉၅၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော တရားလွှတ်တော်ချုပ်၏ လွှဲအပ်မှုအမှတ်(၂)ကို ကြည့်ပါရန်]

**ဥပဒေနှင့်အညီ ဖွဲ့စည်းခြင်းဖြစ်သည်**

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာများကို ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရည်ရွယ်ဦးတည်လျက် အထူးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ အမှန်တကယ်လည်း ဤအဖွဲ့၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာများ ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း လက်တွေ့လုပ်ဆောင်ချက်များက အထင်အရှားဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၈ (က)နှင့် ပုဒ်မ ၁၅၀ တို့ပါ ဆိုင်ရာ လွှတ်တော်အသီးသီးတွင် ကော်မရှင်များ ဖွဲ့စည်းနိုင်ကြောင်း ညွှန်ကြားထားချက်ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာများကို ပိုမိုဖြစ်ထွန်းပေါ်ပေါက်စေရန် ရည်ရွယ်ဦးတည်လျက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် ကော်မရှင်များ သီးခြားစီဖွဲ့စည်းခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်လုံးပါဝင်သည့် ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် တစ်ခုတည်းသော ကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ထိုသို့ဖွဲ့စည်းခြင်းသည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ပြည်ထောင်စုလွှတ်တော်လွှတ်တော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းခြင်းလည်းဖြစ်သည်။

အချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဥပဒေများ၏ အနက်အဓိပ္ပာယ်သဘောဖွင့်ဆိုခြင်းဆိုင်ရာ လမ်းညွှန်ဆုံးဖြတ်ချက်များနှင့် ယှဉ်တွဲသုံးသပ်လေ့လာမည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်က အထူးကော်မရှင်ဖွဲ့စည်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟူ၍ အဓိပ္ပာယ်ကောက်ယူမှု ပြုနိုင်မည်မဟုတ်ကြောင်း သဘောရိုးဖြင့် ဆင်ခြင်မိသည်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောအဓိပ္ပာယ်ကို ကျယ်ပြန့်စွာ ကောက်ယူခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် အနှစ်သာရ ပိုမိုပြည့်စုံလွှမ်းခြုံမှုရှိသည်ဟု ဆိုရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာများကို ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရည်ရွယ်ဦးတည်လျက် အထူးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ အမှန်တကယ်လည်း ဤအဖွဲ့၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာများ ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် များစွာအထောက် အကူပြုလျက်ရှိကြောင်း လက်တွေ့လုပ်ဆောင်ချက်များက အထင်အရှားဖြစ်**

# အကောက်ခွန် MACCS စနစ် သံတမန်အခွင့်အရေးမရှိဘဲ တောင်းဆိုမှု အရေးယူခံရနိုင်

**ရန်ကုန် မတ် ၉**

အကောက်ခွန်ဦးစီးဌာနသည် သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ် များ သွက်လက်မြန်ဆန် မှန်ကန်စေရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် အကောက်ခွန် ဖွံ့ဖြိုးတိုးတက်ရေးတို့ အပြင် National Single Window အထောက်အကူပြု Myanmar Automated Cargo Clearance System (MACCS) စနစ်ကို စတင်ဆောင်ရွက်ခဲ့ပြီး လေးလတာကာလအတွင်း ကုန်ပစ္စည်းတင်သွင်း/တင်ပို့သူများမှာ ဗီယင်နာကွန်ဗင်းရှင်းအရ သံတမန်အထူးအခွင့်အရေး ခံစားခွင့်မရှိသူများဖြစ်သော်လည်း သံတမန်အခွင့်အရေးကိုလွဲမှားစွာ တောင်းဆိုမှုများရှိနေကြောင်း အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“Private User တွေအနေနဲ့ ဖြည့်သွင်းရမယ့်အပိုင်းမှာ အမှားအယွင်းရှိနိုင်ပါတယ်။ ဒီစနစ်ကို စတင်ဆောင်ရွက်တဲ့ကာလဖြစ်နေလို့ပါ။ သံတမန်အခွင့်အရေးဆိုတာက ဗီယင်နာကွန်ဗင်းရှင်းအရ သံတမန်တွေကိုပေးတဲ့ အခွင့်အရေးဖြစ်ပါတယ်။ အခုဟာက သံတမန်မဟုတ်ဘဲ သံတမန်လို့ကြေညာပြီး ဖြည့်စွက်တောင်းဆိုနေတာဟာ အလွန်အန္တရာယ်များပါတယ်။ အခွန်ပေးဆောင်ရမယ့် ပုဂ္ဂိုလ်တစ်ဦးဟာ သံတမန်မဟုတ်ဘဲ သံတမန်လို့ Declaration လုပ်နေခြင်းဟာ မသမာတဲ့နည်းလမ်းနဲ့ အခွန်ကင်းလွတ်ခွင့်တောင်းဆိုလိုက်ခြင်းဖြစ်ပါတယ်။ သံတမန်အခွင့်အရေးအရ ဒီကုန်ပစ္စည်းကို ဖွင့်ဖောက်စစ်ဆေးခြင်းမှ ရှောင်ရှားတယ်လို့ သုံးသပ်နိုင်ပါတယ်။ တစ်ခါတလေ မှားယွင်းခြင်းမဟုတ်ဘဲ ကြိမ်ဖန်များစွာ မှားယွင်းဖြည့်စွက်နေတာ၊ တောင်းဆိုနေတာတွေ့ရပါတယ်။ ဒီလို ဆက်လက် လုပ်ဆောင်နေမယ်ဆိုရင် ဥပဒေအရ အရေးယူခံရဖွယ်ရှိပါတယ်” ဟု အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန်းက ကုန်သည်/စက်မှုအသင်းချုပ်၌ ပြုလုပ်သော Private User များ တွေ့ကြုံနေရသည့် အခက်အခဲများ ကူညီဖြေရှင်းပေးရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ယင်းကဲ့သို့ သံတမန်အခွင့်အရေးများကို မှားယွင်းစွာ ဖြည့်စွက်တောင်းဆိုနေမှုများကို ပြီးခဲ့သည့် ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် တွေ့ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်ပစ္စည်းတင်သွင်း/တင်ပို့သူများသည် ဗီယင်နာကွန်ဗင်းရှင်းအရ သံတမန်အခွင့်အရေးခံစားခွင့်မရှိသူများဖြစ်သော်လည်း သွင်းကုန်၊ ပို့ကုန်လုပ်ငန်း အပ်နှံခြင်းခံရသည့် Broker ၁၀၃ ဦးသည် သံတမန်ဟု မှားယွင်းကာ လေးလတာကာလအတွင်း Declaration ၅၂၆ စောင်ကို မှားယွင်းဖြည့်စွက်ခဲ့ကြောင်း၊ Broker တစ်ဦးတည်းပင်လျှင် ၁၀၇ စောင် မှားယွင်းဖြည့်စွက်ခဲ့ကြောင်း၊ အစောင် ၃၀၊ အစောင် ၂၀၊ ၁၀ စောင်အစရှိသဖြင့် မှားယွင်းသူများလည်းရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မန္တလေး လမ်း ၃၀ နှင့် ၇၄ လမ်းနေရာတွင် မီးပွိုင့်တပ်ဆင်ပေးရန်လိုအပ်

**မန္တလေး မတ် ၉**

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၏ အနီးရှိသော လမ်း ၃၀ နှင့် ၇၄ လမ်းဆုံသည့်နေရာသည် မြို့၏အချက် အချာကျသည့် မိန်းလမ်းမကြီးဖြစ်သည်။

လမ်း ၃၀ မှာ မြို့တွင်း၌ အရေးပါလှသည့် လမ်းမကြီးဖြစ်သည့်အလျောက် ပြည်သူ့ဆေးရုံကြီးနှင့် နီးကပ်လျက်ရှိနေသလို မန္တလေးဘူတာကြီးနှင့်လည်း သိပ်မဝေးလှပေ။ ကျုံးဘက်မှ ရတနာပုံဈေးဘက်သို့ ဖြတ်သန်းသွားလာနေသည့် ၇၄ လမ်းဆုံသည့် နေရာသည် ကားများ၊ ဆိုင်ကယ်များ နေ့စဉ်ရှုပ်ထွေးလျက်ရှိနေသည်။

ထို့ကြောင့် ယင်းလမ်းဆုံနေရာသည် ဘူတာကြီးသို့သွားလမ်းဖြစ်သလို အချက်အချာကျသော လမ်းမကြီးနှစ်သွယ်ဆုံသည့်နေရာဖြစ်သဖြင့် ယာဉ်ကြီးယာဉ်ငယ် အသွယ်သွယ်တို့ကို မောင်းနှင်သွားလာနေကြသူများမှာ နေ့စဉ်ကားများ၊ ဆိုင်ကယ်များက ရှုပ်ထွေးသည့်ကြားက သတိထားပြီး မောင်းနှင်နေကြရသည့်အတွက်ကြောင့် မီးပွိုင့်တစ်ခုတပ်ဆင်ထားရှိရန် လိုအပ်လျက်ရှိနေကြောင်း သိရသည်။ **သန်းမောင်လေး**

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax) စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်းမိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

**(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀ % |
| ၄။ | မလေးရှား | ၆ % |
| ၅။ | ဖိလစ်ပိုင် | ၁၂ % |
| ၆။ | စင်ကာပူ | ၇ % |
| ၇။ | ထိုင်း | ၇ % |
| ၈။ | ဗီယက်နမ် | ၁၀ % |

**(ကမ္ဘာ့နိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည် နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇ % |
| ၂။ | ပြင်သစ် | ၂၀ % |
| ၃။ | ဂျာမနီ | ၁၉ % |
| ၄။ | ဒိန်းမတ် | ၂၅ % |
| ၅။ | အိန္ဒိယ | ၁၄ % |
| ၆။ | ဂျပန် | ၈ % |
| ၇။ | နယူးဇီလန် | ၁၅ % |
| ၈။ | နော်ဝေ | ၂၅ % |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့်ဝန်ဆောင်မှုခွန် (Goods and Services Tax) ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅.၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www.kpmg.com/taxrates တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ် ၁၊ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မှဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto' Manual) နှစ်မျိုးလုံး သင်ကြားပေးသည်။

ဧပြီလ ပုံမှန်သင်တန်း ၂၈-၃-၂၀၁၇ ရက် ဖွင့်မည်။

ဧပြီလ အထူးသင်တန်း ၁-၄-၂၀၁၇ ရက် ဖွင့်မည်။

**ဆက်သွယ်ရန်** ဖုန်း- ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၃၁၅၆၆၇၂၅၊ ၀၉-၇၉၅၆၃၀၉၇၀

Ocean Super Market မဟာဗန္ဓုလတံတားအနီး

(လူဦးရေကန့်သတ်ထားသည်)

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း စက်မှုနယ်မြေ(သထုံ) (ယခင်ကော့စတစ်ဆိုဒါစက်ရုံ၊ သထုံ)ဧရိယာအတွင်း လုပ်ငန်းရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ အင်းရှည်ရွာအနီးရှိ စက်မှုနယ်မြေ(သထုံ)(ယခင်ကော့စတစ်ဆိုဒါစက်ရုံ၊ သထုံ)၏ စက်ရုံဧရိယာ ၄၁၇ဧကနှင့် ဝန်ထမ်းအိမ်ရာဧရိယာ ၂၆၁ဧက၊ စုစုပေါင်း ၆၇၈ဧကအတွင်း မည်သည့်စက်မှုလုပ်ငန်း အမျိုးအစားမဆိုဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအား ငှားရမ်း(သို့မဟုတ်)ဖက်စပ်စနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများသည် ဆောင်ရွက်လိုသည့်လုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်လိုသော စနစ်များဖော်ပြပါရှိသော အဆိုပြုလွှာမူကြမ်းအား ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၇-၄-၂၀၁၇ရက် ညနေ ၄ နာရီ(မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။

စက်မှုနယ်မြေ(သထုံ)ဆိုင်ရာ အခြေခံအချက်အလက်များအား အထက်ပါလိပ်စာတွင် ၈-၃-၂၀၁၇ရက်မှစ၍ ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိ၏အဆိုပြုလွှာများအား အောက်ဖော်ပြပါ ကုမ္ပဏီဆိုင်ရာ အထောက်အထားများယူဆောင်ပြသလျက် လူကိုယ်တိုင်လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

**ကုမ္ပဏီဆိုင်ရာ အထောက်အထား**

- **သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်**
- **ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း/စည်းကမ်း**
- **နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ(ပြည်တွင်းကုမ္ပဏီဖြစ်ခဲ့လျှင်) (အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း-၉၅၆၇၄၀၈၃၃၅၊ ၄၀၈၁၂၉၊ ၀၉-၄၂၅၂၆၉၆၉၀)**

## ဦးတင့်အောင်(ပျဉ်းမနား)-သလား မလား ပြီးပြီလား အင်္ဂလိပ်စာ-အင်္ဂလိပ်စကား တန်းခွဲများ ဘာသာပြန်လုပ်ငန်းနှင့် ဘာသာပြန်သင်တန်းများ

၈/၉၉၊ ရန်အောင်တည်းခိုခန်းအနီး၊ ရန်အောင်(၂)၊ ပျဉ်းမနားဘူတာအနောက်ဘက်၊ ပျဉ်းမနားမြို့ ဖုန်း-၀၉-၄၂၀၇၄၅၀၃၃

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် သက်တမ်းလွန်ပစ္စည်းများ ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုပုံနှိပ်စက်ရုံ၊ လမ်း(၄၀/၄၆)နှင့် ဂျီတီစီပုံနှိပ်စက်ရုံတို့မှ အောက်ပါသက်တမ်းလွန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

| | | | |
|---|---|---|---|
| (က) | ဗဟိုပုံနှိပ်စက်ရုံ လမ်း(၄၀/၄၆) | ပုံတိုက်(၁)ပုံ | ၁၁၉ မျိုး |
| (ခ) | ဂျီတီစီပုံနှိပ်စက်ရုံ | ပုံတိုက်(၂)ပုံ | ၁၁၉ မျိုး |
| | | | **၂၃၈ မျိုး** |

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၃-၂၀၁၇ရက်မှ ၁၃-၃-၂၀၁၇ရက်အထိ ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၃-၂၀၁၇ရက်မှ ၁၅-၃-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၀၂၀၇၀**

## ဈေးပြိုင်(အိတ်ပိတ်)လေလံခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်(အင်းလေးဒေသ)နိုင်ငံခြားသားခရီးသွားဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်(အိတ်ပိတ်)လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ လေလံတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၈-၃-၂၀၁၇ရက်မှ ၁၆-၃-၂၀၁၇ရက်ထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူရန်)

**လေလံဖွင့်မည့်ရက်** - ၂၀-၃-၂၀၁၇ရက်

**လေလံဖွင့်မည့်အချိန်** - နံနက် ၁၀နာရီ

**လေလံဖွင့်မည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ တောင်ကြီးမြို့

အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ဖုန်း-၀၈၁-၂၀၁၈၆၆သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် အငှားချထားဆောင်ရွက်ရန်အတွက် တင်ဒါများခေါ်ယူအပ်ပါသည်-

(က) မော်ဘီ၊ အင်းတိုင်၊ တည်းကုန်း၊ လှိုင်သာယာ၊ အင်းစိန်၊ ဖောင်ကြီး၊ ရွာသာကြီး လမ်းအသုံးပြုခ ကောက်ခံခြင်း

(ခ) သန်လျင်၊ ဒဂုံလမ်းအသုံးပြုခ ကောက်ခံခြင်း

(ဂ) လှော်ကားလမ်း [ထောက်ကြန့်လမ်းဆုံမှ အမှတ်(၄) တာဆုံလမ်းနှင့် အမှတ်(၄)လမ်းတာဆုံမှ ဝါးတစ်ရာစက်မှုဒေသအထိ] လမ်းအသုံးပြုခ ကောက်ခံခြင်း

(ဃ) သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံခြင်း (သန့်စင်ခန်းအပါအဝင်)

(င) သံသုမာယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခ ကောက်ခံခြင်း

(စ) နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခ ကောက်ခံခြင်း

(ဆ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ ကောက်ခံခြင်း

(ဇ) ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခ ကောက်ခံခြင်း

(ဈ) ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခ ကောက်ခံခြင်း

(ည) စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခ ကောက်ခံခြင်း

(ဋ) မင်းဓမ္မလမ်း(အခွန်ဌာနဆိုင်ခန်းဝင်း) ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခ ကောက်ခံခြင်း

(ဌ) ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခ ကောက်ခံခြင်း

(ဍ) ဒဂုံမြောက် ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်း ယာဉ်ဝင်ခ၊ လေ့ကျင့်ကြေး ကောက်ခံခြင်း

(ဎ) ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းရှိ ဆိပ်ကမ်းကပ်ခနှင့် ကုန်တင်ကုန်ချခွန်ကောက်ခံခြင်း

(ဏ) ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ နားနေဆောင် နားနေခ ကောက်ခံခြင်း

(တ) နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ယာယီပစ္စည်းစုပုံခွန်ကောက်ခံခြင်း

(ထ) ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ယာယီပစ္စည်းစုပုံခွန်ကောက်ခံခြင်း

(ဒ) ရေတွင်းချောင် ကူးတို့

(ဓ) ဒေးဗတ်-သရက်ပင်ချောင် ကူးတို့

(န) Sule Shangrila Building ရှိ အများဆိုင်သန့်စင်ခန်းဝင်ခ ကောက်ခံခြင်း

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဆယ်ထပ်ရုံး၊ ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ ဖုန်း-၀၉-၅၁၈၃၄၃၈၊ ၀၉-၅၀၅၄၂၉၁ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၃-၂၀၁၇ ရက် (သောကြာနေ့)

**တင်ဒါအရောင်းပိတ်မည့်ရက်** - ၂၀-၃-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၃း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**တင်ဒါဖွင့်မည့်နေ့ရက်** - ၂၁-၃-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ

**ချိပ်ပိတ်တင်ဒါ/လေလံတင်ရောင်းချရေးအဖွဲ့**

**မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ဃ/၆၄၆၇၃ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်နွယ်ဖြိုး ၁၀/ပမန(နိုင်)၁၈၉၇၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

# အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

**အကျုံးဝင်သည့်ဝင်ငွေများ။**

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု တစ်ရပ်ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ ပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့်ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ် (သို့မဟုတ်) လစဉ် ပုံသေ လုပ်ခ သို့မဟုတ် လစာ ရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ လစာဝင်ငွေသာဖြစ်သည်။

**အခွန်နှုန်း။** ၁-၄-၂၀၁၇ ရက်မှစတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဝင်ငွေအပေါ် အောက်ဖော်ပြပါအခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ မှ ကျပ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ ထိ ကျပ် | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

**စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

**ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များ နုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ-

- မတည် စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏စရိတ်နှင့် ရှေ့နေတစ်ဦး၏စရိတ် တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

**အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည်-

ဦးကျော်သည် ရုပ်ရှင် သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ်ငါးသိန်း ရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခကျပ် ၅၄၅သိန်းရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ်ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည် စရိတ်ကျပ် ၁၀သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန် မန်နေဂျာတစ်ဦး တစ်လ လေးသိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် တစ်သိန်း၊ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁၀၉ သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာ သရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅ သိန်း ရရှိသော်လည်း အသုံးစရိတ်များနုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆ သိန်း ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မိခင်ရှိပြီး သားသမီးနှစ်ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀တန်း ကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| သရုပ်ဆောင်ခ ဝင်ငွေစုစုပေါင်း | | | = | ၅၄၅၀၀၀၀၀ |
| (နုတ်)ကုန်ကျစရိတ် | | | | |
| ခရီးသွားလာစရိတ် | = | ၃၅၀၀၀၀၀ | | |
| အလှပြင်စရိတ် | = | ၁၅၀၀၀၀၀ | | |
| အဝတ်အထည်စရိတ် | = | ၁၀၀၀၀၀၀ | | |
| အထွေထွေစရိတ် | = | ၁၀၀၀၀၀ | | |
| မန်နေဂျာလစာ | = | ၄၈၀၀၀၀၀ | | |
| စုစုပေါင်း လုပ်ငန်းအတွက် ကုန်ကျစရိတ် | | | = | ၁၀၉၀၀၀၀၀ |
| အသားတင်ဝင်ငွေ | | | = | ၄၃၆၀၀၀၀၀ |
| **(နုတ်)သက်သာခွင့်များ** | | | | |
| (က) အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀% ဖြင့်) | = | ၈၇၂၀၀၀၀ | | |
| (ခ) အိမ်ထောင်ဖက်အတွက် | = | ၁၀၀၀၀၀၀ | | |
| (ဂ) အိမ်ထောင်သည်သားအတွက် | = | ခွင့်မပြု | | |
| (ဃ) ကျောင်းသူ သမီးအတွက် | = | ၅၀၀၀၀၀ | | |
| | = | | = | ၁၀၂၂၀၀၀၀ |
| **အခွန်စည်းကြပ်ရန်ဝင်ငွေ** | | | = | ၃၃၃၈၀၀၀၀ |
| **အခွန်တွက်ချက်ခြင်း** | | | | |
| ၁ ကျပ်မှ ၃၀၀၀၀၀၀၀ ထိ အဆင့်ဆင့်စုစုပေါင်း | | | = | ၄၁၅၀၀၀၀ |
| ၃၀၀၀၀၀၀၁ကျပ်မှ ၃၃၃၈၀၀၀၀ ထိ ကျန် ၃၃၈၀၀၀၀ အတွက် ၂၅% | | | = | ၈၄၅၀၀၀ |
| **စုစုပေါင်း ကျသင့်အခွန်** | | | = | ၄၉၉၅၀၀၀ |

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ကြိုတင်ဝင်ငွေခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

▲ တည်ဆဲဝင်ငွေခွန် ဥပဒေပုဒ်မ ၁၆-က အရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများကို ပြဋ္ဌာန်းထားရာ ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။

▲ ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည် ဖြစ်ပါသည်။

▲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက်အချိန်မီ ပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဥမ္မာအေး ၁၀/မဒန(နိုင်)၁၂၉၄၇၅ ၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးမြတ်တိုးအောင် ၉/ရမသ(နိုင်)၁၀၁၇၅၁ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၄၂၀၇၂၇၁၆၇**

# မြန်မာနိုင်ငံ ကုန်မာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းဖြစ်မြောက်ရေးအတွက် ဖိတ်ကြားခြင်း

ကျွန်တော်များ မြန်မာနိုင်ငံ ကုန်မာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းဖြစ်မြောက်ရေးကော်မတီမှ မြန်မာနိုင်ငံအသီးသီးရှိ အဆိုပါလုပ်ငန်းနှင့်ဆက်နွှယ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီအသင်းအဖွဲ့ လူပုဂ္ဂိုလ်တို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အထက်ပါလုပ်ငန်းရှင်များအသင်းကို မြန်မာနိုင်ငံဒေသအသီးသီး၌ ပြန့်ကြဲလုပ်ကိုင်ဆောင်ရွက်နေကြသော ကုမ္ပဏီအသင်းအဖွဲ့၊ လူပုဂ္ဂိုလ်တို့အနေဖြင့် မြန်မာနိုင်ငံ၏ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ အတူပါဝင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံကုန်မာလုပ်ငန်းရှင်များအသင်းကို မကြာမီတရားဝင်ဖွဲ့စည်းတော့မည်ဖြစ်ပါသည်။ လိုအပ်သည်များကို အကြံပြုနိုင်ပါရန်နှင့် အသင်းဝင်ရန် စိတ်ပါဝင်စားသူများ အစည်းအဝေးသို့တက်ရောက်ကြပါရန် ကျွန်တော်များ အသင်းဖြစ်မြောက်ရေး ကော်မတီမှ သက်ဆိုင်သူလုပ်ငန်းရှင်များသို့ ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတက်ရောက်မည့်သူများ အောက်ပါဖုန်းများသို့ ၁-၃-၂၀၁၇ ရက်မှစ၍ စာရင်းပေးသွင်းဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်။

**အသင်းဖြစ်မြောက်ရေးကော်မတီသို့**

| | | | |
|---|---|---|---|
| **ဆက်သွယ်ရန် ဖုန်းနံပါတ်များ** | - | ကိုမျိုးဆင့်အောင် | ဖုန်း-၀၉-၉၇၂၈၆၆၆၁၆ |
| | | မသီတာမွန် | ဖုန်း-၀၁-၃၉၇၃၈၈ |
| | | မအေးသူဝင်း | ဖုန်း-၀၁-၂၅၃၁၁၇ |
| | | မခင်စိုးဦး | ဖုန်း-၀၁-၃၇၆၀၃၀ |
| **အစည်းအဝေးကျင်းပမည့်ရက်** | - | ၃-၄-၂၀၁၇ ရက် (တနင်္လာနေ့) | |
| **အစည်းအဝေးကျင်းပမည့်အချိန်** | - | မွန်းလွဲ ၁း၀၀ နာရီ | |
| **အစည်းအဝေးကျင်းပမည့်နေရာ** | - | UMFCCI Tranining Room မြေညီထပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | |

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/9360 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

